၂၀၂၄ ခုနှစ်၊ ဇူလိုင်လ

PDF Compressor Free Version

# သစ်တောကြေးမုံ



သစ်ပင်လေးတွေ စိုက်ကြမယ်၊
တို့ကမ္ဘာလေး လှဖို့ကွယ်။

PDF Compressor Free Version

# မာတိကာ


### မျက်နှာဖုံး

✧ သစ်ပင်လေးတွေ စိုက်ကြမယ်၊ တို့ကမ္ဘာလေး လှဖို့ကွယ် — မျက်နှာဖုံး

### ခေါင်းကြီး

✧ သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့ — ၁

### သတင်းများကဏ္ဍ

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂–၆

### သစ်တောလုပ်ငန်းကဏ္ဍ

✧ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေး - **ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)** — ၁၄–၁၆၊ ၂၄

✧ သစ်တောများပြန်လည်တည်ထောင်ခြင်း သင်တန်းအတွေ့အကြုံများ (၃).... - **သိုက်ဝင်းထွန်း** — ၂၅–၂၈၊ ၃၀

✧ ပြောင်းလဲလာသော အုပ်ချုပ်ရေးခရိုင်များနှင့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း - **မြင့်သိန်းဦး(ဒု-ညွှန်မှူး၊ စီမံကိန်း) နှင့်အဖွဲ့** — ၃၁–၃၃

✧ စိုက်ပင်လေးတွေလန်းစေဖို့ စုပ်စားပိုးအန္တရာယ် ကာကွယ်စို့ - **ဒေါက်တာ သန့်ရှင်း၊ ဒေါ်အေမီအောင်** — ၃၄–၃၅

✧ အစုအဖွဲ့ပိုင်သစ်တောအကြောင်း သိကောင်းစရာ(၂) - **CF Unit** — ၄၄–၄၅

### အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ

✧ သစ်တောဌာနစတင်တည်ထောင်ခြင်း - **ဝင်းချစ်(အမျိုးသားစာပေဆုရ)** — ၇–၉

✧ မိုးတားမောင်မောင် - **အုန်းလွင်လေး** — ၃၆–၃၉

### ဘဝတစ်ကွေ့ကဏ္ဍ

✧ အဆင်းခက်ခက် အတက်ကြမ်းကြမ်း - **အောင်ခင်(သစ်တော)** — ၂၁–၂၄

✧ သစ်တောစိုက်ခင်းသမားတစ်ယောက်ရဲ့ဘဝအစိတ်အပိုင်းများ(၁၀) - **အောင်ကျော်စိုး (ဂ၃)** — ၄၇–၄၉

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

✧ အကျိုးကျေးဇူးမျိုးစုံရရှိဖို့ စိုက်ပျိုးပြုစုထိန်းသိမ်းစို့ – **ဒေါက်တာ သောင်းနိုင်ဦး** — ၁၇–၂၀

✧ ရေဝပ်ဒေသများနှင့် အနာဂတ်ထိန်းသိမ်းရေး – **စိန်ထွန်း (ဝန်းကျင်/သားငှက်)** — ၄၀–၄၃

### ကဗျာ / ကာတွန်းကဏ္ဍ

✧ အစိမ်းရောင်ပန်းတိုင်သို့ (ကဗျာ) - **မင်းဇာနည်(အောင်လံ)** — ၄၆

### အင်္ဂလိပ်ကဏ္ဍ

✧ An Old Forest Looks Back.(26)- **U Sein Thet** — ၂၉–၃၀

### နောက်ကျောဖုံး

✧ အံ့သြဖွယ် သစ်ပင်ကြီးများအကြောင်း - **ဦးဟုတ်လင်း** — ၁၀–၁၃, နောက်ကျောဖုံး



**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးစိုးမြင့်သိန်း
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ–၀၀၄၀၀)

**စာတည်း**

ဦးနိုင်ညွှန့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးမင်းလင်းနိုင် လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)
ဦးချမ်းမြေ့အောင်(၁) ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ–၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ–၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်
ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
fdextension39@gmail.com

PDF Compressor Free Version

## သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

အနောက်တောင် မုတ်သုံလေနှင့်အတူ ရွာသွန်းလာသော မိုးရေစက်များကြောင့် မြေဆီလွှာအစိုဓါတ်လုံလောက်စွာရရှိလာသဖြင့် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် သစ်ပင်စိုက်ပျိုးပွဲတော်များကို ကျယ်ပြန့်စွာကျင်းပပြုလုပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၏အကျိုးဆက်များကို ကြုံတွေ့ခံစားနေကြရပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များကြောင့် ထိခိုက်နိုင်ခြေမြင့်မားသော စာရင်းတွင်ပါဝင်နေပါသည်။ ၂၈-၄-၂၀၂၄ ရက်နေ့တွင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ချောက်မြို့နယ်၌ နေ့အပူချိန်မှာ (၄၈.၂) ဒီဂရီဆဲလ်စီးယက်စ်ဖြင့် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်ခဲ့ပြီး နိုင်ငံ အနှံ့အပြားတွင်လည်း နေ့အပူချိန်မြင့်မားမှုဒဏ်ကို အလူးအလဲခံစားခဲ့ရပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုသည် ကျွန်ုပ်တို့ သက်ရှိလောက ရှင်သန်ရပ်တည်ရေးကို ခြိမ်းခြောက်လာနေပြီဖြစ်ရာ ရာသီဥတုပြောင်းလဲမှုလျော့ချရေးကို ကျွန်ုပ်တို့အားလုံးက နိုးကြားသော အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အထူးလိုအပ်ပါသည်။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်လာစေသော အကြောင်းအရင်းများအနက် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လွှတ်မှု များပြားလာခြင်းမှာ အဓိကကျသော အကြောင်းရင်းတစ်ရပ်ဖြစ်ပါသည်။ သစ်ပင်များမှာ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကိုစုပ်ယူပြီး လေထုအတွင်း အောက်ဆီဂျင်ကို ပြန်လည်ထုတ်လွှတ်ပေးသဖြင့် သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းအားဖြင့် ရာသီဥတုပြောင်းလဲမှုကိုလည်း လျော့ကျလာစေမည်ဖြစ်ပါသည်။

သစ်တောသစ်ပင်များတည်ရှိခြင်းကြောင့် ရာသီဥတုသမမျှတစေသည့်အပြင် မြေဆီလွှာတိုက်စားမှု လျော့ပါးသက်သာစေခြင်း၊ သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးစုံမျိုးကွဲများအတွက် မှီခိုရာရရှိစေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ခြင်း၊ ဂေဟစနစ်များ ညီညွတ်မျှတစေခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကိုလည်းရရှိစေနိုင်ပါသည်။ လူမှုစီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးအနေဖြင့် လူတို့အသုံးပြုရန် သစ်နှင့် သစ်တောထွက်ပစ္စည်းများကို ရရှိစေပါသည်။ သစ်တောဦးစီးဌာနအနေဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသလို သစ်ပင်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပြည်သူလူထုပူးပေါင်း ပါဝင်ဆောင်ရွက်လာနိုင်စေရန်အတွက် နှစ်စဉ်မိုးရာသီရောက်တိုင်း သစ်ပင်စိုက်ပျိုးပွဲတော်များကျင်းပပြုလုပ်ခြင်း၊ ပြည်သူလူထုထံသို့ သစ်တောပျိုးပင်များ အခမဲ့ဖြန့်ဝေစိုက်ပျိုးစေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယခုနှစ် မိုးရာသီတွင် သစ်တောစိုက်ခင်းအပါအဝင် တစ်နိုင်ငံလုံးတွင် သစ်ပင်ပေါင်း ၂၂.၃၃၂ သန်း စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်နေပါသည်။ ထို့အပြင် ကျောင်းသားလူငယ်မှအစပြု၍ ပြည်သူလူထုအတွင်း ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် အကျိုးသက်ရောက်မှုများ၊ သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးကို သိရှိနားလည်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်လာကြစေရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအသိပညာပေး ဟောပြောပွဲများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ သက်ရှိလောကတည်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးအနေဖြင့် သစ်ပင်စိုက်ပျိုးရန်အထူးကောင်းမွန်သည့် ယခုလို မိုးရာသီကာလတွင် သစ်တောဦးစီးဌာနနှင့်အတူဝိုင်းဝန်း၍ သစ်ပင်စိုက်ပျိုးပေးကြပါရန်နှင့် မိမိစိုက်ပျိုးထားသောသစ်ပင်များ ရှင်သန်အောင်မြင်ရေးအတွက် ပေါင်းရှင်းခြင်း၊ ခါးဆွမြေတောင်မြှောက်ခြင်း၊ မြေအစိုဓါတ်ထိန်းသိမ်းခြင်း၊ မြေဩဇာကျွေးခြင်း၊ ကျွဲနွားဖျက်ဆီးမှုမှ ကာကွယ်ခြင်း၊ နွေရာသီမီးကာကွယ်ခြင်းစသည့် ရာသီအလိုက်ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြပါရန် တိုက်တွန်းရေးသားအပ်ပါသည်။

### သစ်တောမူဝါဒ (၆)ချက်

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

# သတင်းများကဏ္ဍ

PDF Compressor Free Version

## ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပခြင်း



ပြည်ထောင်စုနယ်မြေ နေပြည်တော်၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို (၄-၆-၂၀၂၄)ရက်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်ရှိ Naypyitaw State Academy ပရိဝုဏ်အတွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ Naypyitaw State Academy မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ခရေပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများနှင့် Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကထိက ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများသည် ပျိုးပင်များကို တစ်ပြိုင်တည်းစိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်လာကြသူများက ပျိုးပင်များအား တပျော်တပါးစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ပိတောက်စသည့်သစ်မျိုး(၆)မျိုး၊ အပင် (၁၀၃၀)ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။



## စီမံအုပ်ချုပ်မှုဆိုင်ရာထိရောက်မှု ဆန်းစစ်ခြင်းနည်းစနစ် (Management Effectiveness Tracking Tool-METT) အား အသုံးပြု၍ သဘာဝထိန်းသိမ်းရေးနယ်မြေ စီမံအုပ်ချုပ်မှုဆိုင်ရာ အစီရင်ခံစာရေးသားခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း

PDF Compressor Free Version



စီမံအုပ်ချုပ်မှုဆိုင်ရာထိရောက်မှု ဆန်းစစ်ခြင်းနည်းစနစ် (Management Effectiveness Tracking Tool-METT) အားအသုံးပြု၍ သဘာဝထိန်းသိမ်းရေးနယ်မြေစီမံအုပ်ချုပ်မှုဆိုင်ရာ အစီရင်ခံစာရေးသားခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို သစ်တောသုတေသနစုဝေးခန်းမ ရေဆင်း၊ နေပြည်တော်၌ ကျင်းပပြုလုပ်ရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။ ညွှန်ကြားရေးမှူးချုပ်က ယခုသင်တန်းသည် သစ်တောဦးစီးဌာနနှင့် အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနတို့ MOU လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသော အာဆီယံအမွေအနှစ်ဥယျာဉ်များအတွက် အသေးစားရန်ပုံငွေ ထောက်ပံ့မှုအစီအစဉ် (Small Grant Programme- SGP) အောက်မှ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ရန် သဘောတူထားသောလုပ်ငန်းစီမံကိန်း (၅)ခုအနက် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း သင်တန်းကာလအတွင်း Management Effectiveness Tracking Tool (METT) Version 4 ကိုအသုံးပြုပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများအုပ်ချုပ်လုပ်ကိုင်မှုထိရောက်မှုအပေါ် ဆန်းစစ်ပြီး အစီရင်ခံစာရေးသားသွားကြရမှာဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်သောသင်တန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေတွင် တာဝန်ထမ်းဆောင်နေသော အုပ်ချုပ်ရေးမှူးများနှင့် ထိန်းသိမ်းရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်ပါကြောင်းနှင့် သင်တန်းသားများအနေနှင့် သင်တန်းချိန်ကာလအတွင်း စနစ်တကျလေ့လာသင်ယူပြီး လက်တွေ့အသုံးပြုနိုင်သည်အထိ ရည်ရွယ်သင်ယူသွားကြရန် ပြောကြားခဲ့ပါသည်။

ဖွင့်ပွဲအခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ (၁၀-၅-၂၀၂၄) မှ (၁၄-၆-၂၀၂၄) ရက်နေ့အထိဖြစ်ပြီး သင်တန်းသို့ သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းစုစုပေါင်း (၂၂) ဦး တက်ရောက်ခဲ့ကြပါသည်။

---

## (၂၀၂၄-၂၀၂၅)ဘဏ္ဍာနှစ် ဇွန်လတွင် ကြိုးပြင်ကာကွယ်တော(၃)ခု ( ၄၄၆၀.၅၈ )ဧက သတ်မှတ်နိုင်ခဲ့ခြင်း

**ရှန်းတောင်ကြိုးပြင်ကာကွယ်တော**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ်အတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၅၁၇)ဧကရှိသောနယ်မြေကို **ရှန်းတောင်ကြိုးပြင်ကာကွယ်တော**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်)မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး



ဝန်ကြီးဌာနသည် ဟားခါးမြို့၏ အဓိကတည်နေရာ ရေရှည် တည်တံ့ခိုင်မြဲစေရန်နှင့်တားမြစ်သစ်ပင်ဖြစ်သည့် ထင်းရှူးပင်နှင့် ဒေသမျိုးရင်းသစ်မျိုးများရေရှည်တည်တံ့အောင်ထိန်းသိမ်းကာကွယ်နိုင်ရန်၊ တရားမဝင်သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်းမှတားဆီးကာကွယ်နိုင်ရန်၊ တရားမဝင်အမဲလိုက်ခြင်းအား ကာကွယ်တားဆီးနိုင်ရန်၊ မြေပြိုတိုက်စားခြင်းနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန်၊ ရာသီဥတုသာယာမျှတစေပြီးစိမ့်စမ်းရေထွက်များအား ထိန်းသိမ်းကာကွယ်ရန်နှင့်သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

PDF Compressor Free Version

ရှန်းတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်းပေါက်ရောက်လျက်ရှိသော တားမြစ်သစ်ပင်ဖြစ်သည့်ထင်းရှူးပင်နှင့် ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ထင်းရှူးပင်၊ ချယ်ရီပင်၊ တောင်ဇလပ်ပင်၊ ဝက်သစ်ချပင်၊ သစ်အယ်ပင်၊ မိုင်းဘောပင်၊ ကရဝေးပင်နှင့် သစ်ကြားပင် စသည်တို့အား ထိန်းသိမ်းနိုင်မည့်အပြင် သဘာဝပန်းအလှပင်များ၊ ချိုချဉ်သစ်ခွ၊ နှခါသစ်ခွ၊ ငါးရိုးသစ်ခွ စသည့်သစ်ခွမျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဟားခါးမြို့သောက်သုံးရေရရှိရေးအတွက် အထောက်အကူဖြစ်စေသည့် စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

---

## ကေလာသတောင် ကြိုးပြင်ကာကွယ်တော





ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း (၁,၂၀၆) ဧကရှိသောနယ်မြေကို **ကေလာသတောင် ကြိုးပြင်ကာကွယ်တော**အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်) မှ စ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် သဘာဝဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝမှုကို ထိန်းသိမ်းရန်၊ တားမြစ်သစ်ပင်များနှင့်အခြားသစ်မျိုးများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ကေလာသတောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် တန်ဖိုးရှိသစ်မျိုးများဖြစ်သည့် အင်ကြင်း၊ ပျဉ်း ကတိုး၊ ထောက်ကြံ့၊ ပိတောက်၊ တမလန်းပင်များနှင့်အခြားဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ယမနေ၊ ဒဟတ်၊ မျောက်ချော၊ သပြေ စသည့်တို့အား ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ရှားပါးမျိုး စိတ်ဖြစ်သော မျောက်ညိုနှင့် နေထိုင်ကျက်စားလျက်ရှိသော ဂျီ၊ ဆတ်၊ ဝက်၊ မျောက်နီ၊ တောကြောင်၊ တောကြက်၊ ဒေါင်းနှင့်ငှက်အမျိုးမျိုး စသည့်တောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းနိုင်ခြင်း၊ အဆိုပါတိရစ္ဆာန်များ၏ နေရင်းဒေသများ တိုးပွားလာမည်ဖြစ်ခြင်းနှင့် မြို့ကြီးတောရကျောင်းရှိ သာသနာပြုရဟန်း/ သံဃာများနှင့် မြို့ကြီးကျေးရွာသူ/ ရွာသားများအတွက် အသုံးပြုသည့် ရေထွက်ဧရိယာအား ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

## သရက်တောင် ဒီရေတောကြိုးပြင်ကာကွယ်တော

PDF Compressor Free Version





တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆၀၁.၆) ဧကရှိသောနယ်မြေကို **သရက်တောင်ကြီးဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၇/၂၀၂၄)အရ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်(၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ် ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသော ရေသယံဇာတများစဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ်စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

သရက်တောင်ကြီး ဒီရေတောကြိုးပြင် ကာကွယ်တော သတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိကသစ်မျိုးများဖြစ်သည့် ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ ကနစို၊ သမဲ့ကြီး၊ ကျနဲ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ သမဲ့ဖြူနှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ကြက်တူရွေး၊ သိန်း၊ ရေကြီးကန်း စသည့်ငှက်မျိုးများ၏ နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန် ပေါက်ဖွားရာဂေဟစနစ်ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့်ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

---

## ငါ့လင်းပုတ် ကြိုးပြင်ကာကွယ်တော အပိုင်း(၁)




မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းကျရောက်နေသည့်ဧရိယာအကျယ်အဝန်း(၇၂၇. ၉၁) ဧကရှိသောနယ်မြေကို **ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တော အပိုင်း(၁)** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ဝရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများ တားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၁) သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့်ဖျောက်ဆိတ်၊ ယင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခါ၊ ချိုး၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမို ကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

## ငါ့လင်းပုတ် ကြိုးပြင်ကာကွယ်တော အပိုင်း(၂)

PDF Compressor Free Version




မန္တလေးတိုင်းဒေသကြီး၊ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်း ကျရောက်နေသည့်ဧရိယာအကျယ်အဝန်း (၄၀၈.၀၇) ဧကရှိသောနယ်မြေကို ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၂) အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၉/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသဖြစ်သော ပုဂံညောင်ဦးဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုလျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများတားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်ပါသည်။

ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၂) သတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသောဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ဖျောက်ဆိတ်၊ ယင်းမာ၊ ထနောင်း၊ ရှား၊ ကျွန်းဖို၊ တမာ၊ ဒဟတ် စသည့်သစ်မျိုးများအားထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ခါ၊ ချိုး၊ တော ကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအားထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးအတွက် အထောက်အကူပြုခြင်း၊ မြေဆီလွှာတိုးတက်ကောင်းမွန်လာခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတု ပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

---

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၃-၆-၂၀၂၄) ရက်မှ (၉-၆-၂၀၂၄) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း(၂၅.၅၉၂၄)တန်၊ သစ်မာ (၂.၂၉၆၈)တန်၊ အခြား(၅၅.၉၁၀၆)တန်၊ စုစုပေါင်း (၈၃.၇၉၉၈)တန်၊ ယာဉ်/ယန္တရား(၈)စီး၊ တရားခံ(၂၃)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၇-၆-၂၀၂၄ ရက်နေ့၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ်၊ ဒလန့်ချွန်ဘိနယ်၊ ဒလန့်ချွန်ကျေးရွာ အဝင်လမ်းဘေး/ ရွာအဝင်လမ်း၏ မြောက်ဘက်နေရာ/ ဒလန့်ချွန်ကျေးရွာနေ ဒေါ်ဆန်းဝင်း၏နေအိမ်ဝင်းအတွင်း/ ရွာဘုန်းကြီးကျောင်း ဘုရားစေတီမြောက်ဘက်/ ဒလန့်ချွန်ကျေးရွာ-ရေပူသွားလှည်းလမ်းဘေး/ဒလန့်ချွန်ကျေးရွာ ရထားသံလမ်းဘေးရှိ အဆောက်အဦဟောင်းတစ်ခုအတွင်း/ရွာမြောက်ဘက်ရှိ လယ်ကွင်းများအနီးတို့မှ တရားမဝင် ကျွန်း/ ပျဉ်းကတိုး/ နဘဲ/ သံသေ/ ချဉ်ယုတ် သစ်လုံး/ ခွဲသား/လုံးပတ်၃ပေအောက်သစ် စုစုပေါင်း (၁၃၂၆)လုံး/ ချောင်း (၄၃.၉၉၉၈)တန်၊ အင်ဂျင် (၅)လုံးနှင့်ဆက်စပ်ပစ္စည်းများ၊ တရားခံ(၁)ဦး ဖမ်းဆီးရမိခဲ့ပါသည်။



# သစ်တောဌာန စတင်တည်ထောင်ခြင်း

PDF Compressor Free Version



**ဝင်းချစ် (အမျိုးသားစာပေဆုရ)**

မြန်မာမင်းများလက်ထက်ကသစ်တောဝန်၊ သစ်ခေါင်းကဲ့သို့သောသစ်တောမှုထမ်းများကို ခန့်အပ်ခဲ့ပါသည်။ အစောဆုံးအထောက်အထားအဖြစ် ဆင်ဖြူရှင်မင်း (နန်းသက် –ခရစ်နှစ် ၁၇၆၃ မှ ၁၇၇၆) လက်ထက်က သွေးသောက်အမျိုးမျိုးဖွဲ့ခဲ့ရာ၌ – ဝန်ထောက်နေမျိုး သီရိဇေယျနော်ရထာ၊.... နေမျိုးသင်္ခယာ**သစ်တောဝန် ဥတ္တမကျော်စွာ**၊အရည်တူ ဒူးနေရာနေ လူပေါင်းနှစ်ဆယ့်လေးကို နေမျိုးသင်္ခယာသွေးသောက်ကြီးခန့်၍ လေးဆယ်တော် နေမျိုးသင်္ခယာသွေးသောက်ဖွဲ့တော်မူသည်။' ဟု ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး – ပထမတွဲတွင် ဖော်ပြထားသည်ကိုတွေ့ရှိရပါသည် (စာမျက်နှာ ၂၆၉)။

ထို့ပြင်မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ် ခေါ်သော အမိန့်တော်တမ်းကြီးစာအုပ်မှ အခွန်တော်အမျိုးအမည်များအတွက် အကျဉ်းချုပ်ဖော်ပြချက်ခေါင်းစဉ်အောက်တွင် –'**သစ်တောဝန်**များမှာလည်း အဝေးနယ်တွင်တစ်မျိုး၊ ရာဇဌာနီတွင်တစ်မျိုး ခွဲခြားခန့်ထားသည်။ ...သစ်တောပေါများသောနယ်များမှာ မြို့ရွာအုပ်ချုပ်သောအရာရှိကို သစ်တောဝန်အရာနှင့်တွဲဖက်ခန့်ထားလေ့ရှိသည်။ ဥပမာ ဆိုသော် အင်ထောက်သာငါးမြို့ဝင်ကို မူးသစ်တောဝန်ခန့်လည်းခန့်လေ့ရှိသည်။' ဟု ဖော်ပြထားပါသည်။ (စာ – ၅၆၁၊ ၅၆၂)

၎င်းပြင် မင်းတုန်းမင်းလက်ထက် (နန်းသက် – ခရစ်နှစ် ၁၈၅၃ မှ ၁၈၇၈) တွင်လည်း မာဘီခေါ် ဂျာမန်ဆရာဝန်ကြီးကို သစ်တောပညာရှင်၊ သစ်တောဝန်အဖြစ်ခန့်အပ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်မှာ မြန်မာမင်း၏ ပထမဦးဆုံးသောနိုင်ငံခြားသားသစ်တောဝန်ပင်ဖြစ်ပါသည်။ အောက်မြန်မာပြည်တွင် ကိုလိုနီအစိုးရက ခန့်အပ်ထားသော ဂျာမန်သစ်တောပညာရှင် ဒေါက်တာဘရန်းဒစ် ရှိခဲ့သကဲ့သို့ မင်းတုန်းမင်းကအားကျမခံ သစ်ထုတ်လုပ်ငန်းကို လုပ်ကိုင်ခဲ့ဟန်ရှိပါသည်ဟု ဖော်ပြထားပါသည်။ (မြန်မာ့သစ်တောနှင့်မြန်မာ့လူမှုအဖွဲ့အစည်း၊ စာ – ၈၃)

သီပေါမင်းလက်ထက် (နန်းသက် – ခရစ်နှစ် ၁၈၇၈ မှ ၁၈၈၅) တွင်ဖြစ်ပေါ်ခဲ့သည့် ဘုံဘေဘားမားသစ်ကုမ္ပဏီအမှုနှင့်စပ်လျဉ်း၍ မြန်မာ့လွှတ်တော်၏စီရင်ချက်တွင် – 'တောင်ငူနေ **သစ်ခေါင်း** ကျောက်မော်မြို့စာရေး ငပို၊ လယ်မားမြို့အုပ် ငရွှေမောင်၊ လယ်မားမြို့သူကြီး ငပေါက်၊....။....ဆက်လက်စစ်မေးသောအခါ **သစ်ခေါင်း** တို့က သစ်တောရုံးမှတ်တမ်းတို့၌ ထု၊ လွှာ၊ ရပ် ဟူ၍ သစ်သုံးမျိုးကိုသာပြသည်။ .... ဟု ဖော်ပြထားပါသည်။ (ကုန်းဘောင်ခေတ်မဟာရာဇဝင်တော်ကြီး၊ တတိယတွဲ။ စာ – ၄၉၇ မှ ၄၉၉ )

သို့ရာတွင် **မြန်မာမင်းများလက်ထက်က သစ်တောဌာနဟူ၍ တစ်သီးတခြားမရှိခဲ့ပါ။** ဥပဒေမှတ်စာဌာန၊ ဥပဒေပြုဌာန၊ သာသနာပညာဌာန၊ စစ်ဖက်ဌာန၊ တရားရာဇဝတ်ဌာန၊ အကောက်အခွန်ဌာန၊ လယ်ယာဌာန၊ အလုပ်ဌာန၊ စာပေးစာယူဌာနနှင့် ပုရိသမေဓဌာနဟုခေါ်ဆိုသည့်ဌာနကြီး ၁၀ ခုသာရှိခဲ့ပါသည်။ ဥပဒေပြုဌာနကို သီပေါမင်းလက်ထက်ကျမှသာ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ (မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး၊ စာ – ၄၇၉ မှ ၅၁၄)

ဘကြီးတော်မင်းလက်ထက် (နန်းသက် – ခရစ်နှစ် ၁၈၁၉ မှ ၁၈၃၇) တွင်ဖြစ်ပွားခဲ့သော အင်္ဂလိပ်မြန်မာပထမစစ်( ၁၈၂၄ မှ ၁၈၂၆) ပြီးဆုံးသည့်နောက် ၁၈၂၆ ခုနှစ်တွင်ချုပ်ဆိုခဲ့သောရန္တပိုစာချုပ်အရ မြန်မာကပင်လယ်ကမ်းရိုးတန်းဒေသဖြစ်သည့် ရခိုင်နှင့်တနင်္သာရီတို့ကိုပေးအပ်ခဲ့ရသည်။ ထိုအချိန်မှအစပြု၍ ယင်းဒေသများမှ သစ်တောများကို အင်္ဂလိပ်များအုပ်စိုးလာခဲ့သည်။

သစ်တောဟုဆိုခြင်းထက် အဖိုးတန်မြန်မာ့ကျွန်းကို အုပ်စိုးလာခဲ့သည်ဆိုက ပိုမှန်ကန်ပါသည်။

PDF Compressor Free Version

အင်္ဂလိပ်တို့က ပထမဦးဆုံးနေဖြင့်မြန်မာ့သစ်တောများမှ စီးပွားဖြစ်သစ်များထုတ်လုပ်၍ အိန္ဒိယသို့တင်ပို့ရန် ဖြစ်နိုင်ခြေရှိ၊ မရှိလေ့လာရန်အတွက် ၁၈၂၆ ခုနှစ်တွင် ကလကတ္တားမြို့ရှိ ရုက္ခဗေဒဥယျာဉ်မှ ဥယျာဉ်မှူး ဆရာဝန်ဒေါက်တာဝေါလစ်ချ် (Dr. Nathaniel Wallich, 1786 - 1854) အားမော်လမြိုင်သို့စေလွှတ်ခဲ့သည်။ ထိုပုဂ္ဂိုလ်သည် ၁၈၂၇ ခုနှစ်၊ မတ်လမှမေလအထိ သံလွင်မြစ်နှင့် အတ္တရံမြစ်များ၏ကမ်းဘေးဝဲ၊ ယာရှိသစ်တောများအားလေ့လာခဲ့ပြီးအရေးကြီးသည့်အချက် (၇) ချက်ပါသည့် အစီရင်ခံစာတစ်စောင်ကို သက်ဆိုင်ရာသို့တင်ပြခဲ့သည်။ ယင်းအစီရင်ခံစာတွင် – မြန်မာ့ကျွန်းသည် အိန္ဒိယ၊ မလာဘာကျွန်းနှင့် ဂျာဗားကျွန်းများထက်ပိုကောင်းကြောင်း၊ တနင်္သာရီမှ သစ်တောများသည် ပြိုင်စံရှားကြောင်း၊ အရွယ်ရောက်ပြီးကျွန်းပင်များနှင့် အရွယ်လွန်ကျွန်းပင်များကိုထုတ်ယူရန်၊ ကျွန်းပင်များကို အစိုးရခွင့်ပြုချက်မရှိဘဲ မခုတ်လှဲစေရန်၊ ကျွန်းတောများကို အချိန်မီထိန်းသိမ်းရန်နှင့် သစ်တောစိုက်ခင်းများတည်ထောင်ရန်ဆိုသည့်အချက်များ ပါဝင်ခဲ့သည်။

၁၈၃၆ ခုနှစ်တွင်အင်္ဂလိပ်အစိုးရသည် တနင်္သာရီသစ်တောများ၏ ပကတိအခြေအနေကိုသိရှိရန်အတွက် အိန္ဒိယရုက္ခဗေဒဥယျာဉ်၏ အကြီးအကဲဆရာဝန်ဒေါက်တာဟဲ့လ်ဖာ (Dr. Johan Wilhelm Helfer, 1810 - 1840) အားစေလွှတ်ခဲ့သည်။

၁၈၄၀ ပြည့်နှစ်တွင် အင်္ဂလိပ်အစိုးရက ဆောက်လုပ်ရေးဌာနမှ ဗိုလ်ကြီး ထရီးမင်းဟီးယား (Captain Tremenheere,1761-1855)အား **သစ်တောဝန်ထောက်** အဖြစ်ပူးတွဲခန့်ထားပြီး တနင်္သာရီသို့စေလွှတ်ခဲ့သည်။ ၎င်းသည် မြန်မာပြည်တွင် အင်္ဂလိပ်များခန့်အပ်ခဲ့သည့် ပထမဦးဆုံး သစ်တောအရာရှိဖြစ်သည်။

ဒုတိယမြောက်ခန့်အပ်ခဲ့သည့် **သစ်တောဝန်ထောက်**သည် ဒေါက်တာ မက္ကလဲလင်း (Dr.Mc. Clelland, 1805 - 1883) ဖြစ်သည်။

ပုဂံမင်း(နန်းသက် – ခရစ်နှစ် ၁၈၄၆ မှ ၁၈၅၃) လက်ထက်တွင် ဖြစ်ပွားခဲ့သော အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲ (၁၈၅၂ ဧပြီမှ ၁၈၅၃ ဇန္နဝါရီ)ပြီးဆုံးသည့်နောက်၊ ခရစ်နှစ် ၁၈၅၃ ခုနှစ်တွင် ပဲခူးတိုင်းကိုအင်္ဂလိပ်လက်သို့ အပ်လိုက်ရသည်။ ၁၈၅၆ ခုနှစ်တွင်ဗြိတိသျှအစိုးရက မြန်မာနိုင်ငံရှိသစ်တောများကိုအုပ်ချုပ်ရန် ရုက္ခဗေဒပညာရှင်မှ သစ်တောပညာရှင်ဖြစ်လာသူ ဂျာမန်လူမျိုးဒေါက်တာဒိုင်းထရစ်ချ်ဘရန်းဒစ် (Dr.Deitrich Brandis, 1824 - 1907)အား ပဲခူးတိုင်းသစ်တောကြီးကြပ်ရေးမှူး (Pegu's Supretendent of Forests) အဖြစ်ခန့်အပ်ခဲ့သည်။ ဒေါက်တာဘရန်းဒစ်သည် မြန်မာနိုင်ငံသို့ ၁၈၅၆ ခုနှစ် ဇန္နဝါရီလဆန်းပိုင်းတွင် ရောက်ရှိခဲ့ပြီး သစ်တောဌာနကို စနစ်တကျစတင်ဖွဲ့စည်းခဲ့သည်။ (ထို့ကြောင့် လာမည့် ၂၀၂၆ ခုနှစ်သည် သစ်တောဌာန၏ နှစ် ၁၇၀ မြောက်ဖြစ်ပါသည်။) သစ်တောဌာနစတင်တည်ထောင်ခြင်းနှင့်အတူ စည်းမျဉ်းများနှင့်သစ်တောဥပဒေလည်း ထွက်ပေါ်လာခဲ့သဖြင့် သစ်တောဌာနသည်အခိုင်အမာရပ်တည်နိုင်လာခဲ့သည်။

**အထူးသိရှိထားသင့်သည့်အချက်မှာ –ဒေါက်တာ ဘရန်းဒစ်မတိုင်မီက တာဝန်ထမ်းဆောင်ခဲ့ကြသော ဗိုလ်ကြီးထရီးမင်းဟီးယားနှင့် ဒေါက်တာမက္ကလဲလင်းတို့အား သစ်တောဝန်ထောက်များအဖြစ်ခန့်ထားခဲ့သော်လည်း ထိုကာလက သစ်တောဌာနဟူ၍ မရှိခဲ့သေးပါ။** ၎င်းတို့သည် ပဲခူးတိုင်းမင်းကြီး၏ လက်အောက်ခံအရာထမ်းများသာဖြစ်ကြသည်။ သစ်တောဌာနကို အင်္ဂလိပ်များစတင်ဖွဲ့စည်းခဲ့စဉ်က လမ်းပန်းဆက်သွယ်ရေးဌာနနှင့်တွဲ၍ထားခဲ့သည်။ ၁၈၇၆ ခုနှစ်တွင် ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းဟူ၍ တိုင်းနှစ်တိုင်းခွဲကာ သစ်တောမင်းကြီး(၂) ဦး၊ သစ်တောဝန်(၂)ဦး၊ သစ်တောဝန်ထောက်(၂)ဦးကိုခန့်ထားခဲ့သည်။ (ယခင်ကသစ်တောမင်းကြီးတစ်ဦးတည်းသာရှိခဲ့သည်။) တတိယအင်္ဂလိပ် မြန်မာစစ်ပွဲ (၁၈၈၅ ခုနှစ်) ပြီးသည့်နောက် အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့ကသိမ်းယူပြီးသည့်အခါတွင် ရှမ်းပြည်နယ်ရှိသစ်တောများနှင့် ကျန်သစ်တောများကို အုပ်ချုပ်ရန် သစ်တောမင်းကြီးတစ်ဦးနှင့် လက်ထောက် အရာရှိကြီးငယ်များကိုထပ်မံခန့်ထားခဲ့သည်။ ၁၈၉၃ ခုနှစ်တွင် – အရှေ့သစ်တောတိုင်း၊ အနောက် သစ်တောတိုင်း၊ ပဲခူးသစ်တောတိုင်းနှင့် တနင်္သာရီသစ်တောတိုင်းများအဖြစ် သစ်တောတိုင်း ၄ တိုင်းခွဲကာအုပ်ချုပ်ခဲ့သည်။

ထိုစဉ်က သစ်တောဌာနတွင်ရှိခဲ့သည့် ရာထူးများမှာ –သစ်တောမင်းကြီး(Conservator of Forest - CF)၊ **သစ်တောဝန်**(Divisional Forest Officer - DFO)၊ သစ်တောဝန်ထောက်(Executive Assistant Conservator - EAC)၊တောအုပ်(Forest Ranger)၊တောခေါင်း(Forester)နှင့်တောကြပ်(Forest Guard)များဖြစ်ကြသည်။

၁၉၀၅ ခုနှစ်တွင် မြန်မာနိုင်ငံသစ်တောများအတွက် သီးသန့်သစ်တောမင်းကြီးချုပ်ကို စတင်ခန့်ထားခဲ့

PDF Compressor Free Version

သည်။ မြန်မာနိုင်ငံ၏ ပထမဦးဆုံးသစ်တောမင်းကြီးချုပ်သည် မစ္စတာဘီဒန်ဘရိုင်ယန့် (F. Beadon Bryant) ဖြစ်သည်။ ၎င်းသည် အိန္ဒိယနိုင်ငံ၊ သစ်တောဌာနသို့ ၁၈၈၁ ခုနှစ်တွင်စတင်ဝင်ရောက်ခဲ့ပြီး နောင်တွင် ပန်ဂျပ်ပြည်နယ် သစ်တောမင်းကြီးအဖြစ်လည်းကောင်း မြန်မာနိုင်ငံသစ်တောမင်းကြီးအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သူဖြစ်သည်။

၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေးစနစ် သို့မဟုတ် ပထမမြောက်ပူးတွဲတာဝန်ခံအစိုးရလက်ထက်တွင် သစ်တောဝန်ကြီးဌာနကို သီးခြားစတင်တည်ထောင်ခဲ့သည်။ ဝတ်လုံတော်ရ ဆာဂျေအေမောင်ကြီးအား သစ်တောဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ (ဆာဂျေအေမောင်ကြီးသည် မြန်မာလူမျိုးများအနက် ပထမဦးဆုံး ဘုရင်ခံချုပ် – Governor General အဖြစ်ခန့်အပ်ခြင်းခံခဲ့ရသူလည်း ဖြစ်သည်။ ၁၉၃၀ ပြည့်နှစ်ကဖြစ်သည်။) ၁၉၂၅ ခုနှစ်တွင် သစ်တောဌာနကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ– မင်းကြီးချုပ် ၁ ဦး၊ မင်းကြီး ၉ ဦး၊ အထက်တန်းဂေဇက်ဝင်အရာရှိ ၂၁၈ ဦး၊ တောအုပ် ၂၀၀၊ ဒုတိယတောအုပ် ၅၀၀ နှင့် တောခေါင်း ၂,၁၆၉ ဦး ရှိခဲ့သည်။ (မြန်မာနိုင်ငံ သစ်တောသမိုင်း၊ စာ – ၅၉)

လွတ်လပ်ရေးရပြီးနောက် ၁၉၄၈–၄၉ ဘဏ္ဍာနှစ်တွင် သစ်တောဌာန၏ အမြဲတမ်းဝန်ထမ်းအင်အားမှာ – အရာထမ်း – ၁၃၅ ဦး၊ အမှုထမ်း ၂,၁၈၇ ဦး – ဝန်ထမ်းစုစုပေါင်း – ၂,၉၅၂ ဦးရှိခဲ့သည်။ ဖွဲ့စည်းပုံမှာမူ ၁၉၃၃ ခုနှစ် (ကိုလိုနီခေတ်)က သစ်တောဌာန၏ ဖွဲ့စည်းပုံအတိုင်းပင်ဖြစ်သည်။ ထိုမှအစပြုကာ အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းလာခဲ့ရာ ယခုလက်ရှိ (၂၀၂၄ ဇွန်) သစ်တောဦးစီးဌာန၏ဖွဲ့စည်းပုံအရ – ညွှန်ကြားရေးမှူးချုပ် ၁ ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၂ ဦး၊ ညွှန်ကြားရေးမှူး – ၂၆ ဦး၊ ဒုတိယညွှန်ကြားရေးမှူး ၂၅ ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ၁၂၀ ဦးစီးအရာရှိ ၃၆၄ ဦး – (စုစုပေါင်း အရာထမ်း ၅၃၈ ဦး) နှင့် အမှုထမ်း ၁၄,၉၁၁ ဦးရှိရာ ဝန်ထမ်းစုစုပေါင်းမှာ – ၁၅,၄၄၉ ဦးရှိပါသည်။

**ကိုးကားသောအထောက်အထားများ**

- လွှတ်တော်ပုရပိုက်၊ အမှတ်အသား အတိုကောက်မှတ်ပုံ (ပထမတွဲနှင့် ဒုတိယတွဲ၊ နှစ်တွဲ ပေါင်းချုပ်)၊ ဒုတိယအကြိမ်။ ၂၀၁၁၊ ရာပြည့် စာအုပ်တိုက်။ စာမျက်နှာ ၆၅၃ မျက်နှာ။
- ကုန်းဘောင်ခေတ် မဟာရာဇဝင်တော်ကြီး၊ ပထမတွဲမှ တတိယတွဲ။ ဦးမောင်မောင်တင်(၁) – K.S.M., A.T.M.။ ပထမတွဲ– ဆဋ္ဌမအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၂၀၊ စာ မျက်နှာ ၄၇၁ မျက်နှာ။ ဒုတိယတွဲ – ပဉ္စမအကြိမ်၊ မတ်၊ ၂၀၂၀၊ စာမျက်နှာ ၄၇၀ မျက်နှာ။ တတိယတွဲ – ပဉ္စမအကြိမ်၊ ဧပြီ၊ ၂၀၂၀၊ စာမျက်နှာ ၅၆၀ မျက် နှာ။ ရာပြည့်စာအုပ်တိုက်။
- မြန်မာမင်းအုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သော အမိန့်တော်တမ်းကြီး (၅ တွဲပေါင်း ချုပ်)။ ဦးတင်။ စိတ်ကူးချိုချိုစာပေ၊ တတိယအကြိမ်၊ ၂၀၁၂၊ စာမျက်နှာ ၇၁၇ မျက်နှာ။
- သစ်တောရတနာ၊ ပြုစုသူ ဦးသိန်းလွင်K. S. M. ; B.F.S.I.၊ ပြင်ဆင်တည်းဖြတ်သူ ဒေါ်အုန်းကြည် B.A.; B.L. စာပေဗိမာန်၊ ၁၉၆၇ ခုနှစ်။ စာမျက်နှာ ၁၆၁ မျက်နှာ။
- ဗမာ့ကျွန်း၊ သီရိပျံချီ ဦးချိန်ဟို၊ အမျိုးသားစာပေဆုရစာအုပ်။ စာပေဗိမာန်၊ ပဋ္ဌမနှိပ်ခြင်း၊ ၁၉၆၉ ခုနှစ်။ စာမျက်နှာ ၃၇၅ မျက်နှာ။
- မြန်မာ့ကျွန်းရတနာ – Myanmar Great Grand Teak၊ ဘချစ်သစ်မင်း။ မြန်မာ့သစ်လုပ်ငန်း။ ပထမအကြိမ်၊ ဇန္နဝါရီလ၊ ၂၀၀၇ ခုနှစ်။ စာမျက်နှာပေါင်း ၅၆၀။
- မြန်မာနိုင်ငံသစ်တောသမိုင်း၊ သစ်တောရေးရာဝန်ကြီးဌာန။ ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင်လ။ စာမျက်နှာ ၄၄၅ မျက်နှာ။
- မြန်မာ့သစ်တောနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၊ ဒေါက်တာတိုးလှ။ မြန်မာ့သစ်လုပ်ငန်း နှစ် ၆၀ ပြည့် စိန်ရတု အထိမ်းအမှတ်ထုတ်ဝေသည်။ ပထမအကြိမ်၊ ၂၀၀၉၊ ဖေဖော်ဝါရီလ။ သင်းစာပေ။ စာမျက်နှာ ၂၃၀။

***အဂတိလိုက်စားမှု အဓိပ္ပါယ်ဖွင့်ဆိုချက်***

အဂတိလိုက်စားမှုဆိုသည်မှာ– လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ မရိုးမဖြောင့်သော သို့မဟုတ် လိမ်လည်လှည့်ဖြားသော ပြုမူဆောင်ရွက်မှုနှင့် အထူးသဖြင့် ဩဇာအာဏာရှိ သူများ၏ မရိုးဖြောင့်သော သို့မဟုတ် တရားမဝင်သော အပြုအမူဖြစ် ပါသည်။

***အဂတိတရား (၄)ပါး***

(၁) လိုလား၊ နှစ်သက်၊ စုံမက်၊ချစ်ခင်ခြင်း – ဆန္ဒဂတိ

(၂) အမျက်ထွက်ပွား၊ ရန်ငြိုးထားခြင်း – ဒေါသဂတိ

(၃) ဘေးဒဏ်စိုးရိမ် ကြောက်ရွံ့ခြင်း – ဘယာဂတိ

(၄) မှားမှန်မသိ တွေဝေမိခြင်း – မောဟာဂတိ

နောက်ကျောဖုံးဆောင်းပါး

PDF Compressor Free Version

# အံ့ဩဖွယ် သစ်ပင်ကြီးများအကြောင်း



Tectona grandis - Useful Tropical Plants

Visit >

အပင်ရှင်သန်ကြီးထွားရန် လိုအပ်သည့် ရေနှင့် ဓာတ်ဆားဟုခေါ်သည့် ရေတွင်ပျော်ဝင်နေသည့် ဝတ္ထုပစ္စည်းများကို အမြစ်များကစုပ်ယူ၍ ကမ္ဘာမြေကြီး၏ဆွဲငင်အားကို ဆန့်ကျင်ပြီး ပင်စည်မှတစ်ဆင့် အရွက်များသို့ပို့ဆောင်နိုင်ကြသည်။ သစ်ပင်၏အထက်ပိုင်းတွင် အကိုင်းအခက်များဖြာ၍ထွက်ကြသည်။ ရေသောက်မြစ်သည် ရေရှိရာအရပ်သို့ အနက်ဆုံး ဆင်းသက်သဖြင့် အရှည်ဆုံးအမြစ်ဖြစ်လေသည်။ သိမ်မွေ့နူးညံ့သော အမြစ်ဖျားများထိပ်တွင် ဦးထုပ်သဏ္ဍာန် မြစ်ဖုံးကလေးများဖြင့် ကာကွယ်ထားပြီး မြေတွင်းသို့ ပုလင်းဖော့ဆို့ဖွင့်သည့် ဝက်အူရစ်ကဲ့သို့ လိမ်ကောက်ထိုးဝင်သွားသည်။

ကျောက်ခဲကဲ့သို့မာကျောသော အရာဝတ္ထုနှင့်တွေ့သောအခါ ရှောင်ကွင်းသွားကြသည်။ အက်ဆစ်ခေါ်ဓာတ်ငရဲမီးရည် တစ်မျိုးအဖြစ်လည်း ကျောက်တုံးကျောက်ခဲများကို ခွဲစိတ်ဖောက်ထွင်းနိုင်ပေသေး၏။ အမြစ်များတွင် မြစ်မကြီးနှင့် အမြစ်တက်ဟူ၍ ရှိရာအမြစ်တက်များ၏ ထိပ်ဖျားအနီးတွင် အမြစ်မွေးဟုခေါ်သော နုနယ်သည့် အမွေးများပါရှိသည်။ မြေဆီလွှာရှိရေနှင့် ဓာတ်ဆားတို့သည် အမြစ်မွေးများမှတစ်ဆင့်သာ အပင်ထဲသို့ဝင်ရောက်နိုင်၍ အပင်၏ အခြားအစိတ်အပိုင်းများမှ မဝင်ရောက်နိုင်ချေ။ ထို့ကြောင့် ခြောက်သွေ့သောရာသီတွင် သစ်ပင်ရင်း၌ ရေလောင်းခြင်းသည် အချည်းအနှီးပင်ဖြစ်သည်။

သစ်ကိုင်းအောက်တည့်တည့်ရှိမြေတွင် ရေလောင်းခြင်းသာ အကျိုးရှိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာများတွင်သာ ရေသောက်မြစ် မြစ်မွေးများ ထူထပ်ပေါများစွာ ရှိနေခြင်းကြောင့်ဖြစ်သည်။

မြေမှုန်တွင် တွယ်ကပ်နေကြသော ရေခိုးရေငွေ့များသည် ကြီးမားလှသည့်သစ်ပင်ကြီးများအတွက် ခြောက်သွေ့သည့်ရာသီတွင် တစ်ဖက်သတ် စိမ့်ဝင်ခြင်းအားဖြင့် ရေလုံလောက်စွာ ရရှိနိုင်ခြင်းဖြစ်သည်။ မြေတွင်းရှိရေသည် သစ်ပင်ထိပ်ဖျားသို့တိုင် မည်သို့တက်ရောက်နိုင်သနည်း။ ဤကိစ္စအတွက် ရုက္ခဗေဒပညာရှင်တို့သည် အရောင်ရှိသော ဆေးရည်ကိုအသုံးပြု၍ ရေတက်ရာလမ်းကြောင်းကို စူးစမ်းလေ့လာခဲ့ကြသည်။ သစ်ပင်များ၏ အကာသားများသည် အလွန်သေးငယ်သောပြွန်များဖြင့် တည်ဆောက်ထား၏။ ၎င်းပြွန်များသည် သစ်ပင်၏ အမြစ်မွေးများမှသည် သစ်ပင်ထိပ်ဖျား သစ်ရွက်အကြောထိပ်ဖျားများသို့တိုင်အောင် တစ်စပ်တည်း ဆက်လျက်ရှိကြသည်။ ရေသောက်မြစ် မြစ်မွေးများမှ စုပ်ယူသောရေများကို ၎င်းပြွန်များမှတစ်ဆင့် သစ်ပင်ထိပ်ဖျားရှိ သစ်ရွက်များသို့ရောက်အောင် ပို့ဆောင်ပေးလေသည်။

ရေစုပ်ယူအားသည် သစ်ရွက်များတွင်ရှိသော အပေါက်ငယ်ကလေးများမှတစ်ဆင့်ရေခိုးရေငွေ့များကို ထုတ်လွှတ်ခြင်းကြောင့်ဖြစ်ပေါ်လာ၏။ ၎င်းကို ရုက္ခဗေဒပညာရှင်တို့က ချွေးပြန်ခြင်းဟုခေါ်၏။ သစ်ရွက်များရှိ အကြောသေးအကြောမွှားများမှ ချွေးပြန်ခြင်းဖြင့် ဖြစ်ပေါ်လာသော ဆွဲအားသည် အကာသား ပြွန်ငယ်များမှတစ်ဆင့် ရေသောက်မြစ် မြစ်မွေးများတိုင် ဆက်လက်တည်ရှိ၏။ နှစ်တစ်ရာရှိသော ***ဘိချ်*** သစ်ပင်တစ်ပင်သည် ၎င်း၏ အရွက်များမှ နေ့စဉ် ရေပုလင်း ၅၀ ခန့်ကို ရေငွေ့အဖြစ် ချွေးပြန်ခြင်းဖြင့် ထုတ်လွှတ်လေသည်။ ဤနည်းအတိုင်း ၆ လအတွင်း ရေ ၁၀ တန်ခွဲကို ဆွဲတင်ထုတ်လွှတ်သည့် အင်အားကို ဖြစ်ပေါ်စေလေသည်။ သစ်ပင်များသည် ကမ္ဘာပေါ်တွင် အသက်အရှည်ဆုံးသော သက်ရှိများဖြစ်ကြသည်။ သစ်ပင်၏ အသက်သည် သတ္တဝါများထက် ရှည်လျားလှပေ၏။ အင်အားသည်လည်းကြီးမား၏။ သတ္တဝါတို့သည် အသက်ရှင်ကြီးမားလာခြင်းဖြင့် အင်အားများကို သုံးဖြုန်းနေ၍ သစ်ပင်များသည် ရှင်သန်ကြီးမားလာခြင်းဖြင့် တစ်နှစ်

PDF Compressor Free Version

ထက်တစ်နှစ် အေးဆေးစွာအင်အားတိုးပွားရန် သန်စွမ်းလာကြသည်။ သစ်ပင်တစ်ပင်အတွက်အသက်သော်လည်းကောင်း အရွယ်အစားသော်လည်းကောင်း သတ်မှတ်ချုပ်ချယ်ထားခြင်းဟူ၍ မရှိချေ။ အမေရိကန်ပြည်ထောင်စုရှိ သစ်နီပင်ခေါ် ဆီကွိုင်းယားပင်ကြီးများသည် နှစ် ၄၀၀၀ ခန့်ရှိပြီဟု ခန့်မှန်းကြ၍ အမြင့်ပေ ၃၀၀ ကျော်ရှိသည်။ အနှစ် ၆၀၀၀ ကျော်သော ထိုအပင်ကြီးမျိုးကို တွေ့ဖူးသည်ဟုလည်း ဆိုကြသည်။ သို့သော် ဤမျှအသက်ရှည်ကြာစွာ အပင်မြင့်မားသော်လည်း ထိုအပင်ကြီးများသည် အိုမင်းပြီဟု မဆိုနိုင်ချေ။

ရုက္ခဗေဒပညာရှင်တို့၏ အလိုမှာ သစ်ပင်တို့သည် အသက်ကြီးရင့်၍ အိုမင်းပြီး မသေနိုင်ဟုဆိုကြသည်။ သစ်ပင်များသေရခြင်းသည် အပင်များသည်ရောဂါကြောင့်လည်းကောင်း၊ ဒဏ်ရာအနာတရ ရရှိသောကြောင့်လည်းကောင်း သေဆုံးရခြင်းဖြစ်သည်ဟုဆိုကြသည်။ ထို့ကြောင့် သစ်ပင်များနှင့် အခြားသက်ရှိများတို့၏ ခြားနားချက်ကား သစ်ပင်တို့သည် အသက်ရှင်နေသမျှ ကာလပတ်လုံးကြီးထွားနေကြခြင်းပင်ဖြစ်သည်။ ယင်းသို့ ကြီးထွားစေရန် အခေါက်နှင့် အကာသားကြားရှိ Cambium ခေါ်တိုးပွားလွှာများက အဆက်မပြတ်ပြုပြင်ပေးနေသည်ဟု ဆိုကြသည်။

သစ်ပင်များသည် အလွန် အသက်ရှည်ကြသဖြင့် အချို့သစ်ပင်ကြီးများသည် သမိုင်းဝင်အထင်ကရမှတ်တိုင်ကြီးများသဖွယ်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးသောသစ်ပင်များဟု အသိအမှတ်ပြုကြသည့် သစ်ပင်များကား အမေရိကန်ပြည်ထောင်စု ပစိဖိတ်သမုဒ္ဒရာ ကမ်းခြေဘက်ရှိ သစ်နီပင်များနှင့် ဒေါက်ဂလပ်ဖား ထင်းရှူးပင်များဖြစ်ကြသည်။ သြစတေးလီးယားတိုက်ရှိ ယူကလစ်ပင်များသည် ကမ္ဘာ့ဒုတိယအမြင့်ဆုံး အပင်များဟုဆိုကြသည်။ အချင်းလုံးပတ်အကြီးဆုံး သစ်ပင်ဖိုးအေကြီးသည် မက္ကဆီကိုနိုင်ငံ၊ ဝါဟာကာမြို့အနီး ရွာတစ်ရွာ၌ရှိသော တူလီပင်ကြီးဖြစ်သည်။ ထိုအပင်သည် လုံးပတ် ၁၇၅ ပေရှိ၍ ထိုအပင်ကြီး၏အသက်ကို နှစ်ပေါင်း ၃၀၀၀ မှ ၅၀၀၀ အထိ ခန့်မှန်းကြလေသည်။ ၎င်းအပင်သည် လူတို့သိသော ကမ္ဘာပေါ်ရှိ အသက်အကြီးဆုံးသော သက်ရှိဝတ္ထုတစ်ခုပင်ဖြစ်သည်။

သစ်ပင်တို့တွင် အနာအဆာ ကုသပျောက်ကင်းခြင်းနှင့် ၎င်းကိုဖုံးလွှမ်း၍ အသားတိုးပွားခြင်းဟူသော တန်ခိုးသတ္တိရှိလေသည်။ နယူးယော့ပြည်နယ် ခြံတစ်ခြံတွင် *ဂျေဒဗလျူ ဌါန်ဆင်* ဆိုသူ လယ်သမားတစ်ဦးသည် တံစဉ်တစ်ချောင်းကို ထင်ရှူးပင်ငယ်တွင် ချိတ်ထားပြီး ''ငါပြန်မလာမချင်း ဒါကို မထိနှင့်ဟု''ဆိုပြီး စစ်ထွက်သွားလေသည်။ အချိန်ကား ၁၈၆၁ ခုနှစ်ကဖြစ်သည်။ ၎င်းလယ်သမားသည် စစ်ပွဲတွင်ကျဆုံး၍ သစ်ပင်ငယ်လည်း တဖြည်းဖြည်းကြီးထွားလာပြီး တံစဉ်သံမဏိသားကို သစ်သားဖြစ်ဖုံးလွှမ်းဝါးမျိုလိုက်လေသည်။ ယခုအခါ အမှတ်တရနေ့ဝတ်ပြုဆုတောင်းပွဲများကို ဤသစ်ပင်အောက်တွင် ကျင်းပကြလေသည်။

ကာလကြာမြင့်စွာ ရေးထွင်းခဲ့သော လက်မှတ်များကို သစ်ပင်ပင်စည်အတွင်းတွင် တွေ့ရသည်။ ရှားဝုဒ်သစ်တောအတွင်း၌ သစ်ခုတ်သမားသည် ၁၈ ရာစု ခေတ်လောက်က ရေးထွင်းခဲ့သော လက်မှတ်များကို သစ်ပင်၏ပင်စည် တစ်ပေကျော် အနက်အတွင်းမှ တွေ့ရှိရသည်။ အမြောက်ဆံ၊ သေနတ်ကျည်ဆံ၊ ထယ်သွား၊ ထွန်ဆံများ၊ သမင်ဦးချိုများတို့သည် ထိုနည်းဆင်ဆင် သစ်ပင်များအတွင်းတွင် နစ်မြှုပ်နေသည်။ ကယ်လီဖိုးနီးယားပြည်နယ်ရှိ ထင်းရှူးပင်တစ်ပင်အတွင်း သမ္မာကျမ်းစာအုပ်တစ်အုပ်အဘယ်ပုံရောက်ရှိနေလေသနည်း။ ၁၉၄၂ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသားတစ်ဦးသည် သစ်ပင်ပေါ်ရှိ သစ်ပင်၏အမာရွတ်အမှတ်ကို သတိထားမိ၍ ၎င်း၏ဓားမြောင်ဖြင့်ထိုးဆွဖော်ထုတ်ရာ သစ်သားများခိုင်မာစွာဖုံးအုပ်နေသည့် သားရေဖုံးသမ္မာကျမ်းစာတစ်အုပ်ကို ရရှိခဲ့လေသည်။

သစ်ပင်တိုးပွားခြင်းသည် အခေါက်နှင့်အကာသားအကြားတွင် တိုးပွားလွှာ Cambium ဟုခေါ်သော ပါးလှပ်သည့် ဆဲလ်လွှာရှိသည်။ ထိုတိုးပွားလွှာသည် အဆက်မပြတ်ဖြစ်ပေါ်နေကာ သစ်ပင်၏ပင်စည်နှင့် အကိုင်းအခက်များကြီးထွားစေရန် အသားတိုးပေးသည်။ ပင်လုံးနှင့်အကိုင်းအခက်များသည် အဖျားဘက်မှ ရှည်ထွက်ခြင်းဖြင့် သစ်ပင်များသည် တဖြည်းဖြည်းရှည်၍ မြင့်မားလာကြသည်။ အကိုင်းအခက်များ ရှည်ထွက် မြင့်မားလာသည်နှင့် တချိန်တည်းတွင် ယင်းတို့၏ အလုံးအထည်သည်လည်း Cambium အားဖြင့် တဖြည်းဖြည်း တုတ်ခိုင် ကြီးမားလာကြလေသည်။

ပိုင်းထားသောသစ်လုံး၏ ထိပ်ဝကိုကြည့်လျှင် မျက်နှာပြင်အသား၌ စက်ဝိုင်းသဖွယ်အရစ်များ အဆင့်ဆင့်ဖြစ်ပေါ်နေသည်ကိုတွေ့ကြရပေလိမ့်မည်။ ထိုအရစ်များကိုသက်ရစ် သို့မဟုတ် နှစ်ကွင်းဟုခေါ်သည်။ စက်ဝိုင်းတစ်ရစ်နှင့်တစ်ရစ်အကြား၌ရှိသော သစ်သားသည် တစ်နှစ်အတွင်းတိုးပွားသောအသားဖြစ်သည်။ အထက်တွင် ဆိုခဲ့သောတိုးပွားလွှာသည် နွေရာသီရေမရရှိနိုင်သည့်အချိန်၌ တိုးပွားခြင်း ရပ်ဆိုင်းလာသဖြင့် အရစ်ကဲ့သို့ဖြစ်ပေါ်လာစေသည်။

ထို့ကြောင့် အပင်သက်မည်မျှရှိကြောင်းကို ထိုအရစ်များကို ရေတွက်ကြည့်ခြင်းဖြင့်သိနိုင်သည်။ မိုးကောင်းသည့် နှစ်များတွင် အသက်ရစ်သည်ထူထဲ၍ ရာသီဥတုဖောက်ပြန်သည့်နှစ်များတွင်အသက်ရစ်သည်သေးသိမ်တတ်လေသည်။

*Cambium* တိုးပွားလွှာ၏အရေးပါသော အခြားလုပ်ငန်းတစ်ရပ်မှာ အရွက်များက အစာချက်လုပ်သော ရိက္ခာတို့ကို သစ်ပင်၏အစိတ်ပိုင်း အရပ်ရပ်သို့ ပို့ဆောင်ပေးခြင်းဖြစ်လေသည်။ သစ်သားဟုခေါ်သော ပင်စည်အတွင်းသားကို အကာသားနှင့် အနှစ်သားဟူ၍ နှစ်မျိုးပိုင်းခြားနိုင်သည်။ အကာသားဟုခေါ်သော အပြင်ပိုင်းသည် အရောင်ဖျော့၍ အသားပွသည်။ အနှစ်သားဟု ခေါ်သော အတွင်းပိုင်းသည် အရောင်ရင့်၍ အသားမာကျောသည်။ အနှစ်သားသည် အကာသားထက် အဖိုးတန်သောသစ်သားဖြစ်လေသည်။ အနှစ်သားသည်ကား တစ်ချိန်က သစ်ပျော့အကာသားပင်ဖြစ်ခဲ့သည်။

သစ်သားသည် ကျစ်လစ်သိပ်သည်း၍ ကျစ်နေသည်ဟု ထင်ရသော်လည်း စင်စစ် သစ်သားတွင် အလွန်သေးငယ်သော သာမန်မျက်စိဖြင့် မြင်နိုင်ရန် ခဲယဉ်းသော ပြွန်ချောင်းကလေးများသည် အသက်ရှင်လျက်ရှိပြီး ယင်းတို့အားဖြင့် အမြစ်မှ ရေသည် ပင်မနှင့်အကိုင်းအခက်များသို့ရောက်ရှိသည်။ ရေနှင့်ချက်လုပ်ပြီး အစာရိက္ခာအချို့ကို သိုလှောင်ထားသော အပိုင်းကို ရေကြောဟုခေါ်၍ အစာရိက္ခာသယ်ယူပေးသော အပိုင်းကို အစာကြောဟုခေါ်သည်။ အကာသားသည် နှစ်ကာလကြာမြင့်လာသည့်အခါ အရွက်များနှင့် အဆက်အသွယ် မရှိတော့ဘဲ မာကျောလာ၍ တဖြည်းဖြည်း အနှစ်သားဖြစ်လာသည်။

ပင်စည်သည် နှစ်ဖက်သွားလမ်းရှိသော လမ်းမကြီးနှင့် ဆင်ဆင်တူသည်။ အမြစ်မှအရည်များ သစ်သားပြွန်ချောင်းများအားဖြင့် အထက်သို့တက်၍ အရွက်မှအစာရိက္ခာသည် တိုးပွားလွှာအားဖြင့် အကာသားနှင့် အခေါက်ကြားမှ အောက်ပိုင်းသို့ ပျံ့နှံ့သည်။ ထို့ကြောင့် အခေါက်မှနေ၍ အနှစ်သားထိအောင် ပင်စည်ကိုတစ်ပတ်ပြည့်အောင် ရစ်ပတ်ပြီး ခုတ်ထွင်ထားလျှင် သစ်ပင်သည် ရိက္ခာပြတ်၍ သေတတ်သည်။ မြန်မာနိုင်ငံတွင် ခုတ်လှဲရမည့် ကျွန်းပင်များကိုသင်းသတ်သည့်အခါထိုနည်းကိုအသုံးပြုလေသည်။

အနှစ်သားသည် ပင်ထောင်ရပ်တည်ရန်နှင့် လေပြင်းမုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် အင်အားပေးစွမ်းပေသည်။ ၁၉၀၆ ခုနှစ်တွင် ကယ်လီဖိုးနီးယားပြည်နယ် စန်အင်ဒရီးယားအရပ်၌ မြေလျှောင်လှုပ်ရာ သံမဏိနှင့်အုတ်များဖြင့် ဆောက်လုပ်ထားသော အဆောက်အဦး အပေါ်ထပ်များ လမ်းမပေါ်သို့ပြိုကျ ပြန့်ကြဲသွားသည်။ ခိုင်ခန့်သော နံရံနှင့်အမိုးများ ပြိုကျပျက်စီးကုန်သည်။ အချို့သော သစ်ပင်များသည် အမြစ်မှပြုတ်ထွက်လဲပြိုကုန်သော်လည်း သန်မာထွားကြိုင်းသည့် သစ်ပင်ကြီးများမှာ တစ်ပင်မျှ ခါးလယ်မှ ကျိုးပြတ်လဲပြိုခြင်းကိုမူ မတွေ့ရပေ။ အကြောင်းအရာမှာ သစ်ပင်များတွင် ခိုင်မာသန်စွမ်းသော အတွင်းသားသာရှိသည်မဟုတ် အံ့သြဖွယ်ရာ ပျော့ပျောင်းညွတ်နိုင်သည့်သတ္တိထူးလည်းရှိသောကြောင့်ဖြစ်သည်။

အရွက်များသည်လည်း ပုံစံအမျိုးမျိုးဖြင့် အရွယ်အစားစားရှိသည်။ ယင်းတို့သည် သစ်ပင်တစ်ရှူးများ၊ အသားများဖြစ်ပေါ်၍ အပင်ရှင်သန်ကြီးထွားစေရန် ရိက္ခာပြုလုပ်ပေးရသည်။ တစ်နည်းအားဖြင့်ဆိုသော် အရွက်များသည် သစ်ပင်များ၏ ရိက္ခာစက်ရုံ၊ အလုပ်ရုံဖြစ်ပါသည်။ လူနှင့် တိရစ္ဆာန်နည်းတူ သစ်ပင်များသည် ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီအပြားနှင့် ဆီများပါဝင်သောအစာကိုလိုသည်။

ကာဗိုဟိုက်ဒရိတ်သည် ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့် အောက်စီဂျင်ပါသော ဒြပ်ပေါင်းဖြစ်သည်။ ပရိုတင်းနှင့် နိုက်ထရိုဂျင်ပါသော ဒြပ်ပေါင်းဖြစ်သည်။ အပင်များအတွက် ယင်းတို့လိုအပ်သော အာဟာရဓာတ်ပစ္စည်းများကို အစာအဖြစ်သို့ရောက်အောင် အရွက်များက ချက်လုပ်ပေးကြရလေသည်။

အရွက်များသည် ယင်းတို့တွင်ရှိသော ကလိုရိုဖီးခေါ်အစိမ်းရောင်ဒြပ်၊ နေရောင်ခြည်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့်ရေတို့အဖြစ် အစာချက်လုပ်သည်။ သစ်ပင်များတွင် သစ်ရွက်စိမ်းများသည် နေရောင်ခြည်ရရှိနိုင်စေရန် ဘေးသို့ဖြန့်၍ တစ်ရွက်နှင့်တစ်ရွက် ထပ်မနေအောင် အကိုင်းအခက်များမှ အစီအစဉ်နှင့်ထွက်ကြသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို သစ်ပင်သည် လေထဲမှ ရရှိ၍ ရေကို မြေဆီလွှာမှရရှိလေသည်။ နေရောင်ခြည်ကို အကြောင်းပြုပြီး သစ်ရွက်စိမ်းများတွင် ချက်လုပ်သောအစာသည် သကြားဖြစ်၍ ယင်းသည် ပျော်ဝင်နိုင်သော ကာဗိုဟိုက်ဒရိတ်ဖြစ်သည်။ ချက်လုပ်ပြီးသော သကြားအချို့ကို အပင်များသည် အသက်ရှူရာ၌ အသုံးပြု၍ အချို့သည် အပင်များ၏ ဆဲလူးလိုစ်အဖြစ်ပြောင်းသွားသည်။ အချို့ကို အပင်အစာဖြစ်သော ကစီအဖြစ် သိုလှောင်ထား၍ အချို့သည်ဆီနှင့်အဆီအဖြစ်ပြောင်းသွားသည်။ အချို့သည် မြေဆီလွှာရှိ ပျော်ဝင်နေသောဓာတ်ဆားများမှရရှိသည့် နိုက်ထရိုဂျင်၊ ဆာလဖာ၊ ဖော့စပရပ်တို့နှင့်ပေါင်းစပ်ကာ ပရိုတင်းများဖြစ်သွားကြသည်။ ယင်းကား အရွက်များ၏ အစာချက်ပုံလုပ်ငန်းဖြစ်သည်။

အရွက်များ၏ အခြားလုပ်ငန်းတစ်ခုမှာ လေစက်သဖွယ် ဆောင်ရွက်ခြင်းဖြစ်သည်။ သစ်ပင်များသည်အခြားသက်ရှိများကဲ့သို့ အသက်ရှူရှိုက်ခြင်း ပြုကြသည်။ ရှူသွင်း ရှူထုတ်ခြင်းကို အရွက်များ အောက်ဘက်ရှိ သေးငယ်သောအပေါက်ကလေးများဖြင့် ပြုလုပ်ကြသည်။ အရွက်များ တစ်ခါတရံဆောင်ရွက်သည့်လုပ်ငန်းတစ်ခုမှာ အစာကို သိုလှောင်ထားခြင်းပင်ဖြစ်သည်။

အရွက်များသည် နေရောင်ခြည်ကိုလည်း ကာကွယ်ပေးကြ၍ လေထဲရှိ ရေခိုးရေငွေ့များ ထုတ်လွှတ်ခြင်းဖြင့် အပူရှိန်ကို လျှော့စေသည်။ အမြစ်များမှ တင်ပို့သောရေကို ရိက္ခာလုပ်ငန်းအတွက် လိုအပ်သမျှယူ၍ ပိုလျှံသမျှကို ရေငွေ့အဖြစ် ထုတ်လွှတ်သည်။ ထို့အပြင် သစ်ရွက်များအစာချက်သည့်အခါ လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကိုယူ၍ အောက်စီဂျင်ဓာတ်ကိုပြန်ထုတ်သဖြင့် လေကိုလည်းသန့်ရှင်းသွားစေသည်။ ထို့ကြောင့် နေပူသော နေ့တစ်နေ့တွင် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်သို့ရောက်မိလျှင် အေးမြသောအရိပ်အာဝါသကိုခိုလှုံကြရ၍ သန့်ရှင်းလတ်ဆတ်သည့် လေကို ရှူရှိုက်ကြရလေသည်။ ယင်းသို့ဖြင့် နေအိမ်အနီးအနားပတ်ဝန်းကျင်၌သစ်ပင်ကြီးများရှိလျှင် လေကောင်းလေသန့်ကိုရရှိနိုင်လေသည်။ ကမ္ဘာပေါ်ရှိ မည်သည့်စက်ရုံကြီးမျှ ငြိမ်သက်စွာအစာချက်လုပ်နေသောသစ်ရွက်စက်ရုံနှင့် နှိုင်းယှဉ်ခြင်းငှာ မစွမ်းသာချေ။

သစ်ပင်၏ သစ်မြစ်များသည် မိုးရေ၊ လေ၊ ရေစီးကြောင်း တို့ကြောင့် မြေလွှာများကို တိုက်စားခြင်းမှ ကာကွယ်ထိန်းသိမ်းပေးသည်။ သစ်ရွက်ဆွေးများသည် မြေသြဇာဖြစ်လာသည်။ မြေပေါ်၌ထူထပ်စွာ ကြွေကျနေသောအရွက်များ၊ အမြစ်များသည် မိုးရေကို မြစ်ချောင်းများအတွင်း လျင်မြန်စွာ လျှောကျ စီးဆင်းသွားခြင်း မပြုနိုင်လေအောင် စုပ်ယူထိန်းသိမ်းထားသည်။ သစ်ပင်များရှိနေသဖြင့် မြစ်ချောင်းများတွင် ရေစီးရေလာမှန်သည်။ ထို့အပြင် သစ်ပင်များသည် လေကိုကာကွယ်ပေးသည့်အပြင် ယုတ်စွအဆုံးလမ်းဘေး၌ သစ်ပင်များရှိနေလျှင် နေအိမ်များကို ဖုန်တက်သက်သာလေသည်။

သစ်ပင်များသည် အေးမြသော အရိပ်၊ အာဝါသကိုပေးသည်။ ယင်းတို့ရှိသော် အနီးအနား ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ သာယာအေးချမ်းကာ အပူရှိန်လည်းသက်သာသည်။ လေလည်းသန့်ရှင်းသည်။ ပတ်ဝန်းကျင်ကိုသာယာချမ်းမြေ့မှုပေးနိုင်သော သစ်ပင်သည် လူတို့၏စိတ်သဘာဝကိုလည်း ပြုပြင်ပေးနိုင်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံကြီးများတွင် သစ်ပင်စိုက်အသင်းများကိုပင် တည်ထောင်ထားကြလေသည်။

လူ့လောကအား သစ်ပင်တို့က ကျေးဇူးပြုမှုများမှာ ဤမျှမဟုတ်သေးချေ။ လူတို့၏အစားအစာ၊ အဝတ်အစား၊ နေအိမ်အဆောက်အအုံ၊ အသုံးအဆောင်ပစ္စည်းများနှင့်ထင်းမီးသွေးစသော လူနေမှုအတွက်လိုအပ်သည့်ပစ္စည်းများစွာတို့ကို သစ်ပင်များမှထုတ်လုပ်ရရှိသည်။ နေ့စဉ်နေ့တိုင်း လူတို့ စားသောက်သုံးဆောင်နေသော အရာဝတ္ထုပစ္စည်းများစွာတို့သည် သစ်ပင်နှင့်မကင်းကြပေ။ စားသောက်သုံးဆောင်ရန်အတွက်လည်းကောင်း ဘယဆေးဝါးပစ္စည်းအဖြစ်လည်းကောင်း သစ်ပင်အမျိုးပေါင်းများစွာတို့၏ အဖူး၊ အပွင့်၊ အသီး၊ အရွက်တို့ကိုသာမက ရံဖန်ရံခါ အခေါက်အမြစ်များကိုပင် အသုံးချရသည်။ သစ်ခေါက်သည် ဆိုးဆေးများအတွက် အရေးပါအသုံးဝင်သည်။ သစ်စေးသစ်ဆီများကိုလည်း လူ့အသုံးအဆောင်ပစ္စည်းများလုပ်ကိုင်ရာ၌ အသုံးပြုကြသည်။ သစ်ပင်မှထုတ်လုပ်ရရှိသည့် ပစ္စည်းများအနက် စက္ကူသည် အရေးပါသော လူသုံးပစ္စည်းတစ်ရပ်ဖြစ်သည်။ စက္ကူကို မော်ပင်ကောက်ရိုးစသည်တို့ဖြင့် ပြုလုပ်နိုင်သော်လည်း စက္ကူအကောင်းစားကိုသစ်သားပျော့ဖတ်များဖြင့်သာ လုပ်ကိုင်ရရှိနိုင်လေသည်။

ထို့ပြင်ဓာတ်ပစ္စည်းများဖြင့် ရောနှောကာ ပစ္စည်းအသုံးအဆောင်များစွာကို ပြုလုပ်နိုင်သေးသည်။ သစ်သားတွင်ပါဝင်သော သကြားဓာတ်ကိုထုတ်၍ အယ်လ်ကိုဟောအရက်ပျံပြုလုပ်ကြသည်။ သစ်သားမှ ထုတ်ယူရရှိသောဆဲလူးလို့စ်သည် ပလတ်စတစ်လုပ်ငန်းတွင် အရေးပါသောဝတ္ထုပစ္စည်းတစ်ရပ်ဖြစ်လေသည်။

သစ်ပင်တစ်ပင်သည် နှစ်ကာလ အတန်ကြာမြင့်မှသာလျှင် အပင်ကြီးအဖြစ်သို့ ရောက်ရှိနိုင်သည်။ သို့သော် သစ်ပင်များကို တိုတောင်းလှသောအချိန်အတွင်း တမဟုတ်ခြင်း ပျက်စီးအောင်ပြုလုပ်နိုင်သူတို့သည် လူသားများ ဖြစ်သည်။ လူတို့သည် သစ်ပင်များ၏အကြီးဆုံးရန်သူများဖြစ်ကြသည်။ တောမီးရှို့ခြင်း၊ သစ်ပင်များကို အရမ်းမဲ့ခုတ်လှဲခြင်းတို့ကြောင့် အချို့သစ်ပင်များမျိုးပြုန်းခဲ့ရသည်။ အချို့သစ်ပင်ကြီးများပင် ဤနည်းဖြင့်ပြုန်းတီးခဲ့ရသည်။ သစ်ပင်များသေကြေပျက်စီးသော အခြားရန်သူများမှာ သစ်ဖောက်ပိုးများ၊ မှိုများနှင့်အပင်ရောဂါများ ဖြစ်ကြလေသည်။



ကျန်းမာတဲ့ မြေဆီလွှာက
ကျန်းမာတဲ့ အပင်တွေနဲ့
ကျန်းမာတဲ့ လူသားတွေကို
ဖန်တီးပေးတယ်။

J. I. Rodale

# မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုနှင့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းရေး

PDF Compressor Free Version



ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း)

ရာသီဥတုပြောင်းလဲမှုကြောင့် မျက်မှောက်ကာလ သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ရခြင်း၏ ဇာစ်မြစ်သည် သစ်တောသစ်ပင်များပျက်စီးခြင်းကြောင့် ဖြစ်ရသည်ဟု အကြမ်းဖျင်းမှတ်ယူကြသည်။ အမှန်တွင် သစ်တောသစ်ပင်ပျက်စီးခြင်းသာမက ပတ်ဝန်းကျင်ညစ်ညမ်းမှုပါပါဝင်သည်ကို ပညာရှင်များက အသိပေးထားသည့်အတွက် သန့်ရှင်းသောပတ်ဝန်းကျင်ဖြစ်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားအလားတူဓာတ်ငွေ့များကို စုပေါင်းခေါ်ဆိုထားသည့် မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ များပြားလာသည်နှင့်အမျှ အပူများကိုလေထုထဲတွင် စုစည်းထားသည့်ဖြစ်စဉ်ကြောင့် မှန်လုံအိမ်အာနိသင်သက်ရောက်မှုဖြစ်စေပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်သည် အခြားဓာတ်ငွေ့များထက် ကမ္ဘာကြီးပူနွေးမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ မှန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပေါင်းစုံစုစည်းမှုတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုသည် အခြားဓာတ်ငွေ့များထက်ပိုမိုပါဝင်ပါသည်။ ထို့အပြင်ဓာတ်ငွေ့တစ်မျိုးချင်းစီ၏ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းပုံကလည်း ယင်းဓာတ်ငွေ့များ၏ မှန်လုံအိမ်အာနိသင်သက်ရောက်မှုတွင် ပါဝင်နိုင်မှုအတိုင်းအတာကို သက်ရောက်မှုရှိပါသည်။ လေထုအပူချိန်သည် မိုးလေဝသနှင့် ရာသီဥတုပုံစံများအပေါ်တွင်များစွာသက်ရောက်မှုရှိပါသည်။ ထို့ကြောင့် လေထုထဲရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ပမာဏပြောင်းလဲပါက မိုးလေဝသစနစ်နှင့် ကမ္ဘာ့ရာသီဥတု အခြေအနေအပေါ်တွင် မမျှော်မှန်းနိုင်သောအပြောင်းအလဲများဖြစ်ပေါ်စေနိုင်ပါသည်။

လေထုအတွင်းရှိ $CO_2$, $CH_4$, $N_2O$, $O_3$ စသည့်ဓာတ်ငွေ့များတွင် အပူလှိုင်းများကို ထိုဓာတ်ငွေ့များက စုပ်ယူထားလိုက်ခြင်းကြောင့် လူသားနှင့်တိရစ္ဆာန်များ၊ အပင်များအတွက် သင့်တင့်မျှတသောအပူချိန်ကိုရရှိနေခြင်းဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း၊ နိုက်ထရပ်စ်အောက်ဆိုဒ်၊ အိုဇုန်းစသည့်ဓာတ်ငွေ့များသည် ကမ္ဘာကြီးကို ပူနွေးအောင်စွမ်းဆောင်ပေးနိုင်ခြင်းကြောင့် ယင်းတို့ကို "Greenhouse Gases" မှန်လုံအိမ်ဓာတ်ငွေ့များဟု တင်စားခေါ်ဝေါ်သုံးနှုန်းကြခြင်းဖြစ်ပါသည်။ အချို့မှန်လုံအိမ်ဓာတ်ငွေ့များသည် လေထုထဲတွင် ကမ္ဘာတည်စကတည်းကရှိခဲ့ကြသောဓာတ်ငွေ့များဖြစ်ပြီး၊ အချို့မှန်လုံအိမ်ဓာတ်ငွေ့များမှာမူ စက်မှုခေတ်သို့ရောက်ချိန်မှသာ လူသားတို့၏လုပ်ဆောင်ချက်များကြောင့် လေထုထဲသို့ရောက်ရှိလာခြင်းဖြစ်ပါသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်($CO_2$)၊ မီသိန်း($CH_4$)၊ နိုက်ထရပ်စ်အောက်ဆိုဒ် ($N_2O$)၊ အိုဇုန်း ($O_3$) စသည့် ဓာတ်ငွေ့အချို့သည် လေထုအတွင်းရှိအပူလှိုင်းများကို စုပ်ယူထားနိုင်ခြင်းကြောင့်သာ ကျွန်ုပ်တို့ ကမ္ဘာဂြိုဟ်ကြီးပေါ်တွင်ရှိသောလူသားများနှင့် အခြား သက်ရှိသတ္တဝါများရှင်သန်ရပ်တည်နိုင်ရန်အတွက် သင့်တင့်မျှတသောအပူကို ရရှိနေခြင်းဖြစ်သည်။ အကယ်၍သာ လေထုအတွင်း၌ရှိသော $CO_2$ ပမာဏသည် ယခုလက်ရှိ၏ နှစ်ဆခန့်ရှိလာမည်ဆိုပါလျှင် ကမ္ဘာကြီး၏အပူချိန်သည် ယခုလက်ရှိအပူချိန်ထက် 5°C မှ 6°C (9°F မှ 11°F ခန့်)အထိ

ပို၍မြင့်တက်လာနိုင်ကြောင်း သိပ္ပံပညာရှင်များက ဆိုထားပါသည်။

PDF Compressor Free Version

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် အရှေ့တောင်အာရှဒေသအတွင်းတည်ရှိပါသည်။ မြောက်လတ္တီတွဒ် 9°58' – 28°29'၊ အရှေ့လောင်ဂျီတွဒ် 92°10'– 101°10'အတွင်းကျရောက်သဖြင့် မြန်မာပြည် မြောက်ဖျားရေခဲဖုံး ဟိမဝန္တာတောင်တန်း ခါကာဘိုရာဇီမှသည် မြန်မာပြည်တောင်ဘက်ပိုင်း ပင်လယ်ကမ်းရိုးတန်း မြိတ်ကျွန်းစုဒေသများအတွင်း–

(က) တောင်တန်းဂေဟစနစ်
(ခ) အပူပိုင်းဒေသဂေဟစနစ်
(ဂ) သစ်တောဂေဟစနစ်
(ဃ) ကုန်းတွင်းရေတိမ်ဂေဟစနစ်
(င) အခြားရေဝပ်ဒေသဂေဟစနစ်
(စ) မြက်ခင်းဂေဟစနစ်နှင့်
(ဆ) ဒီရေတောဂေဟစနစ်များဖြစ်တည်လျက်ရှိပါသည်။

သစ်တောဦးစီးဌာနသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို အဓိကတာဝန်ခံ ဆောင်ရွက်လျက်ရှိပါသည်။ သို့သော် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းသည် ကျယ်ပြန့်သည့်အပြင် ဆက်စပ်လျက်ရှိသော အခြားအစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန (ယခင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်)သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ရာ၌ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ဆက်စပ်သည့်အစိုးရဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး၍ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် မြန်မာ့ ၂၁ ရာစု အစီအစဉ်ကို ရေးဆွဲအတည်ပြုခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ Forest Resource Environment Development & Conservation Association (FREDA) သည် သစ်တောများပြုစုထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်စိုက်ခင်းများ တည်ထောင်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နေသော မြန်မာ့တောရိုင်းတိရစ္ဆာန်များထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးလုပ်ငန်းများ၌ ပါဝင်ပူးပေါင်းဆောင်ရွက်ရန်ပညာပေးခြင်းနှင့် ဒီရေတောထိန်းသိမ်းရေးနှင့် ပြန်လည်စိုက်ပျိုးရေးလုပ်ငန်းများကို နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သိပ္ပံပညာရပ်ဆိုင်ရာ ကြိုတင်ခန့်မှန်းချက်များအရ ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးကျိုးသက်ရောက်မှုများသည် ပိုမိုပြင်းထန်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုနည်းပါးသည့် လူမှုအဖွဲ့အစည်းကို အလျင်အမြန်တည်ဆောက်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ နိုင်ငံအဆင့် ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီထွေဖြစ်စေရေး အသိပညာမြှင့်တင်ပေးမှုများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ (၂၀၁၉)(Myanmar Climate Change Policy) (2019)၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ (၂၀၁၈–၂၀၃၀) နှင့် မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ သဘာဝအရင်းအနှီး ရေရှည်တည်တံ့အောင်စီမံခန့်ခွဲခြင်းသည် ပြည်သူများ၏ အနာဂတ်အတွက်အခြေခံအချက်တစ်ခုဖြစ်ပါသည်။ သဘာဝအရင်းအနှီးများအား ရေရှည်တည်တံ့စေ၍ ပြည်သူလူထုအတွက် အခွင့်အလမ်းများပေးစွမ်းနိုင်လျှင် စီးပွားရေးစနစ်ကို ထိထိရောက်ရောက်တိုးတက်လာစေနိုင်မည်ဖြစ်ပါသည်။သဘာဝအရင်းအနှီးများအား စနစ်တကျစီမံခန့်ခွဲမှုမရှိပါက ကျွန်ုပ်တို့စားသုံးသောအစားအစာ၊သောက်သုံးသောရေနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးမည့်အရာများ အားလုံးကိုခြိမ်းခြောက်ခံရမည်ဖြစ်ပါသည်။ မြန်မာပြည်သူများအစားအစာနှင့် ရေဖူလုံမှု၊ ရာသီဥတုပြောင်းလဲမှုလျော့ပါးစေခြင်း၊ သပ္ပါယပြုခြင်းနှင့်နောင်လာမည့်မျိုးဆက်သစ်များအတွက် သဘာဝဘေးအန္တရာယ်လျော့ချရေးတို့ကဲ့သို့သော သဘာဝအရင်းအနှီးများမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများအား ရေရှည်တည်တံ့ကောင်းမွန်လာအောင်လုပ်ဆောင်ရန် အထူးလိုအပ်နေပါသည်။ မြန်မာနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်သောဘေးအန္တရာယ်များတွင် မိုးခေါင်မှုဖြစ်စဉ်ပုံ့နှံမှုမြင့်တက်လာခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းလေပြင်းတိုက်ခတ်ခြင်းတို့ပြင်းထန်မှုနှင့် အကြိမ်အရေ အ

PDF Compressor Free Version

တွက်များတိုးပွားလာခြင်း၊ မိုးရွာမှုပုံသဏ္ဍာန်မတည်ငြိမ်မှုနှင့် စံချိန်တင်ပိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များ ရေကြီးရေလျှံမှုများနှင့် ပင်လယ်ရေလှိုင်းကြီးများဖြစ်ပေါ်မှု မြင့်တက်လာခြင်းတို့ပါဝင်ကြောင်း Myanmar Climate Change Alliance အဖွဲ့က ၂၀၁၉ ခုနှစ်တွင်ဖော်ပြခဲ့ပါသည်။ အနာဂတ်တွင် ကြုံတွေ့နိုင်သောပြောင်းလဲမှုများသည် မြန်မာနိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်တို့ဆိုင်ရာထုတ်လုပ်မှုများအပေါ်အကျိုးဆက်များစွာဖြစ်ပေါ်စေနိုင်ပါသည်ဟု သုံးသပ်ထားပါသည်။ ကမ္ဘာနှင့်အဝှမ်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကြောင့်ဖြစ်ပေါ်လာစေသော ရာသီဥတုဒဏ်ကို သိသိသာသာခံစားနေကြရပြီဖြစ်ရာ မြန်မာနိုင်ငံသည်လည်း ဆိုးရွားစွာထိခိုက်ခံစားရနိုင်ခြေရှိသည့်နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ခံနေရပါသည်။ အယ်နီညိုရာသီဥတုနှင့်အတူ အပူချိန်'*တစတစ*'လွန်ကဲလာခြင်း၊ရတ်တရက်လေပြင်းများတိုက်၍ မိုးသီးကြွေခြင်း၊ ရေလွှမ်းမိုးမှုနှင့်မုန်တိုင်းကြီးများအန္တရာယ်ကျရောက်နိုင်ခြင်း၊ ရေရှားပါးမှုစသည့် သဘာဝဘေးအန္တရာယ်များကို မြန်မာနိုင်ငံဒေသအချို့တွင် '*ခပ်စိပ်စိပ်*' ဖြင့် ပြင်းပြင်းထန်ထန်ခံစားလာရသည်ကို တွေ့နေရပါသည်။

မြန်မာနိုင်ငံတွင် ဆုံးရှုံးသွားသော သစ်တောဧရိယာများကို ပြန်လည်ကုစား၍ သစ်တောသစ်ပင်များနှင့်စိမ်းလန်းသောအခြေအနေတစ်ရပ်ကို အလွယ်တကူဖန်တီး၍မရနိုင်သော၊ ဆင်းရဲသောနိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနည်းပညာရပ်ပိုင်းတွင် အားနည်းနေကြောင်းကိုလည်း လေ့လာသိရှိရပါသည်။

သစ်တောဥပဒေ (၂၀၁၈) အပိုဒ် ၃ တွင်အောက်ပါအခြေခံမှုများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါသည်။

(က)ပြည်ထောင်စုအစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) ပြည်ထောင်စုအစိုးရ၏ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) ပြည်ထောင်စုအစိုးရ၏ သစ်တောရေးရာမူဝါဒနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ)သစ်တောများ ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်၊

(င) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီဆောင်ရွက်ရန်၊

(စ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေးတို့ကို တပြိုင်တည်းဆောင်ရွက်နိုင်ရန်၊

(ဆ)ပြည်တွင်းလောင်စာလိုအပ်ချက်များ အထောက်အကူဖြစ်စေရန်၊

(ဇ) စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသော ထာဝစဉ်တည်တံ့စေသည့် သစ်တောစီမံအုပ်ချုပ်မှုကိုအကောင်အထည် ဖော်ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

သစ်ခွေးချယ်ခုတ်ယူခြင်းအပါအဝင် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် လုပ်ငန်းများမဖြစ်မနေဆောင်ရွက်တော့မည်ဆိုလျှင် သစ်ထုတ်လမ်းများကို အတတ်နိုင်ဆုံးကန့်သတ်ခြင်း၊ သစ်တောသစ်ပင်များ ပြန်လည်ကြီးထွားလာနိုင်ရေးအတွက် လုံလောက်သောအချိန်ပေးခြင်း စသည့်ဘေးထွက်ဆိုးကျိုးသက်ရောက်မှုများကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပါမှသာလျှင် မူရင်းသစ်တောများ၏တန်ဖိုး ထိခိုက်မှုကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့သော သစ်တောအမျိုးအစားအားလုံးပေါ်တွင် ၎င်းတို့၏ အကျိုးသက်ရောက်မှုများကို စိစစ်သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းပိုမိုဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။ မူရင်းသစ်တောများမှပေးစွမ်းနိုင်သော ဂေဟဗေဒစနစ်ဆိုင်ရာဝန်ဆောင်မှုများဖြစ်သည့် လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ထားနိုင်ခြင်း၊ မြေဆီလွှာထိန်းသိမ်းနိုင်ခြင်း၊ မြေအတန်းအစားကျဆင်းခြင်းမှထိန်းသိမ်းကာကွယ်နိုင်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုမှ ကာကွယ်နိုင်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲတို့၏ မျိုးရိုးဗီဇဆိုင်ရာသယံဇာတများ တန်ဖိုးရှိမှုတို့ကို အလေးအနက်ထား၍ကောင်းစွာသတိပြုလေ့လာမိရန် လိုအပ်ပါသည်။

အလွန်လျင်မြန်စွာ ပြောင်းလဲနေသောခေတ်တွင် လာမည့် နှစ်အနည်းငယ်တွင်ဖြစ်ပေါ်လာမည့် အခြေအနေကို အတိအကျခန့်မှန်းရန် အလွန်ခဲယဉ်းပါသည်။

စာမျက်နှာ (၂၄) သို့ ⇒

PDF Compressor Free Version

# အကျိုးကျေးဇူးမျိုးစုံရရှိဖို့ စိုက်ပျိုးပြုစုထိန်းသိမ်းစို့



ဒေါက်တာ သောင်းနိုင်ဦး

## သစ်တောသစ်ပင် အကျိုးကျေးဇူးစုံလင်

သစ်ပင်စိုက်ပျိုးခြင်းသည် ရွှေတိုက်၊ ငွေတိုက်ကို ပိုင်စိုးရသကဲ့သို့ အကျိုးကျေးဇူးအမျိုးမျိုးကို ရရှိခံစားနိုင်ပြီး သစ်တောများကအထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများက သက်ရှိလောကအတွက် အလွန်ပင်အရေးပါလှသည်။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် မျက်မှောက်ခေတ်လူသားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်ကိုလည်း မလျော့ပါးစေသည့် ဖွံ့ဖြိုးတိုးတက်မှုမျိုးဖြစ်စေရန် အထူးအရေးကြီးလှပါသည်။ စီးပွားရေးသက်သက်ဖွံ့ဖြိုးတိုးတက်စေရန်ထက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဂေဟစနစ်တည်ငြိမ်ရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စသည့် အပြန်အလှန်ဆက်စပ်နေသော ဘက်စုံကဏ္ဍစုံ တစ်ပြေးညီရေရှည် ဖွံ့ဖြိုးတိုးတက်ခြင်းကိုရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သစ်တောထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်း အမျိုးမျိုးတည်ထောင်ခြင်းနှင့် ဒီရေတောအပါအဝင်သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းစဉ်များသည် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများကိုတိုးပွားစေ၍ ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များအတွက် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာအကျိုးကျေးဇူးများဖော်ဆောင်နိုင်ပါသည်။ သစ်တောများမှ အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှု၊ ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုအမျိုးမျိုးရှိပြီး အောက်ဖော်ပြပါအတိုင်း အမျိုးအစားခွဲခြားဖော်ပြကြပါသည်–

- **ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှုများ (Provisional Services)**
  - ◆ သစ်၊ ထင်း၊ ဝါး၊ ကြိမ်၊ မှို၊ ဆေးဖက်ဝင်ပင်များ၊ ဖာလာ၊ ဓနိ၊ သက္ကယ်၊ ရှားစေး၊ သစ်ခွများအပါအဝင် သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ မျိုးရိုးဗီဇအရင်းအမြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားရေရိက္ခာများစသည့် ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ၊
- **ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ (Regulating Services)**
  - ◆ ရာသီဥတုပြောင်းလဲမှုအားထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်း၊ သဘာဝဘေးအန္တရာယ်များတားဆီးကာကွယ်ခြင်း၊ ရေအရင်းအမြစ်ထိန်းသိမ်းခြင်းနှင့်သန့်စင်ခြင်း၊ လေကောင်းလေသန့်ရရှိစေခြင်း၊ မြေတိုက်စားမှု မြေပြိုမှုများမှကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်း၊ ပိုးမွှားကျရောက်မှုများမှကာကွယ်ခြင်း၊ တောရိုင်းတိရစ္ဆာန်များအတွက်နေရင်းဒေသများဖန်တီးပေးခြင်း စသည့်ဝန်ဆောင်မှုများ၊
- **ယဉ်ကျေးမှုနှင့်စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ (Cultural and Spiritual Services)**
  - ◆ အရိပ်နားခို၍ အပန်းဖြေနိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာလှပပြီး မျက်စိပသာဒဖြစ်စေခြင်း၊ ယုံကြည်မှုကိုးကွယ်မှုများအတွက်အထောက်အပံ့ပြုခြင်း၊ ရိုးရာဓလေ့များနှင့်ဆက်နွယ်ခြင်း၊ တန်ဖိုးထားမှုနှင့်စိတ်ပိုင်းဆိုင်ရာအထောက်အပံ့ဖြစ်စေခြင်း စသည့်ဝန်ဆောင်မှုများ၊
- **ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးသည့်ဝန်ဆောင်မှုများ (Supporting Services)**
  - ◆ မြေဆီအာဟာရ ဖြစ်ပေါ်မှုဖြစ်စဉ်များ၊ မြေဆီလွှာဖြစ်ပေါ်လာမှုဖြစ်စဉ်များ၊ မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်စဉ် အဆင့်ဆင့်အပါအဝင် ပတ်ဝန်းကျင်

ဆိုင်ရာ ဝန်ဆောင်မှုများအား ချိတ်ဆက်ပေါင်းစပ် ထောက်ပံ့ပေးသည့်ဝန်ဆောင်မှုများ။

PDF Compressor Free Version

သစ်ပင်သစ်တောများက ထောက်ပံ့သော အကျိုးကျေးဇူးများကား များပြားလှပါသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ပတ်ဝန်းကျင်နှင့်ဂေဟစနစ်ဆိုင်ရာဝန်ဆောင်မှုများကို တိုးပွားစေ၍ စီးပွားရေး၊ လူမှုရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးအမျိုးမျိုးကို ဖော်ဆောင်ပေးနိုင်သဖြင့် လူတိုင်း၊ လူတိုင်း တစ်နိုင်တစ်ပိုင်၊ တစ်အုပ်တစ်မ စိုက်ပျိုးခြင်းမှအစပြု၍ မိမိတို့စွမ်းဆောင်နိုင်သလောက် သစ်ပင်များစိုက်ပျိုးသင့်ပါသည်။

**ရာသီဥတု မျှတဖို့**

*"ဥတုရာသီ၊ တောကိုမှီ"* ဆိုသကဲ့သို့ သစ်ပင်သစ်တောများသည် ရာသီဥတုပြောင်းလဲမှုအားထိန်းညှိပေးပါသည်။ လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်း၊ သက်ရှိတို့ အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ပြန်လည်ထုတ်ပေးခြင်းဖြင့် အရေးကြီးသော ဝန်ဆောင်မှုများပေးလျက်ရှိပါသည်။ ရာသီဥတုပြောင်းလဲမှုလျှော့ချခြင်း၊ ရာသီဥတုနှင့်သဟဇာတဖြစ်စေရန် ထိန်းညှိခြင်းတို့ကို သစ်တောများမှဆောင်ရွက်ပေးပါသည်။ ရာသီဥတုမျှတကောင်းမွန်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအပါအဝင်ဆက်စပ်လျက်ရှိသောလုပ်ငန်းများ အဆင်ပြေကောင်းမွန်အောင်ပံ့ပိုးပေးသည့်အတွက် ဆက်စပ်လုပ်ငန်းကဏ္ဍအသီးသီးကလည်း သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းကို လုပ်ငန်းကဏ္ဍအလိုက်ပိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကဏ္ဍအလိုက်လုပ်ငန်းများပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်ပါသည်။

**ရွှေပင်ငွေခက်၊ တောမှထွက်၏**

သစ်တောများမှ ရွှေပင်၊ ငွေခက်များရသကဲ့သို့ တင်စားပြောဆိုခြင်းဖြစ်သည်။ သစ်တောများမှ အဖိုးတန်သစ်အမျိုးမျိုး၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ ပျားရည်၊ မှို၊ ချိတ်၊ ငှက်သိုက်၊ ဆေးဖက်ဝင်ပင် စသည့်သစ်တောထွက်ပစ္စည်းများကို ရရှိပါသည်။ မိမိတို့အိမ်၊ အဆောက်အဦ၊ ပရိဘောဂအမျိုးမျိုးနှင့်လယ်ယာသုံးသစ်များကို သစ်ပင်သစ်တောများမှရရှိပါသည်။ သစ်တောထွက်ပစ္စည်းများကို ထုတ်ယူသုံးစွဲခြင်း၊ စုဆောင်းရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေသည်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေပါသည်။ သားစဉ်မြေးဆက်စဉ်ဆက်မပြတ်ရရှိစေရန် စနစ်တကျထိန်းသိမ်းစီမံအုပ်ချုပ်ပြီး ထုတ်ယူသုံးစွဲကြရမည်ဖြစ်ပါသည်။

**သစ်ပင်စိုက်ပျိုး အလှတိုး**

ပတ်ဝန်းကျင်သာယာစေဖို့ မျက်စိပသာဒဖြစ်စေဖို့ ရာသီဥတုမျှတစေဖို့ သစ်ပင်စိုက်ပျိုးခြင်းသည် အကောင်းဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံး၊ အလွယ်ကူဆုံး၊ အရိုးရှင်းဆုံးသော လုပ်ငန်းတစ်ခုဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ ကျား၊ မ မရွေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သောလုပ်ငန်းတစ်ခုဖြစ်သည်။ အလှအပမျက်စိပသာဒကောင်းမွန်စေပါသည်။ လမ်းဘေးဝဲယာတွင် စိုက်ပျိုးခြင်းဖြင့် စိမ်းစိမ်းစိုစိုအပင်များတွင် ဖြူ၊ နီ၊ ဝါ၊ ပြာ၊ ခရမ်း အရောင်မျိုးစုံ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာပြီးရှုမငြီးနိုင်အောင်မျက်စိပသာဒဖြစ်ရပါသည်။

*"နွေ ထနောင်း၊ ဆောင်း မန်ကျည်း"*ဟု ဆိုရိုးရှိသည်နှင့်အညီ အညာဒေသများတွင် နွေအပူဒဏ်ခံနိုင်စေရန် ထနောင်းပင်များ၊ မန်ကျည်းပင်များကို လမ်းဘေးဝဲယာများ၊ အိမ်ခြံကွက်လပ်များ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်းများတွင် စိုက်ပျိုးကြပါသည်။ ရောင်စုံပန်းများဖူးပွင့်သော အပင်များမဟုတ်သော်လည်း အညာဒေသ၏ ဒေသခံပြည်သူများအတွက် နွေ၊ မိုး၊ ဆောင်း နားခိုရာအပင်များဖြစ်သဖြင့် အထူးတန်ဖိုးထားကြသည့် အပင်များဖြစ်ပါသည်။ ထို့ကြောင့်လည်း *"သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပကြည်နူးရ၏"*လို့ဆိုခြင်းဖြစ်ပါသည်။ ကျေးရွာများနှင့် မြို့ပြများ လမ်းဘေးဝဲယာနှင့် ကွက်လပ်များတွင် သစ်ပင်များစိုက်ပျိုးခြင်းသည် မျက်စိပသာဒလှပစေရုံသာမက သန့်ရှင်းလတ်ဆတ်သောလေများရရှိပြီး အပူချိန်ကိုလည်း လျှော့ချပေးနိုင်သဖြင့် မိမိတို့ကျေးရွာ၊ ရပ်ကွက်အလိုက် အလှတိုးစေရန် သစ်ပင်များစိုက်ပျိုးသင့်ပါသည်။

**စားရေ ရိက္ခာ ဖူလုံဖို့ ၊ စားပင်သီးပင် စိုက်ပျိုးစို့**

အရိပ်ရသောအပင်များကိုစိုက်က အရိပ်ရပါသည်။ အသီးစားရသောအပင်စိုက်ပျိုးက အသီးစားကြရပါသည်။ သစ်၊ ထင်းအတွက်ရည်ရွယ်ပြီးစိုက်က အချိန်တန်လျှင် သစ်၊ တိုင်၊ မျော၊ ထင်းတို့ကိုရရှိနိုင်မည်ဖြစ်ပါသည်။ မိမိကျေးရွာ၊ အိမ်ခြံ၊ လယ်ယာပတ်လည်တွင်ရာသီအလိုက်သီးနှံများစိုက်ပျိုးခြင်း၊ သရက်၊ ပိန္နဲ၊ ထောပတ်၊ မာလကာ၊ သင်္ဘော၊ သီး၊ ဥသျှစ်၊ ဇီး၊ မရမ်း စသည့် မိမိအရပ်ဒေသနှင့်ကိုက်ညီသည့် စားပင်သီးပင်များ စိုက်ပျိုးခြင်းဖြင့် မိမိတို့စားသုံးနိုင်ရုံသာမက မိတ်ဆွေများ၊ ရပ်ဆွေရပ်မျိုးများ လက်ဆောင်ပေးနိုင်ခြင်း၊ ပိုလျှံသော သီးနှံများရောင်းချခြင်းဖြင့် ဝင်ငွေတိုးပွားနိုင်ပါသည်။ မိမိအိမ်၊ လယ်ယာ၊ ကျေးရွာ၊ ရပ်ကွက်ပတ်ဝန်းကျင် စိမ်းလန်းစို

PDF Compressor Free Version

ပြည်သည့်အပြင် ရာသီအလိုက်သီးပွင့်လာသည့်အသီး၊ အရွက်၊ အညွန့်တို့ကို လည်း စားသုံးကြရပြီး စားရေရိက္ခာ ဖူလုံစေပါသည်။ "*နွယ်၊ မြက်၊ သစ်ပင် ဆေးဖက်ဝင်*" ဆိုသကဲ့သို့ အပင်ကြီးငယ် ချုံ၊ နွယ်မရွေး သူ့နေရာနှင့်သူ အသုံးဝင်ပြီး ပတ်ဝန်းကျင်အတွက် အကျိုးများသဖြင့် နည်းများမဆို စိုက်ပျိုးသင့်လှပါသည်။

**စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

လူတိုင်း၊ အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း အစားအစာချက်ပြုတ်ကြော်လှော်ရန်၊ အနွေးဓာတ်၊ အပူဓာတ်ရရှိဖို့ ထင်း၊ မီးသွေးလောင်စာများကို အားပြုကြရသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လျှပ်စစ်၊ ဂတ်စ်၊ ဆိုလာစသည့်စွမ်းအင်များ လုံလုံလောက်လောက်သုံးစွဲနိုင်ရန်အကန့်အသတ်ရှိသဖြင့် မိရိုးဖလာ အစဉ်အလာအရ သုံးစွဲခဲ့သော ထင်း၊ မီးသွေး လောင်စာများကိုပင် အသုံးပြုကြရသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်ပြီး နေ့စဉ်ချက်ပြုတ်စားသောက်ရန်အတွက် ထင်း၊ မီးသွေးကို အဓိကလောင်စာအဖြစ်သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံ ကျေးလက်နှင့်မြို့ပြဒေသနေ ပြည်သူအများစုအတွက် နှစ်စဉ်ထင်းလိုအပ်ချက် ကုဗတန် ၁၆.၅၃ သန်းခန့်ရှိပြီး ကျေးလက်နှင့် မြို့ပြနေပြည်သူများ၏ ထင်း၊မီးသွေးသုံးစွဲမှုသည် စုစုပေါင်းစွမ်းအင်သုံးစွဲမှုပမာဏ၏ ၇၆.၄၁ အထိရှိပါသည်။

"*သစ်တောသစ်ပင်စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ*" စကားသည် လက်တွေ့ကျလှသည်။ ထင်းလောင်စာရရှိရေး သဘာဝတောများကိုသာ အားကိုးအားထားမပြုဘဲ လောင်စာစွမ်းအင်ဖူလုံဖို့ သစ်ပင်များစိုက်ပျိုးဖို့လိုအပ်ပါသည်။ မိမိတို့ကိုယ်တိုင် လယ်၊ ယာ၊ အိမ်ဝန်းခြံနှင့် ခြံစည်းရိုးများတွင် စိုက်ပျိုးထုတ်လုပ်နိုင်ပါသည်။ ကြီးမြန်သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ထင်း၊ မီးသွေး၊ ဇီဝဒြပ်ထုလောင်စာစွမ်းအင်များရရှိနိုင်ပြီး သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

**ရေကြည်ချမ်းမြ သစ်တောမှရ**

ရေသည် သက်ရှိသတ္တဝါများအသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံး သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။ အစိုးမဖြတ်နိုင်သည့် သဘာဝသယံဇာတဖြစ်သည်။ ထို့ကြောင့် "*ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်* "ဟုဆိုကြ၏။ "*ရွှေကိုမလို၊ ရေကိုသာလိုသည်*" ဟုဆိုကြသည်။ ရေသယံဇာတသည် သစ်ပင်သစ်တောများမှ အထောက်အပံ့ပြုသည့် အလွန်အဖိုးတန်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုတစ်ခုဖြစ်သည်။

သစ်တောများရှိမှသာ သဘာဝရေဦးရေထွက်များ၊ စိမ့်ရေစမ်းရေများ ရရှိနိုင်သည်။ သစ်တောများပြုန်းတီးခြင်းကြောင့် သဘာဝရေထွက်များ၊ စိမ့်ရေစမ်းရေများ ခမ်းခြောက်ပျောက်ကွယ်ကြရသည်။သစ်တောများဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ကမ္ဘာ့အကြီးဆုံးမြို့တော်ကြီးများ၏ သုံးပုံတစ်ပုံသည် ၎င်းတို့အတွက်လိုအပ်သည့် သောက်သုံးရေ ရာခိုင်နှုန်းအများစုကို သစ်တောများဖုံးလွှမ်းနေသည့် သဘာဝနယ်မြေများမှ ရရှိခြင်းဖြစ်သည်။ သစ်တောများသည် သဘာဝရေသန့်စက်ကြီးများသဖွယ်ဖြစ်၍မြေဆီလွှာတိုက်စားခြင်း၊ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့် အင်းများ အတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို လျှော့ချပေးနိုင်ခြင်းဖြင့် လူနှင့်သက်ရှိများကို အကျိုးပြုလျက်ရှိသဖြင့် ရေဝေရေလဲသစ်တောများထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

**ဇီဝမျိုးစုံ၊ တောမှာစုံ**

ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ အပင်နှင့် တိရစ္ဆာန်မျိုးရင်းမျိုးစိတ်များ၊ဇီဝမျိုးအရင်းအမြစ်များ ၎င်းတို့အချင်းချင်းအပြန်အလှန်ဆက်စပ်မှုများဖြစ်ပါသည်။ သက်ရှိများရှင်သန်ဖို့ အပင်၊ တိရစ္ဆာန်ဇီဝမျိုးစုံမျိုးကွဲတို့ အပြန်အလှန်အမှီသဟဲပြုကြရပါသည်။ လူသားများ ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်သော အစားအစာ၊ ဆေးဝါး၊ နေရာထိုင်ခင်း၊ အဝတ်အစားတို့အတွက် ဇီဝမျိုးစုံမျိုးကွဲများက ထောက်ပံ့ပေးပါသည်။ သစ်ပင်၏ အရွက်၊ အသီး၊ အခေါက်၊ အမြစ်စသည့် အစိတ်အပိုင်းများကို အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ နေထိုင်စရာတို့အဖြစ် ဖန်တီးထုတ်လုပ်ပေးပါသည်။ အပင်မျိုးရင်းမျိုးစိတ်အမျိုးမျိုး၊ အသား၊ ငါး အမျိုးမျိုးကိုစားသောက်ပြီးလူသားများရှင်သန်ကြရပါသည်။

ကျေးငှက်၊ တိရစ္ဆာန်များက အပင်ဇီဝမျိုးစုံ ကြွယ်ဝဖို့ ဝတ်မှုန်ကူးခြင်း၊ သစ်ဥသစ်ဖု၊ သစ်စေ့များကိုစားသောက်ပြီး သစ်စေ့များကို နေရာဒေသအသီးသီးသို့ ဖြန့်ကျက်သယ်ဆောင်ပေးခြင်းဖြင့် ကူညီပေးကြသည်။ ဒီရေတောများသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ရေနေသတ္တဝါများအတွက် နေရင်းဒေသ၊ သားပေါက် ပျော်မွေ့ရာနေရာဖြစ်ပါသည်။ "*သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားခို*"ဆိုသကဲ့သို့ သစ်ပင်များဖြင့် ဖွဲ့စည်းထားသည့် တောတောင်စိမ့်စမ်းများသည် တောရိုင်းတိရစ္ဆာန်ဇီဝမျိုးစုံတို့အတွက် ပျော်မွေ့ရာ၊ကျင်လည်ကျက်စားရာနေရာဒေသ

များဖြစ်ပါသည်။ ကြွယ်ဝသည့် ဇီဝမျိုးစုံမျိုးကွဲများကိုသစ်ပင် သစ်တောဧရိယာများတွင်တွေ့ရာတွင် စုံစုံလင်လင်တွေ့နိုင်သဖြင့် သစ်ပင်သစ်တောများကို ထိန်းသိမ်းကြရမည်ဖြစ်ပါသည်။

PDF Compressor Free Version

**သဘာဝဘေးအန္တရာယ် လျော့ပါးဖို့**

သစ်ပင်သစ်တောများသည် လေပြင်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှု၊ မြေတိုက်စားမှုများကို အကာအကွယ်ပေးနိုင်ပါသည်။ သစ်ပင်သစ်တောများ၊ ဒီရေတောများကြောင့် မြစ်ချောင်းနှင့်ကမ်းရိုးတန်းတစ်လျှောက်ကျေးရွာ၊ ရပ်ကွက်မြို့ရွာများ၊ မြို့များ လေဒဏ် မိုးဒဏ် လှိုင်းဒဏ်လျော့ပါးသက်သာစေပါသည်။ သည်းထန်သည့် မိုးရေများကို သစ်မြစ်များက စုပ်ယူထိန်းသိမ်းထားပြီး ရေကို တဖြည်းဖြည်းချင်းလွှတ်ထုတ်သဖြင့် ရေကြီးမှုကိုလျော့နည်းစေပါသည်။ ကမ်းရိုးတန်းများတည်ငြိမ်စေပါသည်။ အနည်အနှစ် အစိုင်အခဲများကို စစ်ထုတ်ပေးခြင်းဖြင့် ရေကို သန့်စင်ကြည်လင်စေပါသည်။

သစ်မြစ်များက မြေစိုင်မြေခဲမြေသားများကို ရစ်ပတ် တုတ်နှောင်ထားသောကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေဆီလွှာရေတိုက်စားခြင်းတို့ကို ကာကွယ်ပေးပါသည်။ သစ်ပင်သစ်တောများကြောင့် လူသားနှင့် သက်ရှိတို့၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမှ အကာအကွယ်ပေးနိုင်ခဲ့သည့် သာဓကများစွာရှိခဲ့ပါသည်။ ထို့ကြောင့် သစ်တောသစ်ပင်များကို "*သဘာဝအစိမ်းရောင်တံတိုင်းကြီးများ*" ဟုတင်စားခေါ်ဝေါ်ကြပြီး ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းပေးသည့်သဘာဝကို အခြေခံသောနည်းလမ်း (Nature-based Solution) တစ်ရပ်အဖြစ် ကျယ်ပြန့်စွာ အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

**ထာဝရကုသိုလ် ရရှိလို**

သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်၏။ ထာဝရကုသိုလ် (၆)ပါး ဆိုသည်မှာ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များစိုက်ပျိုးလှူဒါန်းခြင်း (အာရာမရောပဒါန)၊ အရိပ်ရအပင်စားသုံးပင် စသော သစ်ပင်ကြီးငယ်ခြင်းတို့ကို စိုက်ပျိုးလှူဒါန်းခြင်း(ဝန ရောပ ဒါန)၊ တံတားခင်းလမ်းဖောက်လှူဒါန်းခြင်း (သေတုကာရ ကဒါန)၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း (ပပါဒါန)၊ ရေတွင်းရေကန် ရေမြောင်းများတူး၍လှူဒါန်းခြင်း (ဥပဒါန)၊ ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြဿဒ်၊ နားနေရိပ်သာဆေးရုံဆေးခန်းစသောအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်း(ဥပဿယဒါန)တို့ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းသည် ထာဝရကုသိုလ်တစ်ပါးအဖြစ် ပါဝင်သည်။ သစ်ပင် စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်း၊ ပြဿဒ်နှင့်အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသောကုသိုလ်ကို ရရှိခံစားနိုင်မည်ဖြစ်သဖြင့် ကုသိုလ်ရေးရှုထောင့်မှ ကြည့်လျှင်လည်း သစ်ပင်စိုက်ပျိုးခြင်းသည် အလွန်အကျိုးကျေးဇူးများသောလုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

**အကျိုးကျေးဇူးမျိုးစုံရရှိဖို့၊ စိုက်ပျိုးပြုစုထိန်းသိမ်းစို့**

သစ်ပင်စိုက်ရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်၊စိုက်သမျှအပင်ရှင်သန်ဖို့ အလွန်အရေးကြီးလှပါသည်။ သစ်စေ့မှ ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အားများစွာ အရင်းအနှီးစိုက်ထုတ်ခဲ့ရသည်။ ပတ်ဝန်းကျင်၊ ရေ၊ မြေ၊ ဒေသ အနေအထားနှင့် သဟဇာတဖြစ်သောသစ်မျိုးများဖြစ်ရန် လိုအပ်ပါသည်။ ဒေသမျိုးရင်းအဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည်ဖြင့် ရည်ရွယ်ချက်ချမှတ်ပြီး နေရာဒေသအလိုက် စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်နိုင်ရန် ကမ်းရိုးတန်းဒေသများတွင် ဒီရေတောသစ်မျိုးများ စိုက်ပျိုးရာတွင်လည်း ဒီရေအဝင်အထွက်ရှိသည့်နေရာဖြစ်ရန်လိုအပ်ပြီး ရာသီဥတု၊ ဒီရေအတက်အကျ၊ ဆားငန်ရေရရှိမှု၊ မြေဆီလွှာအခြေအနေနှင့်ကိုက်ညီတဲ့ သစ်မျိုးများ ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်ပါသည်။

သစ်ပင်ရှင်သန်အောင်စိုက်ပျိုးခြင်းသည် လွယ်ကူသော်လည်း ကြီးအောင် ပြုစုဖို့ မြဲအောင် ထိန်းသိမ်းရန် ခက်ခဲပါသည်။ အပင်တိုင်း အပင်တိုင်းကို တန်ဖိုးထားလျက်စတင်စိုက်ပျိုးခြင်းမှသည် ကြီးပြင်းသည့်အထိ ရေလောင်းခြင်း၊ ပေါင်းရှင်းခြင်း၊ မီးကာကွယ်ခြင်း၊ သေပင်ဖာထေးခြင်း၊ ကျွဲ၊ နွား၊ ဆိတ် စသည့်တိရစ္ဆာန်များ ဖျက်ဆီးမှုမရှိစေရေးကာကွယ်ခြင်း၊ လုပ်ငန်းများကို ရာသီအလိုက် လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များကို ကြီးအောင်ပြုစုနိုင်လိမ့်မည်။ မြဲအောင်ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။ သို့မှသာ သစ်ပင်များကပေးစွမ်းသော အကျိုးကျေးဇူးမျိုးစုံကိုရရှိခံစားနိုင်မည်ဖြစ်ပါသည်။ မကြာမီလာမည့် မိုးရာသီအကြိုနှင့်မိုးရာသီကာလများတွင် မြေဆီစိုခိုက် သစ်ပင်စိုက်ပျိုးနိုင်ရန် အပင်မျိုးမှန်၊ နည်းစနစ်မှန်၊ အချိန်မှန်၊ ပြုစုစောင့်ရှောက်မှုမှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြပါစို့ဟု နှိုးဆော်တင်ပြလိုက်ပါသည်။

(၂၄–၄–၂၀၂၄)ရက်နေ့ထုတ် ကြေးမုံသတင်းစာနှင့်
(၂၅–၄–၂၀၂၄)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာများတွင်
ဖော်ပြပါရှိပြီးဖြစ်ပါသည်။

PDF Compressor Free Version




**ဖန်ခါးမြေ**

၁၉၉၆ ခုနှစ်လောက်က မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ တိုင်းညွှန်မှူးက အစ်ကိုကြီးဦးထွန်းသန်း၊ ခရိုင်လက်ထောက်ညွှန်မှူးက အစ်ကိုဦးဝင်းနိုင်ပါ။ မကွေးမှာ တာဝန်ကျတုန်းက ထူးခြားတဲ့အချက် နည်းနည်းလောက်ပြောပြချင်ပါတယ်။ အဓိကကတော့ စိမ်းလန်းစိုပြည်ရေးလမ်းဘေးဝဲယာစိုက်ခင်းတွေလုပ်ရပါတယ်။ ပထမတော့ မြို့နယ်ကောင်စီတာဝန်ပေးချက်တွေလုပ်ရပါတယ်။

နောက်ပိုင်းကျတော့ တိုင်းကောင်စီက ခေါ်တဲ့ စိမ်းလန်းစိုပြည်ရေးနဲ့ပတ်သက်တဲ့ အစည်းအဝေးဆိုရင် အစ်ကိုကြီးဦးထွန်းသန်းက ကျွန်တော့်ကို တစ်ပါတည်းခေါ်သွားပါတယ်။ အစ်ကိုကြီးက ကျွန်တော့်ကို သူ့အနားမှာ ထိုင်ခိုင်းပြီး တိုင်းကောင်စီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့ရဲ့ တာဝန်ပေးစေခိုင်းတာတွေကို သေသေချာချာမှတ်ခိုင်းပါတယ်။ နောက်ပြီးကျ "ခင်ဗျားပဲလုပ်ရမှာ" လို့လည်း ပြောသေးတယ်။ အစည်းအဝေးပြီးတာနဲ့ အစ်ကိုကြီးက–

"ကဲ...ဦးအောင်ခင် လုပ်ပေတော့" ဆိုပြီး နှုတ်မိန့်ပေးပါတယ်။ တိုင်းက ခရိုင်ကို ညွှန်ကြား၊ ခရိုင်က မြို့နယ်ကို ညွှန်ကြား၊ အဲ့သလို အချိန်ကုန်မခံတော့ဘူး။ တိုင်းမှာက ဗိုလ်မှူးကြီးမောင်ပါက ဥက္ကဋ္ဌ၊ တိုင်းအတွင်းရေးမှူးက ဒုဗိုလ်မှူးကြီး သိန်းကြိုင်ထင်ပါတယ်။ နောက်ပိုင်းမှာ တိုင်းအတွင်းရေးမှူးက အချိန်မရွေး ကျွန်တော့်ကိုခေါ်ခိုင်းတာတွေကလည်းရှိသေးရဲ့။ တစ်ခုတော်သေးတာက အတွင်းရေးမှူးကတာဝန်ပေးပြီးရင် ပံ့ပိုးမှုလေးအဖြစ် ဒီဇယ်၊ ဓာတ်ဆီလေးအစိုးရဈေးနဲ့ရောင်းပေးတယ်။ ရေကားနဲ့ သစ်ပင်ရေလောင်းတာတို့ ပျိုးဥယျာဉ်မှာရေစက်မောင်းတာတို့သုံးရပါတယ်။

တစ်ခါက နွေခေါင်ခေါင်ကြီးသစ်ပင်စိုက်ခိုင်းတယ်။ ရောဝတီမြစ်ကူးတံတားကိုတက်တဲ့ လမ်းဘေးဝဲယာမှာ စိုက်ရတာ။ အလွန်ပူပြင်းတဲ့ 'ပြေ' ဆိုတဲ့လထဲမှာဗျာ။ လနာမည်ကသာ 'ပြေ' လို့ပြောတာ။ ရာသီကတော့ခြစ်ခြစ်တောက်။ အပူဒဏ်ခံနိုင်တဲ့တမာ၊ မန်ကျည်း၊ ကုက္ကိုစတဲ့ အပင်တွေ ပျိုးဥယျာဉ်ထဲက အကြီးဆုံး ပျိုးပင်တွေ နှစ်ချို့ ပျိုးပင်ကြီးတွေရွေးပြီးစိုက်ကြတာ။ စိုက်ပြီးတော့ ရေကားနဲ့ နေ့စဉ်ရေလောင်းပေးရတယ်။ စိုက်ထားတဲ့အပင်တွေကို အရိပ်ရအောင် ထန်းရွက်အစိမ်းတွေနဲ့ မိုးကာပေးရတယ်။ အစိုဓာတ်လည်းရ၊ စိမ်းစိမ်းစိုစိုလည်း မြင်ရ၊ အဆင်ပြေအောင်ကြိုးစားကြရတာပဲ။ အက်တွန်းနစ်(Atonik) ဆိုတဲ့ ရွက်ဖြန်းမြေဩဇာလည်းဖြန်းတယ်။ သဘာဝနွားချေး မြေဩဇာလည်း စိုက်ကျင်းထဲမှထည့်ထားတယ်။ ကံအားလျော်စွာပဲ အပင်တွေအားလုံးရှင်သန်ကြပါတယ်။ တမာပင်တွေ ဆိုထင်ထားတာထက်ကို ပိုမိုကြီးထွားကြပါတယ်။ အစ်ကိုကြီးကလည်း အားပေးပါတယ်။

"လိုအပ်တာ အကုန်ပြော၊ စိုက်တဲ့အပင်တွေ ရှင်ဖို့လိုတယ်" တဲ့။

အစ်ကိုကြီးလည်း စိုးရိမ်ရှာမှာပေါ့။ အဲဒီအချိန်က လာမည့်ညေ့်သည်က တိုင်းပြည်မှာ အာဏာအရှိဆုံးပုဂ္ဂိုလ်ကိုး။ ကျွန်တော်ကတော့ မကွေးမြို့စွန် မြသလွန်စေတီတော်ကြီးကို မိုးမလင်းခင်တက် ဘုရားရှိခိုး၊ ပုတီးစိတ်လုပ်တာပေါ့ခင်ဗျာ။ အဘဘောသောနဲ့ အဘဘောကျော်တို့ကိုလည်း အမျှဝေဆုတောင်းရသေးတယ်။

**သစ်ပင် စိုက်တဲ့ကုသိုလ်**

ဘုရားဖူးပုတီးစိတ်တဲ့ကုသိုလ်တွေကြောင့်ပဲ ထင်ပါတယ်။ ထိုင်းနိုင်ငံကို လေ့လာရေးခရီးသွားရပါတယ်။ ပထမဆုံးအကြိမ် နိုင်ငံခြားခရီးသွားဖူးခြင်းပါပဲ။ အဘတွေ

မ တာလည်း ဖြစ်နိုင်တယ်။

PDF Compressor Free Version

နောက် သိပ်မကြာခင်မှာပဲ လက်ထောက်ညွှန်မှူး ရာထူးတိုးပြီး ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့ကို ပြောင်းဖို့ အမိန့်ထွက်လာပါတယ်။ အစ်ကိုကြီး ဦးထွန်းသန်းက ရန်ကုန်တိုင်း ပြောင်းရွှေ့ရသလို အစ်ကို ဦးဝင်းနိုင်က ချင်းပြည်နယ်မှူးအဖြစ် ပြောင်းကြရပါတယ်။

**ဇရာအနောက် မြို့တော်ဆီ**

မကွေးရုံးက ဟီးနိုး ရိမ်းဂျာကားနဲ့ ပခုက္ကူကို ထွက်ခဲ့ပါတယ်။ အဲဒီရက်ပိုင်းမှာ ပခုက္ကူမင်းတပ် ကားလမ်းပိုင်းမှာ မိုးတွေရွာနေလို့ မင်းတပ်ကို ဘာကားမှ သွားလို့မရဘူး။ ပခုက္ကူက အစ်ကိုဦးတင်အေးနဲ့သူငယ်ချင်း ပေါ်ဦးခေါ် ဦးဝင်းမြင့်တို့ဆီ လမ်းအခြေအနေစုံစမ်းပါတယ်။ နေသာရင် ပခုက္ကူမင်းတပ်က နေ့ချင်းရောက်ပေမဲ့ မိုးရွာရင် ချောင်းရေကျနေရင် တစ်ပတ်ဆယ်ရက်လည်းကြာနိုင်တယ်တဲ့။ လမ်းနေရာအများအပြားမှာ ဗွက်ပေါက်နေတာလည်းရှိတယ်တဲ့။ လမ်းအခြေအနေက မင်းခေါ်လာတဲ့ကားနဲ့မဖြစ်ဘူး။ ပြန်သာလွှတ်လိုက်ပါတဲ့။ ဒါနဲ့ သူငယ်ချင်းပေါ်ဦးအိမ်မှာ တစ်ပတ်လောက်သောင်တင်ပါလေရော။ ကြာလာတော့ သူငယ်ချင်းလင်မယားကို အားနာလာတာနဲ့ အစ်ကို ဦးတင်အေးဆီက ကားအကူအညီတောင်းပြီး မိန်းမနဲ့ကလေးနှစ်ယောက်ကို ယောက္ခမတိုင်းပြည် တောင်သာမြို့ကို ပြန်ပို့လိုက်ပါတယ်။

အဲဒီမတိုင်ခင် ပေါ်ဦးက ပခုက္ကူမြို့ပေါ်က တန်ခိုးကြီးသီဟိုဠ်ရှင်ဘုရား၊ ရွှေတန့်တစ်ဘုရားတို့အပြင် ပခန်းကြီးက သရက္ခန်ဘုရားတွေအထိ သူ့ကိုယ်ပိုင် တိုယိုတာ ပစ်ကပ်ကားလေးကိုမောင်းပြီး ဘုရားဖူးပို့ပေးပါတယ်။ ထူးတာတစ်ခုက သရက္ခန်ရုပ်ပွားတော်ကိုဖူးပြီး ပခုက္ကူက ပြန်လာတာ ပေါ်ဦးရဲ့အိမ်ရောက်တဲ့အထိ ထူးဆန်းတဲ့ အမွှေးရနံ့ရနေတာ။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး။ ပေါ်ဦးရယ်၊ သူ့ဇနီး သျှီအင်ကြင်းရယ် ကျွန်တော့်ဇနီးရယ် အားလုံးအမွှေးနံ့ရကြတာ။

**မြန်းရလေပြီ ပေါက်မြို့ဆီ**

ကျွန်တော်ကတော့ ပေါက်မြို့အထိ ကားကြုံရှိတာနဲ့လိုက်သွားလိုက်ပါတယ်။ပခုက္ကူနဲ့ပေါက်လမ်းက တစ်ဝက်လောက်ပဲ ကားကောင်းကောင်းမောင်းလို့ရပြီး တစ်ဝက်လောက်က ခက်ခက်ခဲခဲမောင်းရတယ်။ မြေလမ်းကျောက်ကြမ်းလမ်းတွေကိုး။ ပခုက္ကူကထွက်လာပြီးနည်းနည်းမောင်းလာရင်ကမ္ဘာမရောက်ခင် လမ်းရဲ့ဝဲဘက်ကချောင်းနံဘေးမှာ အုန်းပင်တွေက တောအုပ်လို ညို့ညို့မှိုင်းမှိုင်း စိမ်းစိမ်းစိုစိုတွေ့ရပါတယ်။ ပူပြင်းတဲ့အညာမြေမှာ ရေကြိုက်တဲ့အုန်းပင်တွေ တောဖြစ်နေလိမ့်မယ်လို့မမျှော်လင့်ခဲ့ဘူး။ အစ်ကို ဦးတင်အေးရဲ့ဇာတိ ရေပြာရွာကိုလည်း ဖြတ်ခဲ့ရတယ်။ အစ်ကို့အမေကြီးလည်းတွေ့ခဲ့ရတယ်။ တက်မတောင်မှာ သစ်တောပျိုးဥယျာဉ်နဲ့ စိုက်ခင်းတွေလည်း မြင်ခဲ့တယ်။ တောင်ကတုံးတွေကိုယောင်ထုံးနေကြတာ။

ပေါက်မရောက်ခင် ကမ်းပါးဖြူချောင်း သဲချောင်းကျယ်ကြီးကိုဖြတ်ရတယ်။ ချောင်းကြီးကိုမရောက်ခင်မှာ ခရီးသွားတွေအတွက်ဖွင့်ထားတဲ့လမ်းဘေးက ထမင်းဆိုင်တစ်ဆိုင်မှာ ထမင်းဝင်စားကြတယ်။ ဟင်းချက်လက်ရာက မဆိုးဘူး။ ဆန်လည်းကောင်းတယ်။ ထူးခြားတာက ကြက်သားဟင်း၊ ဝက်သားဟင်းတွေကို ထမင်းပန်းကန်ပြားနဲ့ အပြည့်အမောက်ထည့်ပေးတယ်။ စားနေရင်း ဟင်းလျော့သွားရင်ချက်ချင်းထပ်ဖြည့်ပေးတယ်။ ထမင်းရေဟင်းရေတကယ်အဝစားရတယ်။ အဲဒါမှတစ်ယောက်ကို ၇၅ ကျပ်ပဲပေးရတယ်။ တန်မှတန်ပဲနော်။ နောက်အခေါက်တွေကျတော့အဝစား တစ်ယောက် ၁၀၀ ဖြစ်လာတယ်။ နောက်ဆုံးကျတော့ အဝစား တစ်ယောက်ကို ၁၂၅ကျပ် ဖြစ်လာတယ်။ဟင်းလျော့သွားရင် ပြောမှလာထည့်ပေးတော့တယ်။

စားပြီးတာနဲ့ ချောင်းဘက်ပြေးပြီး မိုးမရွာခင် တစ်ဘက်ကမ်းရောက်အောင်ကူးကြရတယ်။ ချောင်းကမိုင်ဝက်မကဘူးကျယ်တယ်။ တချို့နေရာမှာ လမ်းလျှောက်သွားလို့ရပေမဲ့ တချို့နေရာတွေမှာ ရေစီးနေတာ ဒူးလောက်ပေါင်လောက်ရှိတယ်။ ရေနက်တဲ့နေရာကျတော့ လှေနဲ့ကူးကြရတယ်။ တကယ်တောင်ကျရေနဲ့တိုးရင် ကုန်ကားကြီးတွေ ချောင်းထဲမှာမြုပ်ဖူးတယ်တဲ့။ ချောင်းကိုကူးပြီးတဲ့နောက် တော်တော်လေးလမ်းလျှောက်လိုက်တော့ ပေါက်မြို့ကိုရောက်သွားတယ်။

ပေါက်သစ်တောရုံးမှာနားပြီး ခရီးဆက်ဖို့ စုံစမ်းပါတယ်။ ကြားရတဲ့သတင်းကတော့ အားရစရာမရှိပါဘူး။ ကားကြီး ကားသေး ဘာကားမှ သွားလို့မရသေးပါတဲ့။ ဆိုင်ကယ်တောင်သွားလို့မရပါတဲ့။ ဒါနဲ့ ပေါက်သစ်တောရုံးမှာပဲတည်းပြီး ရာသီဥတုသတင်း လမ်းအခြေအနေသတင်းကို နားစွင့်နေရပါတယ်။ နောက် ၃ ရက်လောက်ကြာတော့ ကျွန်တော့်ကိုကြိုဖို့ ဝန်ထမ်းနှစ်ယောက်လွှတ်လိုက်ကြောင်း သတင်းရတယ်။ ထပ်မေးကြည့်တော့ အဲဒီနှစ်ယောက်က ဘာနဲ့လာတာလဲဆိုတော့ခြေလျင်လာကြတာတဲ့။ ဘာတတ်နိုင်မလဲ။ ကိုယ်လည်း ဘသားချောများကိုစောင့်ရုံပေါ့။

**ပုံတောင် ပုံညာ ခရီး**

အကြိုလာတဲ့နှစ်ယောက်က ညနေပိုင်းမှာ ရောက်လာတယ်။ "မနက်ဖြန်မင်းတပ်ကိုပြန်တက်မယ် ရလား"လို့

PDF Compressor Free Version

မေးတော့ ''ရပါတယ်ဆရာ''လို့ဖြေကြတယ်။ ''ဒါဆိုလည်း နားကြကွာ....မနက်ဖြန်စောစောထွက်ကြတာပေါ့''လို့ ပြောပြီးနားခိုင်းလိုက်ပါတယ်။ နောက်နေ့ကျတော့ ကျွန်တော် ခရီးဆောင်အိတ်တစ်လုံးနဲ့ စာရွက်စာတမ်းတွေပါတဲ့ လက်ဆွဲအိတ်တစ်လုံးကို တပည့်နှစ်ယောက်ကသယ်ပြီး ခရီးစခဲ့ပါတယ်။ ပေါက်မြို့ပြင်ရောက်တာနဲ့ လမ်းကဗွက်ပေါက်နေတာတွေ့ရတယ်။ ကား၊ ဆိုင်ကယ်ဘာမှသွားမရဘူး။ စောစောပိုင်းတော့ တောစီးဘွတ်နဲ့ပေါ့။ တော်တော်လေးသွားမိတော့ ဖိနပ်မှာရွှံ့တွေကပ်ပြီး လေးလာလို့ ခြေဗလာနဲ့ပဲလျှောက်ရတော့တာ။ လမ်းက ရွာလေးတစ်ရွာမှာ နေ့လယ်စာစားကြတယ်။ ကြက်သားကြော်လေးရှိတယ်ဆိုတော့အဲ့ဒါနဲ့ပဲစားကြမယ်ပေါ့။ ဒါပေမဲ့ တပည့်တစ်ယောက်က ''ဆရာ ခဏလေး''ဆိုပြီးကျွန်တော်ရှေ့က ကြက်သားကြော်ကိုဖဲ့ပေး၊ မွှပေးတယ်။ ဖဲ့နေရင်းနဲ့ ကြက်သားထဲက ပိုးလောက်လေးတွေတွေ့တယ်။ ကျွန်တော့်ကို ''ဆရာ ကြက်သားကြော်မစားနဲ့တော့၊ ကြက်ဥကြော်နဲ့ပဲစားတော့''ဆိုပြီး ဆိုင်ရှင်ကိုကြက်ဥကြော်ခိုင်းပြီး ဆီဆမ်းဆားဖြူးကျွေးပါတယ်။ မြန်မာပြည်မှာဆိုတော့ ကြက်သားထဲက လောက်တွေ့တာမစားရဲကြဘူးပေါ့။ ကြားဖူး ဖတ်ဖူးတာကတော့ တရုတ်ပြည်မှာထင်တယ်။ ကြက်တစ်ကောင်လုံးကိုလောက်ကျအောင်လုပ်ပြီး 'ကြက်လောက်'ဆိုတဲ့ဟင်းလျာကို ခုံခုံမင်မင် မှာစားကြတယ်ဆိုပဲ။ ဆက်လျှောက်လာကြတော့ တစ်လမ်းလုံး ရွှံ့တွေဗွက်တွေရှုန်းပြီး လျှောက်ကြရတယ်။ ခဲသလဲရှိတဲ့နေရာဆိုရင်လည်း ခြေဖဝါးခဲစူးပါတယ်။ သဲမြေလေးရှိတဲ့နေရာတချို့မှာပဲ လျှောက်လို့ကောင်းပါတယ်။ ရွာတရွာအဝင်မှာချောင်းက ရေကျနေတာ။ ဆရာ တပည့်သုံးယောက်သားစွန့်စွန့်စားစားကူးကြတယ်။ ကူးရင်းနဲ့ ရေက လည်ပင်းလောက်အထိရောက်လာတယ်။ တပည့်တွေက ကျွန်တော့်အိတ်တွေကို ခေါင်းပေါ်တင်ပြီး ဖြည်းဖြည်းကူးကြရတယ်။ ရေစီးကလည်းသန်တယ်။ ကံကောင်းလို့ ရေမျောပြီး ရေနစ်ပြီးမသေကြတာ။

**တောင်တန်းကြားက တဗျန်း**

ညနေစောင်းမှာ ပုံတောင် ပုံညာ တောင်တန်းနှစ်ခုကြားက 'တပျင်း'ဆိုတဲ့ရွာရောက်တယ်။ သူတို့ ခေါ်သံကြားရတာကတော့ 'တဗျန်း'တဲ့။ တပျင်းရွာမှာ သစ်တောကင်းရုံးလေးတစ်ခုရှိတယ်။ ရောက်ရောက်ချင်း ခဏနားပြီးတော့ ရွာလယ်က ချောင်းထဲမှာရေသွားချိုးကြတယ်။ ရေစီးနေတာက ဒူးလောက်ပဲရှိတယ်။ ကျောက်ခဲတွေပေါ်မှာစီးနေတာ။ အာလူးကျောက်အကြီးအသေးဆိုက်စုံတွေ။ ဒါပေမဲ့ ချောင်းထဲဆင်းပြီး ထိုင်လဲရေစိမ်လိုက်ရော ရေစီးကသန်လွန်းတော့ လူကနှစ်ပတ်လောက်လိမ့်သွားတယ်။ မနည်းကြိုးစားပြီးပြန်ထရတယ်။ တစ်နေကုန်လျှောက်ထားရတော့ ခြေမခိုင်တော့တာလည်းဖြစ်မယ်။ ညစာကိုတော့ ရွာထဲက တာဝန်ကျ သစ်တောဝန်ထမ်းက သူတို့စားနေကျဆိုင်မှာ စီစဉ်ပေးလို့ ဟင်းလျာကောင်းကောင်းမိန်မိန် စားရပါတယ်။ ဗိုက်ဆာနေတာကြောင့် ငရုတ်သီးနဲ့ဆားနဲ့ တို့စားရင်တောင် ထမင်းနှစ်ပန်းကန်လောက်အသာလေးကုန်မှာပါ။ သစ်တောရုံးမှာပဲ ညအိပ်ကြပါတယ်။

**ကျောက်ထု စားသောက်ဆိုင်**

မနေ့က သံချောင်းတို့အဖေ ကံကောင်းလို့ မသေတာကြောင့် စိတ်ထဲမှာကြုံးဝါးလိုက်တယ်။ ကျောက်ထုရောက်ရင် တရုတ်ဆိုင်မှာ တရုတ်အစားအစာကောင်းကောင်းစားပစ်လိုက်မယ်ပေါ့။ အနည်းဆုံးခေါက်ဆွဲကြော်ကောင်းကောင်းဝါးတီးဆွဲမယ်ပေါ့။ နောက်နေ့ကျတော့ ကျောက်ထုကိုချီတက်ကြတယ်။ လမ်းကတော့ မနေ့က အတိုင်းပဲ။ ရွှံ့တော ဗွက်တောကျောက်စရစ်ကုန်းတွေကို ဖြတ်သန်းရတယ်။ အမေကြီးအမေရေယဉ်နန်းရောက်တော့ တပည့်ကျော်တစ်ယောက်က ဆီမီး၊ အမွှေးတိုင် ပူဇော်ချင်တယ်တဲ့။ ''သူ့အရပ်နဲ့သူ့ဇာတ် ဆိုတာလိုမို့ ရိုရိုသေသေလုပ်ကွာ၊ဘေးကင်းအောင်လည်း အမျှဝေဆုတောင်းကွ''လို့ ပြောလိုက်ရပါတယ်။

ညနေစောင်းမှာ ကျောက်ထုကို ရောက်ပါတယ်။ မြန်မာ့သစ်လုပ်ငန်းက သစ်ထုတ်ရေးဗိုလ်တဲမှာတည်းကြပါတယ်။ မြို့ဗိုလ်တဲမဟုတ်ပါဘူး။ တောဗိုလ်တဲပါ။ သစ်ပေါ်ပေါ်နဲ့ တိုင်တွေတန်းတွေ ကြမ်းတွေအခိုင်အခန့်ဆောက်ထားတာပါ။ ကိုယ်လက်သန့်စင်ပြီး ရွာထဲကထမင်းဆိုင်ကိုသွားကြတယ်။ အဲ့ဒီအချိန်က တစ်ဆိုင်တည်းသော ထမင်းဆိုင်မှာပေါ့ဗျာ။ ကမ်းပါးဖြူချောင်းနားက ထမင်းဆိုင်ထက်တော့ နည်းနည်းပိုသားနားသပ်ရပ်ပါတယ်။ ကျွန်တော့်စိတ်ထဲ ကြုံးဝါးထားတာ အကောင်အထည်ဖော်ဖို့ တရုတ်ဆိုင်မရှိဘူးလားမေးကြည့်တာ။ မရှိဘူး ဆရာတဲ့။ ဒါနဲ့ရှိတာပဲစားကြတာပေါ့ဆိုပြီး ကြက်သားဆီလည်ရေလည်ချက်လေးနဲ့ ညစာလွေးခဲ့ရပါတယ်။ တပည့်တွေက ဆိုင်ရှင်ကို ကျွန်တော်နဲ့မိတ်ဆက်ပေးတာ။ မင်းတပ်ကို အသစ်ရောက်လာတဲ့ ခရိုင်သစ်တောဝန်ဘာညာပေါ့။ ဒီတော့မှ မုံညင်းကြော်ချက်လေးတစ်ပွဲ ကပျာကယာကြော်ပြီး လာချပေးတယ်။ မေတ္တာလက်ဆောင်ပေါ့။ စားသောက်ပြီးကြတော့ တပည့်တွေက ဆရာတစ်ယောက်ထဲဗိုလ်တဲမှာ လွတ်လွတ်လပ်လပ်တည်းပါ။ ကျွန်တော်တို့ကအသိအိမ်မှာသွားအိပ်ပါမယ်ဆိုပြီးပျောက်သွားကြပါလေရော။ မနက်ကျစုံစမ်းကြည့်

PDF Compressor Free Version

တော့ ကျောက်ထုကနေ မင်းတပ်ကို သစ်ခွဲသားပို့မဲ့ကား တစ်စီး နောက်တစ်နေ့သွားဖို့ရှိကြောင်း သတင်းကောင်း ကြားရတယ်။ နှစ်ရက်လုံးလုံး ရွံ့တောထဲ ကျွဲလို နွားလို ရုန်းထားရတာဆိုတော့ လူလည်းတော်တော်ပြိုင်းနေပြီလေ။

**မင်းတပ်မြို့ ဆီသို့**

သစ်ခွဲသားပို့မဲ့ကားက ထမင်းစားပြီးချိန်ကျမှ ရောက်လာတယ်။ ကျောက်ထုကနေ မင်းတပ်ကို ၁၈မိုင် ရှိတယ်။ လမ်းတစ်ဝက် ၉မိုင်လောက်မှာ '*ချင်းပြည်နယ်က ကြိုဆိုပါ၏*' ဆိုတဲ့ဆိုင်းဘုတ်က နွေးထွေးစွာကြိုဆိုနေပါ တယ်။ ပြောရိုးပြောစဉ်မို့ပြောရတာ။ တကယ်တော့ တောင် ပေါ်မြေ လေနုအေးက ကျွန်တော့်ကို '*ကလူကြည်စယ်*' ဆော့ကစားနေပါပြီ။ လမ်းကတော့ ကျောက်ကြမ်းလမ်းပဲ။ အတက်တွေကို သစ်ခွဲသားဝိတ်နဲ့တက်ရတော့ '*တအီအီ*'ပဲ ကားက တက်နိုင်တယ်။ ဆင်းပြီး လမ်းလျှောက်ချင်စိတ် တောင်ပေါက်တယ်။ တစ်ဖက်ကချောက်ကမ်းပါး၊ တစ်ဖက် က တောင်ကမ်းပါးယံလမ်းခပ်ကျဉ်းကျဉ်းမှာငယ်သံပါ အောင် အော်ပြီး ရုန်းတက်နေရတဲ့ကားလေးကိုလည်း သနားပါဘိ။ ကားလေးလို့သာ ပြောတာ။ ကားအသက်က ကျွန်တော့်အသက်ထက် ကြီးများနေမလားပဲ။ သတိထား မိတာက ဒီကားလေးရော တခြားကားတွေပါ ဘောနက် အဖုံးမပါကြဘူး။ နောက်မှသိရတာက ကားမောင်းရင်း ကားစက်ခေါင်းကိုဖွင့်ပြီး နှိုက်စရာအကြောင်းပေါ်လာရင် စပယ်ယာကပြေးဆင်းပြီး ဘောနက်ဖွင့်နေစရာမလိုဘဲ တန်းပြီးလိုသလိုနှိုက်နိုင်အောင် 'အဲဗားရယ်ဒီ' ဖြစ်နေ အောင် အဖုံးမဖုံးကြတာတဲ့။

တက်နေရင်းနဲ့ ကျွန်းနဲ့သစ်မာပင်တွေကို ငေးလာ တာ။ အမြင့်ပေ ခန့်မှန်းခြေ ၃၀၀၀ ကျော်လောက် ရောက် တော့ ကျွန်းပင်တွေမပေါက်တော့ဘဲ ထင်းရှူး၊သစ်အယ်၊ ဝက်သစ်ချစတဲ့အပင်တွေမြင်လာရတယ်။ '*တဖြည်းဖြည်းနဲ့ အမြင့်ရောက်လာလေလေ မြင်ကွင်းကျယ်လေ*'ပဲ။ တောင် တွေ တောင်တွေမြင်ရတာ ပင်လယ်ထဲက လှိုင်းလုံးကြီးများ မြင်ရသလိုပဲ။ တိမ်တွေကိုလည်း အပေါ်ကနေမြင်ရတယ်။ တိမ်ပင်လယ်နဲ့ တောင်ပင်လယ် (sea of clouds &sea of mountains) လို့ပြောရမယ်ထင်တယ် ။

ဟိုငေးဒီငေးနဲ့ နီစွေးစွေးနေမင်းကြီးအနောက်ဘက် တောင်စွယ်ပေါ်မေးတင်တော့မှပဲ မင်းတပ်မြို့ကိုရောက် သွားတယ်။ အမြင့်ပေ ၄၀၀၀ ကျော်ရှိတဲ့မြို့ပါ။ ကျွန်တော် လည်း မင်းတပ်မြို့အဝင်မှာ '*ဖော်ပိုင်*' ဖြစ်သွားတာပါပဲ။ အဆိုတော်ဖော်ပိုင်ရဲ့နာမည်ကြီးသီချင်းတစ်ပုဒ်ရှိတယ်လေ။ '*မြို့အဝင်ည*' ဆိုလားပဲ။

***ဆက်လက်ဖော်ပြပါမည်*** ➤

*စာမျက်နှာ (၁၆) မှအဆက်* ⇒

လာမည့် ကာလတွင် လုံးဝကာကွယ်ထားသော သစ်တောဧရိယာ အနည်းစုမှအပ၊ ကျန်သဘာဝသစ်တော ဧရိယာများသည် '*တဖြည်းဖြည်းပြုန်းတီးလာ*' ပြီး '*အ ဆင့်အတန်းနိမ့်ကျလာမည်*' ဖြစ်ခြင်းကြောင့် လူတို့၏ လို အပ်ချက်ကို အဓိကအားဖြင့် '*သစ်တောစိုက်ခင်းများမှသာ ထုတ်ယူသုံးစွဲရတော့မည်*' ဖြစ်ပါသည်။

သစ်ပင်ကြီးထွားနှုန်းမြန်ခြင်းသည် လူတို့၏ အ သက်ရှင်ရပ်တည်ရေးအတွက် ကမ္ဘာ့လေထုသို့ အောက်ဆီ ဂျင်ဓာတ်များကို ဖြည့်ဆည်းပေးခြင်းနှင့်ကာဗွန်ဒိုင်အောက် ဆိုဒ်ဓာတ်များကို စုပ်ယူစေခြင်းများ အမြန် ဖြစ်ပေါ်စေနိုင် ပါသည်။ ထို့ကြောင့် သစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်း သည် သစ်နှင့်သစ်တောထွက်ပစ္စည်းများကို ဖြည့်ဆည်း ပေးရန်သာမက ကမ္ဘာ့လေထုအတွင်း ဓာတ်ငွေ့အချိုးအ စားမှန်ကန်မှုဖြစ်စေသောကြောင့် လာမည့်ထောင်စုနှစ်များ တွင် အသက်ရှင်ရပ်တည်ရေး အတွက်မရှိမဖြစ် လိုအပ်လာ မည့်လုပ်ငန်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်သော လိုက်လျော ညီထွေဖြစ်စေခြင်းနှင့် လျော့ပါးသက်သာစေခြင်းဆိုင်ရာ စွမ်းဆောင်ရည်များကို နိုင်ငံတကာအထောက်အပံ့များဖြင့် ပိုမိုခိုင်မာအောင် အားဖြည့်ပေးနိုင်ပါသည်။

နိုင်ငံတကာ၏ သစ်တောကဏ္ဍဆိုင်ရာ မဟာ ဗျူဟာများ၊ နည်းဗျူဟာများ၊ မူဝါဒများ၊ ဥပဒေမူဘောင် များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ပိုမို ကောင်းမွန်သောအလေ့အထများ၊ ဒေသခံအသိပညာများ၊ အတွေ့အကြုံများနှင့်ဗဟုသုတများအားအသုံးပြု၍ ဒေသ အဆင့်တွင် ဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေသောပစ္စည်းများ၊ နည်းလမ်းများ၊နည်းစနစ်များ၊အဖွဲ့အစည်းများနှင့်သစ်တော ဂေဟဗေဒစနစ်၊ ဂေဟဗေဒစနစ်မျိုးစုံ၊ ဇီဝမျိုးစုံမျိုးကွဲ များနှင့် ၎င်းတို့၏မျိုးရင်းမျိုးစိတ်များ၊ သစ်တောသစ်ပင် များအပေါ် မှီခိုရှင်သန်ရပ်တည်နေထိုင်သော ဒေသခံ တိုင်း ရင်းသားများ၊ ဒေသခံပြည်သူအစုအဖွဲ့များ၊ ဆက်စပ် ပါဝင် ပတ်သက်သူများအားလုံးအတွက် ပိုမိုဖွံ့ဖြိုးတိုးတက် ကောင်းမွန်သော စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် ရွှေ့ပြောင်းစီမံကိန်းလုပ်ငန်းစဉ်များကို မဟာဗျူဟာများ ပေါင်း စပ်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

++++++++

# သစ်တောများပြန်လည်တည်ထောင်ခြင်း သင်တန်းအတွေ့အကြုံများ(၃)

PDF Compressor Free Version

သိုက်ဝင်းထွန်း






**နိုဝင်ဘာ ၁၇**

ယနေ့ REC ၂ တွင် Dr-Jongrak က Reforestation Technique ကိုဆွေးနွေးပို့ချသည်။ ကမ္ဘာ့သစ်တောဖုံးလွှမ်းမှုအခြေအနေကိုရှင်းပြပြီး တိုက်ကြီးတစ်ခုစီ၏ သစ်တောဖုံးလွှမ်းမှု၊ သစ်တောစိုက်ခင်း တည်ထောင်ထားရှိမှု၊ စိုက်ပျိုးထားသောသစ်မျိုးများကို ဆွေးနွေးပို့ချသည်။

ထို့နောက် ကျွန်းစိုက်ပျိုးထားသောနိုင်ငံများ၏ တည်ထောင်ပြီးစီးမှုများကို ရှင်းပြရင်း ကျွန်းကို သူကဤသို့အမွှန်းတင်သည်။

''Among the timber , teak holds a place which such as diamonds maintained among the stones and gold among the metals.''

အင်ဒိုချိုင်းနားနိုင်ငံများ၏ သစ်တောဖုံးလွှမ်းမှု၊ သစ်တောစိုက်ခင်းတည်ထောင်ထားရှိမှုတို့ကို ကိန်းဂဏန်းတွေပြဆိုရင်း ဆွေးနွေးရာတွင် သင်တန်းသားအချို့ကလည်း ၎င်းတို့နိုင်ငံနှင့်သက်ဆိုင်သော ကိန်းဂဏန်းများအပေါ် ပြန်လှန်ဆွေးနွေး၏။ အချို့သင်တန်းသားတို့ကလည်း သူတို့ အသေအချာမပြောနိုင်ဟုဆိုသည်။ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုကို ဂြိုဟ်တုဓာတ်ပုံအရ ၅၀ ရာခိုင်နှုန်းဟု Dr-Jongrak ကဆို၏။

Coffee break ပေးချိန်တွင် Dr-Jongrakနှင့် ကျွန်တော် ရောက်တတ်ရာရာပြောဖြစ်သည်။ မန္တလေးသို့ သူရောက်ဖူးကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှုများနှင့် လှပသောမြို့ဖြစ်သည်ဟုဆို၏။ ထို့အပြင် မြန်မာနိုင်ငံမှ သူနှင့်ရင်းနှီးသည့် စိုက်ပျိုးရေးနှင့်သစ်တောဌာနမှ လူတစ်ချို့အကြောင်းမေးသည်။ ဒေါက်တာမင်းသန့်ဇင်သည် သူ့မိတ်ဆွေဖြစ်သည်ဆိုသဖြင့် ကျွန်တော်နှင့်လည်းရင်းနှီးကြောင်း သူ့ကိုပြောရပါသည်။

''မင်းတို့မြန်မာတွေ အင်္ဂလိပ်စကားပြောတာကောင်းတယ်၊ ကျောင်းမှာဘယ်အတန်းကစပြီး အင်္ဂလိပ်စာသင်ရသလဲ''

''ကျွန်တော်တို့တုန်းကတော့ ၅ တန်းရောက်မှစသင်ရတာပဲ၊ အခုခေတ်မှာတော့ သူငယ်တန်းကတည်းကစပြီးသင်ကြရတယ်''

သင်ခန်းစာပြီးတော့ မေးခွန်းများမေးစေပါသည်။ အချို့သင်တန်းသားများက သစ်တောစိုက်ခင်းများ အကြီးအကျယ်စိုက်ပျိုးကြသည့်အထဲတွင် ယူကလစ်သစ်မျိုး (Eucalyptus species) စိုက်ခင်းများသည် ရေစုပ်ယူမှုများသဖြင့် ဘေးပတ်ဝန်းကျင်သီးနှံစိုက်ခင်းများနှင့် မြေအောက်ရေထိခိုက်မှုရှိမရှိ၊ ၎င်းအရွက်များက toxic ဖြစ်နိုင်မဖြစ်နိုင် ဆွေးနွေးကြသည်။ Dr-Jongrak က ယူကလစ်သည် fast growth species ဖြစ်၍ ရေကိုပို၍စုပ်ယူသော်လည်း သူ့အတွေ့အကြုံနှင့်သူ သုတေသနပြုလုပ်ပြီးသမျှမှာတော့ ယခုတွေးထင်သလိုမျိုး ထိခိုက်မှုမရှိဟု သုံးသပ်ထားကြောင်းပြန်လည်ဆွေးနွေးသည်။

နေ့လယ် ၁ နာရီခန့်တွင် သစ်တောစိုက်ခင်းများ သွားရောက်လေ့လာရန် စင်တာမှ Phu Follom သို့ထွက်ခွာကြသည်။ ဥဒုံသနိမှ ကီလိုမီတာ ၆၀ ဝေးကွာပြီး ၄၅ မိနစ်ခန့်မောင်းရသည်။ ဖူဖလွန်တွင် recreation centre ရှိပြီး လာရောက်လည်ပတ်ကြသူများပြားသည်။






ကျွန်တော်တို့လည်း ထိုနေရာမှာပင် နေ့လယ်စာ စားကြသည်။ [illegible] PDF Compressor Free Version စား ကြသည်။ စားသောက်ပြီးကြချိန်မှာ နာရီဝက်ခန့် အချိန်ရသည်ဆိုသဖြင့် ဒိုင်နိုဆောပြတိုက်သို့ သွားကြည့်သည်။ ပြတိုက်ကခပ်သေးသေးပါ။ ကျောက်ဖြစ်ရုပ်ကြွင်း fossil နှင့် ၎င်းသတ္တဝါကြီးများ၏ မူလပုံသဏ္ဍာန်ခန့်မှန်းပန်းချီကားများကို ယှဉ်တွဲပြသထားသဖြင့် အချိတ်အဆက်မိသည်။ ပန်းချီကားများက သရုပ်ပေါ်သည်။ ဖော်ပြထားသောသတ္တဝါကြီးများ ဤနေရာတွင်ရှိခဲ့သည်။ သမိုင်းမတင်မီနှစ်ပေါင်းများစွာက ဤနေရာသည် ရေအိုင်ကြီးဖြစ်၏။ ကျောက်ဖြစ်ရုပ်ကြွင်း တော်တော်များများကို တွေ့ရသဖြင့် ဤပြတိုက်ကို ကြည့်ရတာအရသာတွေ့သည်။

ညနေ ၃ နာရီခွဲခန့်တွင် ကားများဖြင့် စိုက်ခင်းများရှိရာသို့ ဆက်လက်ထွက်ခွာသည်။ ဤအပန်းဖြေစခန်းအပေါ်ဘက်တွင် ၁၉၉၂ ခုနှစ်ကတည်ထောင်ခဲ့သည့် မန်ဂျန်ရှား (*acacia mangian*)နှင့် ပိတောက်ရောနှောစိုက်ခင်းရှိသည်။

စိုက်ခင်းကိုလေ့လာသောအခါ မန်ဂျန်ရှားများက ကြီးထွားမှု ကောင်းသလောက် ပိတောက်များက ကြုံလှီ၍ကျန်ခဲ့တာတွေ့ရသည်။ အစိုးရအနေဖြင့် REC မှစိုက်သော စိုက်ခင်းများဖြစ်သည်။ Dr-Jongrak က ထိုင်းနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းသာရှိကြောင်း၊ သို့သော် ၎င်း ၃၀ ရာခိုင်နှုန်းသောဧရိယာကို ထိန်းသိမ်းနိုင်သည့်အခြေအနေရောက်ပြီဖြစ်ကြောင်းပြောသည်။ ၎င်းစိုက်ခင်းမှ ထွက်လာတော့ ယူကလစ်ဟက်တာတစ်ထောင်စိုက်ထားသော စိုက်ခင်းကိုတွေ့ရသည်။ ၁၃ နှစ်သားစိုက်ခင်းဖြစ်ပြီး မြေနှင့်စိုက်ခင်းသည် ကုမ္ပဏီပိုင်ဖြစ်သည်။ ယူကလစ်စိုက်ခင်းများ၏ ခုတ်ပတ်ကို ၃–၅နှစ်ထားပြီး တစ်ဟက်တာမှ ၇၂ ကုဗမီတာ ရသည်ဆို၏။ ၅ ကြိမ်အထိ ခုတ်ယူအသုံးပြုကြသည်။ ကုမ္ပဏီသာမက ဒေသခံများလည်း ယူကလစ်စိုက်ကြသည်။ agro-forestry နည်းဖြင့်လည်းကောင်း၊ forest plantation အဖြစ်လည်းကောင်း စိုက်ပျိုးကြသည်။ စက္ကူနှင့်ပျော့ဖတ်စက်ရုံမှ ကျေးရွာများအထိလာရောက်ဝယ်ယူသည်။ လယ်ယာစည်းရိုးတန်းများအဖြစ် မီတာဝက်ခန့်ခြား၍လည်းကောင်း၊ forest plantation များတွင် ၂ မီတာခြား ဖြင့်လည်းကောင်း၊ agrforestryတွင် spacing ၃–၄ မီတာဖြင့်လည်းကောင်း စိုက်ပျိုးကြသည်။ သင်တန်းသားများ၏ အများဆုံးမေးခွန်းမှာ ယူကလစ်သည် မြေ၊ ရေ၊ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ပေး/မပေးဆိုတာဖြစ်သည်။ ဩစတေးလျတွင် ယူကလစ်သည် domestic species ဖြစ်ပြီး ပတ်ဝန်းကျင်ကို နှောင့်ယှက်ဖျက်ဆီးသည်ဟုမတွေ့ရကြောင်း Dr-Jongrak ကဆိုသည်။

**နိုဝင်ဘာ ၁၈**

ယနေ့သင်တန်းကို ဥဒုံသနီစိုက်ပျိုးရေးကောလိပ်မှ Mr-Niwat နှင့် Ms.Sipunora အပါအဝင် ၎င်း၏ လက်ထောက်များက သရုပ်ပြဆွေးနွေးကြသည်။ ယနေ့ဘာသာရပ်ကား vegetative propagation techniqueဖြစ်ပါသည်။ ၎င်းတို့၏ စိုက်ပျိုးရေးကောလိပ်နှင့်ပတ်သက်ပြီး မိတ်ဆက်ရှင်းလင်းရာတွင် ဆရာ/ဆရာမ ၆၉ ယောက်၊ ကျောင်းသား ကျောင်းသူပေါင်း ၇၀၀ ကျော်ရှိသည်ဟုသိရပါသည်။

Mr-Niwat တို့အဖွဲ့က အဓိကပြသကြသည်မှာ ပန်းပင်၊ သစ်သီးပင်အမျိုးမျိုးကို ကိုင်းကူးကိုင်းဆက်ခြင်းများ စာတွေ့လက်တွေ့ပြကြသည်။ Mr-Niwat က ကိုင်းကူးကိုင်းဆက်ရာတွင်သုံးသည့်ကိရိယာများကို ပြသရှင်းလင်းသည်။ ထို့နောက်ကိုင်းကူးကိုင်းဆက်သည့် နည်းစနစ်အမျိုးမျိုးကိုလက်တွေ့လုပ်ပြပြီး သင်တန်းသားများကို တစ်ဦးချင်း အပင်တစ်ပင်စီလက်တွေ့လုပ်ကိုင်စေပါသည်။

Mr-Niwat ၏ခြံအားလေ့လာရာ ခြံထဲတွင် သရက်၊ နဂါးမောက်၊ လိုက်ချီးစသဖြင့် သီးပင်စားပင်နှင့်ပန်းပင်အမျိုးမျိုးကို တွေ့ရ၏။ အပင်တော်တော်များများမှာ Mr-Niwat ၏ လက်ချက်ဖြင့် ပုံစံအမျိုးမျိုးဖြင့် မျိုးစပ်ထားခြင်းခံရ၏။ သရက်ပင်ကလည်း ကိုင်းခွဲတိုင်းမှာ မတူသော အရွက်ပုံစံ အမျိုးမျိုးဖြင့်၊ ရောက်ပင်မှာလည်း ထို့အတူပင်။ နှင်းဆီပင်မှာတော့ အရောင်မတူသော နှင်းဆီပွင့်များဖြင့်။

**နိုဝင်ဘာ ၁၉**

ဒီနေ့ REC ၂ တွင် Dr-Montol က agro-forestry ဘာသာရပ်ကို ဆွေးနွေးပို့ချသည်။

သီးနှံတစ်မျိုးတည်း စိုက်သောမြေထက်၊ သစ်တောသစ်ပင်ရောနှောစိုက်သောမြေက မြေဆီလွှာနှင့် ရေကိုပိုမိုထိန်းသိမ်းနိုင်သည့်အပြင် ရာသီဥတုကို မျှတ ကောင်းမွန်စေသည်။ သစ်တောသစ်ပင် ထည့်သွင်းစိုက်ပျိုးခြင်းက သီးနှံတစ်မျိုးတည်းစိုက်ပျိုးခြင်းထက် ဝင်ငွေပိုရသည်။ သစ်တောသစ်ပင်တို့ကို နည်းလမ်းအသွယ်သွယ်ထည့်သွင်းစိုက်ပျိုးနည်းဖြစ်သည့် သစ်တောသစ်ပင်နှင့် စားကျက်မြေပူးတွဲခြင်း(Silvipasture)၊ သစ်တောပင်၊ စားကျက်၊ မွေးမြူရေးပူးတွဲခြင်း (Silvopastoral)၊ သစ်တောပင်နှင့်ငါး၊ ပုစွန်မွေးမြူရေး(Aquaforest)၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း (Agroforestry) တို့ကို ဆွေးနွေးသည်။ ၎င်းနည်းလမ်းများထဲတွင် သီးနှံခင်းထဲတွင် သင့်တော်

PDF Compressor Free Version

သောအကွာအဝေးဖြင့် သစ်ပင်များ အတန်းလိုက်ထည့်သွင်းခြင်း (Hedgerow inter Cropping)၊ သီးနှံခင်း၏ ပတ်လည်စိုက်ပျိုးခြင်း၊ သစ်ပင်များအကြား အရိပ်ကြိုက်သော ကော်ဖီပင်ထည့်သွင်းစိုက်ပျိုးခြင်း၊ သစ်ပင်များတွင် ငရုပ်ကောင်းပင်များ ပူးတွဲစိုက်ပျိုးခြင်းစသည်ဖြင့် ဆွေးနွေးသည်။

သစ်တောများ ယုတ်လျော့ပျက်စီးနေသော နေရာဒေသကြီးများတွင် အာရှတိုက်လည်းပါသည်။ သစ်တောဖုံးလွှမ်းမှုကို ၁၉၉၀ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း တိုးတက်မှု၊ ဆုတ်ယုတ်မှုကို နှိုင်းယှဉ်ပြရာ ဥရောပတိုက်၏ သစ်တောဧရိယာ ပိုမိုတိုးတက်လာပြီး ကျန်တိုက်ကြီးများတွင် လျော့နည်းလာသည်ဟုဆိုသည်။ ကမ္ဘာ့မြေဧရိယာ၏ ၁၅ ရာခိုင်နှုန်းသည် ကုန်းမြင့် (mountain and hill )ဖြစ်ပြီး ၁–၁၀ ရာခိုင်နှုန်းအထိသော ကမ္ဘာ့လူဦးရေသည် ၎င်းဧရိယာများတွင် နေထိုင်သည်ဟုဆိုသည်။

သီးနှံခင်းများအတွင်း သစ်တောသစ်ပင်များရောနှောစိုက်ပျိုးရန် ဒေသခံများကို တိုက်တွန်းသည့် အခါတိုင်းမှာ ၎င်းတို့အနေဖြင့်ဆန္ဒမရှိကြောင်း၊ အကြောင်းမှာသီးနှံဆိုသည်မှာ လပိုင်းနှင့်ဝင်ငွေရကြပြီး သစ်တောပင်မှာ အချိန်ကြာမြင့်ခြင်း၊ ဈေးကွက်ကိုမယုံကြည်ခြင်း၊ ဗဟုသုတနည်းပါးခြင်းနှင့် အကြောင်းများစွာကြောင့် ဆောင်ရွက်လိုစိတ်နည်းကြခြင်းဖြစ်သည်ဟု ဆွေးနွေးသည်။

ထို့နောက်သူက–"Meet the needs of the present generations without compromising the ability of future generations to meet their own needs" ဟုဆိုသည်။

ညနေပိုင်းတွင် အဖွဲ့လိုက် ဆွေးနွေးစေပြီးနောက် ဂျပန်ကျွမ်းကျင်သူ Mr-Tasaka စောင့်ဆိုင်းနေသဖြင့် သင်ခန်းစာကို အဆုံးသတ်လိုက်သည်။

ဂျပန်ကျွမ်းကျင်သူ Mr-Tasaka ဝင်လာတော့ဂျပန်ဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုရန် ထိုင်းအမျိုးသမီး စကားပြန်ပါလာသည်။ Mr-Tasakaကအင်္ဂလိပ်လိုမတတ်။ ဂျပန်တွင် အင်္ဂလိပ်ဘာသာဖြင့် စာအုပ်တစ်အုပ်ထွက်လျှင် ရက်ပိုင်းအတွင်း ဂျပန်ဘာသာဖြင့် စာအုပ်ထွက်လာသည်။ အခမဲ့/ ချိုသာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးသည်ဟု မှတ်သားရဘူးသည်။

Mr-Tasaka မှ ၎င်းအနေဖြင့် အင်္ဂလိပ်လိုမကျွမ်းကျင်သည့်အတွက် ဘာသာပြန်ခေါ်ခဲ့ရကြောင်း ပြောပြီး ဂျပန်နိုင်ငံ၏ သစ်တောများ၊ စိုက်ခင်းများအကြောင်းကို ဗြိုဟ်တုဓာတ်ပုံများ ဆလိုက်ထိုးရှင်းပြသည်။

ဂျပန်နိုင်ငံသည် ဧရိယာအားဖြင့် ဟက်တာ ၃၇.၈ သန်းရှိပြီး သစ်တောဖုံးလွှမ်းမှုဧရိယာသည် ဟက်တာ ၂၅ သန်းရှိသည်။ ၎င်းဧရိယာအတွင်း၌ သဘာဝတောဧရိယာပါဝင်မှု၊ နိုင်ငံပိုင်သစ်တောစိုက်ခင်းပါဝင်မှု၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းပါဝင်မှုအခြေအနေတို့ကို ရှင်းပြသွားပါသည်။

ထို့နောက်သစ်တောစိုက်ခင်းများ၏ အသက်နှစ်အလိုက်ရှိနေသောပမာဏများကို ရှင်းပြရင်း မနက်ဖြန်တွင် ထိုင်းနိုင်ငံ၏ စိုက်ခင်းတစ်ခုကို လက်တွေ့လေ့လာမည်ဖြစ်သည်။

**နိုဝင်ဘာ ၂၀**

မနက် ၈နာရီတွင် Nongbualamphu private tree plantation coorperative သို့ သွားရောက်လေ့လာရသည်။ ကီလိုမီတာ ၈၀ ခန့်ဝေးပြီး တစ်နာရီခန့်မောင်းရသည်။

အသေးစားစက်မှုလုပ်ငန်းကိုလေ့လာရသည်။ ပူးပေါင်းဆောင်ရွက်သည့် သမဝါယမလုပ်ငန်းဖြစ်ပြီး အဖွဲ့ဝင်ပေါင်း ၃၀၀ကျော်၊ အုပ်ချုပ်မှုကော်မတီပိုင်းတွင် လူ ၃၀ ခန့်ဖြစ်သည်။

ကျွန်းစိုက်ခင်းများမှ ပင်ကျပ်တိုင်များ အသုံးပြုပြီး ပရိဘောဂများထုတ်သည်။ ပြူတင်းတံခါး၊ တံခါးမကြီး၊ စားပွဲကုလားထိုင်၊ ဆက်တီ၊ ဒန်း စသည့်ပစ္စည်းများဖြစ်သည်။ ဝင်ငွေနှင့် အမြတ်ငွေအရ လက်ရှိအခြေအနေတွင် ဘတ် ၅ သိန်းအကြွေးတင်နေသည်။ မြေငှါးရမ်းခ ဈေးကြီးတာလည်းပါ၏။

ကော်ဖီသောက်ပြီးချိန်တွင် ပရိဘောဂအလုပ်ရုံ အနီးရှိ အသက် ၁၃ နှစ်ရှိ ကျွန်းစိုက်ခင်းကိုလေ့လာသည်။ လုံးပတ်သေးငယ်သည်မဆိုနိုင်သော်လည်း tree form ညံ့သည်။ နေရာတိုင်းလိုလို၊ အပင်အားလုံးလိုလိုမှာ ပင်စည်တစ်လျှောက် အမျက်ဘု(knots)များတွေ့နေရသည်။ ကျွန်းပင်များ၏ အခေါက်အရောင်အသွေးကခြောက်သည်။ အရွက်အရောင်အသွေးကလည်း အစိမ်းခြောက်ရောင်။

သို့နှင့် ကျွန်တော်က coordinator ကိုမေးသည်။

''ဒီဒေသက ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ဘယ်လောက်လဲ''

''မီတာ၂၀၀–၂၅၀ လောက်''

''ဒီဒေသမှာ သဘာဝကျွန်းတောရှိသလား''

''သဘာဝကျွန်းတော ဒီဒေသမှာမရှိဘူး''

ကျွန်းပင်တွေ ဒီအရပ်မှာ မပျော်ဘူးထင်သည်။ ဒီမှာရှင်သန်နေရသော ကျွန်းပင်များသည် သူတို့ဇာတိမြေကိုသတိရနေသည့် အိမ်အလွမ်းဝေဒနာသည်တွေပေါ့။

စိုက်ခင်းပျိုးဥယျာဉ်အတွင်းမှာ ကြက်ဆူပင်များ ပျိုးထောင်ထားသဖြင့် စုံစမ်းရာ အပင်တစ်သိန်းခန့်ရှိသည် ဆို၍ – ''ဘာအတွက်ပျိုးထားတာလဲ''

PDF Compressor Free Version

''လောင်စာဆီအတွက်ပါ''

''အယ်လ်ကိုကြောင်မျိုးဖြစ်တာလဲ''

''လွန်ခဲ့တဲ့၂ နှစ်က အစိုးရက ကြက်ဆူစိုက်ဖို့ တိုက်တွန်းခဲ့ဖူးတယ်''

''အခုကြက်ဆူဆီကို လောင်စာဆီအဖြစ်နဲ့ရပြီလား၊ တွင်တွင်ကျယ်ကျယ်သုံးပြီလား''

''အနည်းအကျဉ်းလောက်ပါပဲ''

''ဝယ်လို့ရလား''

''ရပါတယ်၊ တစ်လီတာကို၂၅ ဘတ်၊ ဒီဇယ်ဆီက ၃၀ ဘတ်ဆိုတော့ ဒီဇယ်ဆီထက် နည်းနည်းဈေးသက်သာတာပေါ့''

''သူ့ချည်းပဲသုံးတာလား''

''မဟုတ်ပါဘူး၊ ၁၀–၂၀ ရာခိုင်နှုန်းလောက်ကိုသာ ဒီဇယ်ဆီနဲ့ရောသုံးတာပါ''

REC ၂ သို့ပြန်ရောက်တော့ Mr-Tasaka က ဂျပန်နိုင်ငံတွင် private tree plantation co-operative နှင့်ပတ်သက်၍ မည်သို့ဆောင်ရွက်နေသည်ကို ထပ်မံဆွေးနွေး၏။ ပထမအကြိမ် ပင်ကျဲပ်နုတ်ပြီးလျှင် အသက် ၃၀၊ ၄၀၊ ၅၀ တို့တွင်တစ်ကြိမ်စီထပ်နုတ်သည်။ အသက် ၆၀ နှစ်တွင် clear cutting လုပ်သည်။

**နိဝင်ဘာ ၂၁**

ယနေ့လက်ချာတွင် private tree plantation နှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံ၏ လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ဆွေးနွေးသည်။ သင်တန်းတက်ရောက်သည့် နိုင်ငံများအလိုက် မိမိတို့နိုင်ငံများတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်းဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းပြကြရသည်။ မြန်မာနိုင်ငံ၏ private tree plantation ဆောင်ရွက်မှုအခြေအနေကို ကျွန်တော်မှရှင်းပြသည်။

နေ့လည်မှာတော့ ဥဒုံသနီမှ မထွက်ခွာမီ နေ့လယ်စာစားနိုင်ရန် တစ်နေရာကို လိုက်ပို့သည်။ ခေါက်ဆွဲတစ်မျိုးပဲရပြီး အသားမှာ ဘဲသားနှင့်ငါးနှစ်မျိုးပဲရပါသည်။ စားသောက်ပြီးကြချိန်မှာတော့ Mr-Tasaka နှင့် လမ်းခွဲကြသည်။ သူက ယနေ့ပဲ ဥဒုံသနီမှ ဘန်ကောက်၊ ထိုမှတစ်ဆင့် တိုကျိုပြန်မည်။

စားသောက်ပြီးကြတော့ ဥဒုံသနီနိုင်ငံတကာလေဆိပ်သို့လိုက်ပို့သည်။ လေဆိပ်က အတော် အတန်ကြီးပါသည်။ လုံခြုံရေးစစ်ဆေးမှု ပုံမှန်ရှိသည်။ နေ့လယ်၂နာရီတွင် လေယာဉ်ပေါ်တက်ရသည်။လေယာဉ်မှူးနှင့်လေယာဉ်အမှုထမ်းအားလုံး အမျိုးသမီးများသာ တွေ့မြင်ရသည်။ လေယာဉ်မှူးမှာ အနောက်တိုင်းသူဖြစ်ပြီး ကိုယ်ခန္ဓာတုတ်ခိုင်ထွားကြိုင်း၏။ လေယာဉ်အဆင်းကဖြင့် အတော်ပင်ကြမ်းလှပေသည်။

ဘန်ကောက်ဒွန်မောင်းလေဆိပ်ရောက်တော့ ချင်းမိုင်သို့ လေယာဉ်ဆက်စီးဖို့ လေဆိပ်ထဲမှာပင် စောင့်ရသည်။ လေယာဉ်ပေါ်မတက်မီ လုံခြုံရေးစစ်ဆေးမှုတင်းကြပ်သည်။

ချင်းမိုင်လေဆိပ်၌ လေယာဉ်ဆင်းခါနီးတွင် မိုးတွေသည်းသည်းမည်းမည်းရွာနေသည်။ ကျွန်တော့်ဘေးထိုင်သော လာအိုသင်တန်းသား ဆွန်ဆက်ဆွန်ဖမ်က ချင်းမိုင်ကအခါတိုင်း ဒီရာသီမိုးမရွာဖူးပါဘူး၊ အခုမှ စိတ်ပျက်စရာကောင်းလောက်အောင်ရွာနေတယ်ဟု မှတ်ချက်ပေးသည်။ သူကပြည်ပသင်တန်းတွေ လေ့လာရေးတွေ ပတ်သွားနေရသဖြင့် အိမ်မပြန်ရတာ အတော်ကြာပြီ၊ မိသားစုကို သတိရတယ်ဟု ကျွန်တော့်ကိုပြောသည်။

ဥဒုံသနီမှ မနက်ကတည်းက ကြိုတင်လွှတ်လိုက်သော ကားများမရောက်သေးသဖြင့် ချင်းမိုင်လေဆိပ်မှာ တစ်နာရီကျော်ခန့်စောင့်ရသည်။ မနက်က ကားမထွက်မီ ကားဆရာမှ ချင်းမိုင်ကို ကီလိုမီတာ ၈၀၀ ဝေးပြီး အနည်းဆုံး ၈ နာရီမောင်းရမည်ဟုပြောသည်။ ကားလမ်းကအကွေ့အကောက် အတက်အဆင်းများသည် ဆို၏။

**နိဝင်ဘာ ၂၂**

မနက်စာစားပြီးတော့ huai hong khai royal development study center သို့ သွားရောက်ကြရသည်။ တာဝန်ခံမှ ထိုင်းလိုရှင်းပြသည်။ ဤဒေသသည် ဟိုးယခင်ကာလများက တရားမဝင်သစ်ထုတ်လုပ်ခြင်း၊ လောင်စာအတွက် ထင်းမီးသွေးထုတ်လုပ်ခြင်းများ၊ စိုက်ပျိုးမြေတိုးချဲ့ခြင်းများစသည်ဖြင့် အကြောင်းအမျိုးမျိုးကြောင့် တောပြုန်းလာသည်။ တောပြုန်းတော့ ရာသီဥတုဖောက်ပြန်၊ မြေဆီလွှာအရည်အသွေးကျဆင်း၊ လူတွေနေထိုင် အသက်မွေးမှုခက်ခဲလာသည်။ နေရင်းဒေသကိုစွန့်ခွာသူများရှိလာသည်။ ဤအကြောင်းကိုအခြေခံ၍ ၎င်းတို့၏ဘုရင်သည် ဒေသအတွင်းကွင်းဆင်းလေ့လာသည်။ ဖြေရှင်းနိုင်မည့် နည်းလမ်းကိုရှာဖွေသည်။

ပထမဆုံးအနေဖြင့် တောကိုမည်သည့်အကြောင်းနှင့်မျှ မပြုန်းတီးစေရေးထိန်းသိမ်းဆောင်ရွက်သည်။ဒုတိယမှာသဘာဝရေအရင်းအမြစ်များနှင့်ရေရရှိရေးဆောင်ရွက်သည်။

တတိယမှာ ဒေသခံများအတွက် လောင်စာကိစ္စနှင့် စားဝတ်နေရေးအတွက် သဘာဝကိုမထိခိုက်စေသောစီးပွားရေးပုံစံကိုလေ့ကျင့်ပျိုးထောင်သည်။ ထောက်ပံ့ပေးသည်။

စာမျက်နှာ (၃၀)သို့

# An Old Forester Looks Back. (26) – Developing a National Mitigation Plan for Climate Change

PDF Compressor Free Version

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

The development of a national mitigation plan for climate change is primarily a policy/strategic exercise that relies on analysis and the judgment of government officials and other interested parties (known as "stakeholders") as to the desirability and feasibility of implementing particular mitigation options.

A mitigation plan can act as a means to assemble various measures into a coherent and implementable set of initiatives. In addition, the process of developing a National Mitigation Plan (NMP) can help a country integrate climate change goals into sectoral development plans, and other environmental action plans of greater scope. It also provides a context and structure for developing "win-win" projects that can attract financial and technical assistance for their implementation.

The NMP could fit inherently into the context of the national communication. Although on-Annex I countries are not required by the FCCC to develop an NMP, the NMP is highly recommended as something countries can benefit from, both economically and environmentally.

There are five basic steps that one must undertake in order to formulate an NMP. Among steps that should be taken are the following:

- *Determine objectives and sectors of interest.* Developing countries may seek to reduce the growth rate of their emissions, or may which to implement measures which do not incur additional costs. The choice of which sectors to emphasize can be based on the results of the mitigation assessment, developmental priorities, and the interest of key actors.
- *Design a participatory planning process.* Mitigation measures involve and cut across energy, forestry, agriculture and other land-use sectors. Developing a participatory planning process is key to implementing measures that would be widely accepted as being beneficial to all stakeholders.
- *Develop sectoral or cross-sectoral initiatives.* Based on a mitigation assessment, analysts and other stakeholders in each sector can work together to formulate specific initiatives to promote implementation of the various options, taking into consideration the particular opportunities and barriers associated with the option. In most cases, some refinement of the analysis conducted in the mitigation assessment will be desirable to estimate the costs, impacts, and most effective means of implementation. The mitigation initiatives then form a portfolio of options to be considered for inclusion in the NMP.
- *Compare and select mitigation initiatives.* Procedures for deciding which mitigation initiatives will be included in the plan are likely to vary among countries. One approach is for the national committee responsible for global climate-related issues to receive presentations from the sectoral teams on their recommended mitigation initiatives. Ensuring that key actors are interested in pursuing initiatives and achieving balance among sectors are two key objectives in assembling the NMP.
- *Adopt a National Mitigation Plan (NMP).* Because of its multi-sectoral nature, the NMP should be adopted by an inter-agency committee at the highest level in the government. The quantitative information developed during the mitigation assessment process is important to prevent ideological imperatives from dictating the selection of mitigation options in a national plan.

The IPCC stresses the importance of addressing efficiency and equity concerns in the construction of mitigation measures. Equity concerns deal with intergenerational compensation issues and the importance of sustainable development. For policy and project evaluation, the IPCC identifies several analytical techniques which can be utilized

for constructing mitigation strategies. These include:

PDF Compressor Free Version

- Cost-benefit analysis;
- Cost-effectiveness analysis;
- Multi-criteria analysis;
- Decision analysis.

The development of an NMP requires the consideration of what the government would need to encourage the adoption of technologies and practices which would encourage GHG reduction. It is also important to link and integrate any mitigation strategy with any existing adaptation and vulnerability assessments which the country may be performing.

NMPs are nothing new and out-of-the-ordinary. In-fact, many countries have been expecting the necessity to develop them for some time now. Some countries have taken the initiative and have already incorporated mitigation measures into other environmental strategies, such as urban strategies, etc. Some countries still need help developing a GHG emission inventory.

Participation is very important in the development of policy. A broad level of participation from individuals of inter-disciplinary skills will result in a variety of opinions. Consensus on these many opinions will lead to an overall acceptance and will to see the policy through. This will also supply the relevant legislative bodies with the force necessary to push forward on their policy agenda.

It is necessary to integrate issues of climate change with overall environmental agendas, economic and industry agendas and macro-economic parameters. The integration of such issues and plans will lead to consistency between goals and the ability to develop the necessary institutional capacity to carry policy objectives through. In addition, integration is crucial in facilitating multi-criteria analysis in weighing policy objectives.

Institutional capacity is crucial to providing government and policy-makers with the necessary support and resources to carry out their goals and objectives. Appropriate institutional capacity is needed for effective monitoring systems. While developing this institutional capacity, a country should develop specific jurisdictional responsibilities and functions, in order to limit conflict-of-interest situations.

Technology transfer provides the most efficient vehicle to achieving global and regional cooperation. With the transfer of technology, no one country is overwhelmed or overburdened. Countries share in the exchange of ideas and discoveries. Included in the idea of "technology transfer" are the procurement of equipment and joint collaborative training efforts.

*စာမျက်နှာ (၂၈) မှ အဆက်*

ဤနည်းဖြင့် တောများ ပြန်ကောင်းလာသည်။ ယခုထိန်းသိမ်းသောဧရိယာမှာ ၈၅၀၀ ရိုင်ရှိပြီး ရေဝေကြော၏အပြင်ဘက် ဆက်စပ်သော ရေဝေကြောများကိုပါ ဆက်လက်ထိန်းသိမ်းလျက်ရှိသည်။ သဘာဝတောများ ပြန်ကောင်းလာတော့ ထုံးစံအတိုင်း တောကောင်ငယ်လေးများ ဒေါင်းလေးများ ပြန်ရောက်လာကြသည်။ (100 rai = 16 hectare)

ဆည်ငယ်တမံငယ်များ လုပ်နိုင်သောနေရာများတွင်လည်း စရိတ်နည်းသော ဆည်တမံငယ်များ လုပ်ထားသည်။ နေ့လယ်စာမစားမီ တောတွင်းသို့ ဝင်ရောက်လေ့လာကြသည်။ သဘာဝချောင်းမြောင်းများ၌ check dam များလုပ်ထားသည်။ ချောင်း၏အနိမ့်အမြင့်ကိုလိုက်၍ check dam များ၏ အကွာအဝေး၊ အရေအတွက်ကွာခြားသည်။ တောထဲမှရသော ကျောက်တုံး၊ဝါးများကို အသုံးပြုလျက် တမံငယ်များ ပြုလုပ်ပြီး သဘာဝရေကိုထိန်းသည်။ ဆောင်ပုဒ်က "up stream is the forest, low stream is the farm" ဟုဆိုသည်။

နေ့လယ်ပိုင်းတွင် သစ်တောနှင့် သဟဇာတ ဖြစ်သော စီးပွားရေးပုံစံရှိသည့် လယ်သမားတစ်ဦး၏ ခြံအားလိုက်ပြသည်။ စားဖား၊ ငါးခူ၊ ဝက်၊ ကြက် မွေးမြူရေးနှင့်အတူ တစ်နေရာတည်းမှာပင် စိုက်ပျိုးရေးကို သူ့နေရာနှင့် သူလုပ်ထား၏။ အဓိကအချက်မှာ မြေလွတ်မထားဘဲရသည့်နေရာတိုင်းမှာ အပင်နှင့် သီးနှံတစ်မျိုးမျိုးကို စိုက်ထားသည်။ ခြံကို လှည့်လည်ကြည့်ရှုကြပြီးနောက် လုပ်ငန်းဆောင်ရွက်ခဲ့ပုံ အဆင့်ဆင့်တို့ကို ဗီဒီယိုဖြင့် ပြသပေးသည်။ ဤဒေသအတွင်းရှိ သစ်တောများကို အပြည့်အဝထိန်းသိမ်းနိုင်ပြီဟုဆိုသည်။ ဤဒေသအတွင်းရှိ မှိုမျိုးမွေးမြူခြင်း၊ မှိုထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် အခြားဝင်ငွေတိုးလုပ်ငန်းများကိုလည်း လိုက်ပြသည်။

သစ်တောများကို တစ်ဘက်ကထိန်းသိမ်းရင်း ဒေသခံများကို ပညာပေးရင်းဖြင့် သဘာဝတောကို သဟဇာတဖြစ်စေမည့် လူမှုစီးပွားရေး(economically friendly design) တည်ထောင်နိုင်ရန် တွန်းအားပေးခြင်း၊ သစ်တောကို တိုက်ရိုက်မှီခိုမှုလျော့ကျစေသည့် ၎င်းတို့ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများဖြင့် အစားထိုးဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းကူညီပေးသည်။

********

PDF Compressor Free Version

# ပြောင်းလဲလာသော အုပ်ချုပ်ရေးခရိုင်များနှင့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

မြင့်သိန်းဦး (ဒုတိယညွှန်ကြားရေးမှူးနှင့် စီမံကိန်း) အဖွဲ့

သစ်တောဦးစီးဌာနသည် နှစ်ကာလ အတိုင်းအတာတစ်ခုအထိ သက်တမ်းကုန်လွန်ခဲ့သော ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများကို ပြန်လည်ရေးဆွဲခဲ့ရာ ၁၉၉၆–၁၉၉၇ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခနှစ်အထိ ပထမ ၁၀ နှစ်၏ စီမံကိန်းများကို ခရိုင် ၄၄ ခရိုင်အတွက်လည်းကောင်း၊ ၂၀၀၆–၂၀၀၇ ခုနှစ်မှ ၂၀၁၅–၂၀၁၆ ခုနှစ်အထိ ဒုတိယ ၁၀ နှစ်၏စီမံကိန်းများကို ခရိုင် ၆၃ ခရိုင်အတွက်လည်းကောင်း၊ ၂၀၁၆–၂၀၁၇ ခုနှစ်မှ ၂၀၂၅–၂၀၂၆ ခုနှစ်အထိ တတိယ ၁၀ နှစ်၏ စီမံကိန်းများကို ခရိုင် ၆၉ ခရိုင်အတွက်လည်းကောင်း အသီးသီးရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခရိုင် ၇၅ ခရိုင်ဖြင့် ဖွဲ့စည်းထားရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၃၁၉/၂၀၂၂ မှ ၃၃၃/၂၀၂၂ တို့ဖြင့် ခရိုင် ၄၆ ခရိုင်အားထပ်မံတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ရာ စုစုပေါင်း ၁၂၁ ခရိုင်တည်ရှိကြောင်း သိရှိရပါသည်။

၁၉၉၆–၉၇ ခုနှစ်မှ စတင်ရေးဆွဲ ဆောင်ရွက်ခဲ့သော ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများသည် ၂၀၂၅–၂၀၂၆ ခုနှစ်တွင် နှစ်ပေါင်း ၃၀ ပြည့်မြောက်မည်ဖြစ်ပြီး တတိယ ၁၀ နှစ်၏ စီမံကိန်းကာလ ကုန်ဆုံးမည့်အချိန်လည်း ကျရောက်လာတော့မည်ဖြစ်ရာ ဒုတိယနှစ် ၃၀ ၏ ပထမ ၁၀ နှစ် အတွက် ၂၀၂၆–၂၀၂၇ ခုနှစ်မှ ၂၀၃၅–၂၀၃၆ အထိ အကျုံးဝင်မည့် ခရိုင်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း တစ်ရပ်ကို ပြန်လည်ရေးဆွဲရန်လိုအပ်မည်ဖြစ်ပါသည်။

ထိုကဲ့သို့ စီမံကိန်း ပြန်လည်ရေးဆွဲမည့်အချိန်တွင် အုပ်ချုပ်ရေးခရိုင်များ ပြောင်းလဲဖွဲ့စည်းလာမှုနှင့် လျော်ညီသော ပြင်ဆင်ဖွဲ့စည်းမှုတစ်ရပ် လို/မလို ချင့်ချိန်စဉ်းစားဆောင်ရွက်ရန် ပေါ်ပေါက်လာပါသည်။ သစ်တောဦးစီးဌာနသည် သစ်ထုတ်လုပ်ခြင်း၊ သစ်တောထွက်ပစ္စည်းများအပေါ်အခွန်တော်ကောက်ခံခြင်း၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းခြင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းများဆောင်ရွက်ခြင်း၊ သစ်တောမှုခင်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တရားရုံးများနှင့် ဥပဒေအထောက်အကူပြုအဖွဲ့များတို့နှင့် ဆက်စပ်ပတ်သက်ဆောင်ရွက်ရသည်ဖြစ်ရာ အုပ်ချုပ်ရေးပိုင်းဆိုင်ရာနယ်ပယ်အသီးသီးနှင့်လည်း ထိတွေ့ဆက်ဆံမှုများရှိသဖြင့် သစ်တောစီမံအုပ်ချုပ်မှု၏ ပဓာနယူနစ်ဖြစ်သော ခရိုင်အဆင့်ဖွဲ့စည်းမှုသည် အုပ်ချုပ်ရေးပိုင်းဆိုင်ရာဖွဲ့စည်းမှုများနှင့်လိုက်လျောညီထွေဖြစ်စေရေးအတွက် မလွဲမသွေဆောင်ရွက်ရမည်ဖြစ်ရာ ပြောင်းလဲလာသော အုပ်ချုပ်ရေးပိုင်းဆိုင်ရာဖွဲ့စည်းမှုအား လေ့လာကြည့်ရှုရန်လိုအပ်မည် ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့တွင် ခရိုင်များတိုးချဲ့ပြင်ဆင်ဖွဲ့စည်းမှုအရ မြန်မာနိုင်ငံတွင် ယခုအခါ ပြည်နယ် ၇ ခု၌ ခရိုင် ၅၂ ခရိုင်၊ မြို့နယ် ၁၀၇ မြို့နယ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး ၇ ခု၌ ခရိုင် ၆၂ ခရိုင်၊ မြို့နယ် ၁၉၅ မြို့နယ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၌ ခရိုင် ၄ ခရိုင်၊ မြို့နယ် ၈ မြို့နယ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၁ ခု၌ ခရိုင် ၁ ခရိုင်၊ မြို့နယ် ၃ မြို့နယ်၊ ရှမ်းပြည်နယ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ၁ ခု၌ ခရိုင် ၂ ခရိုင်၊ မြို့နယ် ၈ မြို့နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၄ ခု၌ မြို့နယ် ၉ မြို့နယ်တို့ဖြင့်လည်းကောင်း အသီးသီးဖွဲ့စည်းထားရှိရာ ပြည်နယ်/တိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေ စုစုပေါင်း ၁၅ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ၆ ခု စုစုပေါင်း ၂၁ခု တွင် ခရိုင် ၁၂၁ ခရိုင်၊ မြို့နယ် ၃၃၀ ဖြင့် ခရိုင်အဆင့် ဖွဲ့စည်းပုံကို တိုးချဲ့ပြင်ဆင် ဖွဲ့စည်းထားကြောင်း စိစစ်တွေ့ရှိရပါသည်။

ထိုကဲ့သို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းထားသည့် အုပ်ချုပ်ရေးခရိုင်များနှင့် လိုက်လျောညီထွေဖြစ်စေရန် သစ်တောခရိုင်ဖွဲ့စည်းမှုများကို ပြင်ဆင်ဖွဲ့စည်းရာတွင် အုပ်ချုပ်

ရေးခရိုင်အရေအတွက်နှင့်ထပ်တူ ခရိုင် ၁၂၁ ခရိုင်အပြည့်ဖွဲ့စည်းရန် လို/မလို၊ အဆိုပါခရိုင်များအားလုံးတွင် ခရိုင်မှူး အဆင့်များခန့်ထားရန် လို/မလို၊ ကန့်သတ်ချက်များကြောင့် ဖွဲ့စည်း/ခန့်ထားနိုင်မှုမရှိပါက (သို့) မလိုအပ်ပါက တည်ရှိပြီးခရိုင်များနှင့် မည်သည့်ခရိုင်များအား ပေါင်းစပ် (သို့) ခွဲခြားစီမံအုပ်ချုပ်မည့် စသည့်အကြောင်းချင်းရာများကို သုံးသပ်ဆုံးဖြတ်ရာ၌ သစ်တောဖုံးလွှမ်းမှု၊ သစ်တောလုပ်ငန်းများဆောင်ရွက်မှုနှင့် သစ်တောထွက်ပစ္စည်းဖြတ်သန်းစီးဆင်းမှုစသည့် သစ်တောနှင့် တိုက်ရိုက်သက်ဆိုင်သောအချက်များအနက် ခရိုင်/မြို့နယ်အလိုက် သစ်တော ဖုံးလွှမ်းမှုပမာဏကို အရေးပါသောအချက်တစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားပါက ပိုမိုဆီလျော်မည်ဖြစ်ရာ သစ်တောသယံဇာတ ဆန်းစစ်ခြင်း(FRA ၂၀၂၀)အရ အခြေခံစာရင်းများကို ကိုးကားလျက် ဖွဲ့စည်းပုံအသစ်ဖြင့် ပြင်ဆင်ဖွဲ့စည်းထားသော ခရိုင်/မြို့နယ်အလိုက် သစ်တောဖုံးလွှမ်းမှုကိုအောက်ပါအတိုင်းတင်ပြအပ်ပါသည်။

PDF Compressor Free Version

### သစ်တောဖုံးလွှမ်းမှုအများဆုံးခရိုင် (၁၀)ခရိုင်၏ အခြေပြဂရပ်




### တိုင်းဒေသကြီးနှင့် ပြည်နယ် / ခရိုင် အလိုက်သစ်တောဖုံးလွှမ်းမှုအများဆုံးမှ အနည်းဆုံးအခြေပြဇယား

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | အမှတ်စဉ် | ခရိုင် | ရွက်အုပ် ဝိတ်တော | ရွက်အုပ် ပွင့်တော | စုစုပေါင်း သစ်တော ဖုံးလွှမ်းမှု |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ၁ | **ပူတာအို** | ၂၈၄၆၄၂ | ၂၈၆၆၉၄ | ၅၇၁၃၄၃၆ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | **ခန္တီး** | ၁၉၈၁၇၀၈ | ၁၄၃၀၇၂၆ | ၃၄၁၂၄၃၄ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃ | **မြိတ်** | ၁၂၉၇၇၆၂ | ၂၀၀၂၄၀၇ | ၃၃၀၀၁၆၉ |
| ၁ | ကချင်ပြည်နယ် | ၄ | **မြစ်ကြီးနား** | ၁၅၀၂၉၄၉ | ၁၄၂၃၃၀၀ | ၂၉၂၆၂၄၉ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၅ | **ထားဝယ်** | ၉၇၂၁၄၄ | ၁၄၀၃၆၈၄ | ၂၃၇၅၈၂၈ |
| ၁ | ကချင်ပြည်နယ် | ၆ | မိုးညှင်း | ၁၀၅၂၄၆၁ | ၁၁၈၇၉၇၄ | ၂၂၄၀၄၃၅ |

PDF Compressor Free Version

# စိုက်ပင်လေးတွေလှပန်းစေဖို့ စုပ်စားပိုးအန္တရာယ်ကာကွယ်စို့

ဒေါက်တာသန့်ရှင်း၊ ဒေါ်အေးမီအောင်

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသည့် ဆိုင်ကလုံးမုန်တိုင်း 'ရီမယ်(လ်)'ကြောင့် မေလ (၂၅) ရက်ခန့်မှစ၍ မြန်မာနိုင်ငံအနှံ့မိုးရွာသွန်းခဲ့ပြီး ပြင်းထန်သောအပူချိန်မှသက်သာရာရခဲ့ပါသည်။ သစ်တောဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် တည်ထောင်မည့် စိုက်ခင်းများ ပထမမိုးအမီ စတင်စိုက်ပျိုးရန် ကြိုးစားဆောင်ရွက်လျက်ရှိကြပါသည်။

ဒီနှစ်ပျိုးထောင်ထားတဲ့ ပျိုးပင်လေးတွေကို နယ်တွေရောက်တုန်းဝင်ကြည့်မိပါသည်။ အများစုကတော့ သေချာစနစ်တကျပျိုးထောင်ထားကြတော့ စိမ်းလန်းပြီးသန်မာတဲ့ပျိုးပင်လေးတွေ ဖြစ်နေကြပါပြီ။ ဒါပေမဲ့ အချို့ပျိုးဥယျာဉ်များမှာတော့ စုပ်စားပိုးလေးတွေ ကျနေတာကို တွေ့ခဲ့ရပါသည်။ အဓိကကျတဲ့ပိုးတွေကတော့ ပျပိုး၊ ပိုးစေးနဲ၊ ယင်ဖြူ၊ ငမြောင်တောင်ပိုးတွေဖြစ်ပါတယ်။ သူတို့အများစုကအရွက်မှာရှိတဲ့ အာဟာရဓာတ်တွေကိုစုပ်ယူပြီး ရှင်သန်ကြီးထွားကြ၊ မျိုးပွားကြခြင်းဖြစ်ပါသည်။ ခုလို သစ်ရည်တက်တဲ့အချိန်၊ ရွက်နုထွက်တဲ့အချိန်ဆို သူတို့အကြိုက်အချိန်ဖြစ်ပါသည်။

ပျပိုး *Aphis gossypii* (Hemiptera) သည် စီးပွားဖြစ် စိုက်ပျိုးထားသောသီးနှံပင်များ၊ ဥယျာဉ်ခြံပင်များနှင့်အခြားအပင်အုပ်စုများတွင်လည်း တွေ့ရတတ်ပါသည်။ ၎င်းတို့သည်အရေအတွက် များစွာပေါက်ဖွားနိုင်ခြင်း၊ အစုလိုက်စားသောက်ခြင်းတို့ကြောင့် အပင်များတွင် ထိခိုက်ပျက်စီးမှုများပါသည်။ ပျပိုးများရဲ့ဘဝစက်ဝန်းက အရွယ်ရောက်ရန် တစ်ပတ် (၅–၇) ရက်ခန့်ကြာမြင့်နိုင်ပြီး မျိုးပွားနှုန်းမြန်ဆန်ပါသည်။ ပျပိုးများသည် ပင်ရည်ကို ထိုးဖောက်စုပ်ယူ၍ စားသုံးကြသည်။ အပင်၏သစ်ရည်များ တိုက်ရိုက်ဆုံးရှုံးမှုကြောင့်လည်းကောင်း၊ အပင်ပိုင်းရပ်စ်များ ကူးစက်ခြင်းကြောင့်လည်းကောင်း၊ ပျားရည်ကဲ့သို့သော စေးကပ်အချိုရည်များ စစ်ထုတ်ခြင်းမှတစ်ဆင့် ကြပ်ခိုးမှိုကြီးထွားမှုကိုဖြစ်စေခြင်းတို့ကြောင့်လည်းကောင်း အပင် ပျက်စီးမှုများဖြစ်စေပါသည်။ စိုက်ပျိုးသီးနှံများသာမက ကျွန်းပျိုးပင်များနှင့် စိုက်ပင်ငယ်များတွင်ပါဖျက်ဆီးတတ်သည့် ပိုးမျိုးဖြစ်ပါသည်။

ပျပိုးများနှိမ်နင်းရာတွင် Carbamate (Carbosulfan) သို့မဟုတ် Neoni- cotinoid (Thiamethoxam သိုင်ရာမီသိုဇမ်) သို့မဟုတ် Pyrethroid (Cypermethrin) ဆေးအုပ်စုအား အညွှန်းအတိုင်း အသုံးပြုနိုင်ပါသည်။ ပျပိုးများသည် အရွက်အောက်မျက်နှာပြင်တွင် အများအပြားနေထိုင်ကြသဖြင့် အရွက်အောက်မျက်နှာပြင်များပါမကျန်၊ ပျိုးပင်များ၏ အပင်အစိတ်အပိုင်းအားလုံးအား ပက်ဖြန်း၍နှိမ်နင်းနိုင်ပါသည်။ လိပ်ခုံးကျိုင်းများသည် ပျပိုးများအားစားသောက်ကြသဖြင့် လိပ်ခုံးကျိုင်းများထိန်းသိမ်းပြီး အရေအတွက်များစွာ ပွားများစေခြင်းများပြုလုပ်နိုင်ပါသည်။

ပိုးစေးနဲ (Pseudococcidae) များသည် အကြေးခွံအင်းဆက်အုပ်စုတွင်ပါဝင်သည့် စုပ်စားပိုးမျိုးဖြစ်ပါသည်။ သီးနှံပင်များ၊ဥယျာဉ်ခြံပင်များ၊ ကျွန်းပျိုးပင်ငယ်များ၊ အလှစိုက်ပင်များနှင့်အပင်ကြီးများတွင်ပါ အများအပြားကျရောက်တတ်ပါသည်။ ပိုးစေးနဲအမများတွင် အတောင်ပံမပါရှိသော်လည်း အထီးများတွင် အတောင်ပံပါရှိပါသည်။အမတစ်ကောင်သည် ဥပေါင်း ၆၀၀ အထိ ဥချနိုင်ပါသည်။ ဘဝစက်ဝန်းမှာ ၁ လမှ– ၃ လ အထိ ကြာမြင့်နိုင်ပါသည်။

ပိုးစေးနဲများသည် အပင်၏အရွက်၊ အကိုင်း၊ ပင်စည်နှင့်အသီးများအားလုံးတွင် ကျရောက်နိုင်ပါသည်။ ပိုးစေးနဲများကျရောက်မှုများပြားလာပါက ကြပ်ခိုးမှိုကြီးထွားမှုဖြစ်ပေါ်စေသည့် ချို၍စေးကပ်သော ဖယောင်းအလွှာများနှင့် ၎င်းဖယောင်းလွှာပေါ်တွင် ပုရွက်ဆိတ်များကိုတွေ့ရတတ်သည်။ အရွက်များဝါလာပြီး နောက်ပိုင်းတွင် အရွက်များကြွေကျခြင်း၊ ပန်းပွင့်၊ အသီးများ စောစောကြွေကျခြင်းများဖြစ်စေပါသည်။

ပျိုးခြံများတွင် ပိုးကျရောက်မှု စတင်တွေ့ရှိပါကအခြားပျိုးပင်များနှင့် ခွဲခြားထားခြင်း၊ တမာပိုးသတ်ဆေးဖြန်းခြင်းနှင့် ပိုးကျရောက်နေသော အရွက်၊ အကိုင်းများအား ဖယ်ရှား၍ဖျက်ဆီးရပါမည်။ ရေအလွန်အကျွံပေးထားသော၊ နိုက်ထရိုဂျင်မြေသြဇာအား အလွန်အကျွံကျွေးသောအပင်များတွင်ပိုမိုကျရောက်တတ်သဖြင့် ရေနှင့်နိုက်ထရိုဂျင်မြေသြဇာအား လိုအပ်သလောက်သာထည့်သွင်းပေးသင့်ပါသည်။ Pyrethroids (Cypermethrin, Permethrin,

Bifenthrin) ဆေးအုပ်စုအား နှိမ်နင်းရာတွင်အသုံးပြုနိုင်ပါသည်။ ဓာတုပိုးသတ်ဆေးအားလိုအပ်မှသာ အသုံးပြုသင့်ပါသည်။

PDF Compressor Free Version

ယင်ဖြူ *Bemisia tabaci* (Hemiptera) သည် ကျွန်းပင်၏ ပင်ရည်ကို စုပ်ယူစားသုံးသော စုပ်စားပိုးတစ်မျိုးဖြစ်ပြီး အပူပိုင်းဒေသများတွင် တွေ့ရမှုများသည်။ အပင် ဗိုင်းရပ်စ်ကူးစက်မှုများမှတစ်ဆင့် အပင်ရောဂါဖြစ်စေပါသည်။ ယင်ဖြူကျသော အပင်များအား လှုပ်ကြည့်ပါက ယင်ဖြူအကောင်ကြီးများသည် အစောပိုင်းတွင် မြန်မြန် ထပျံသန်းကြပြီး၊ နောက်ပိုင်းတွင် အရွက်အောက်မျက်နှာပြင်သို့ ပြန်လည်နေကြသည်ကိုတွေ့ရသည်။ ယင်ဖြူ၏ဘဝစက်ဝန်းသည် ၃ ပတ်မှ ၈ ပတ်အထိ ကြာတတ်ပါသည်။










ယင်ဖြူကျရောက်မှုများလာပါက ကျွန်းအရွက်များ ညှိုးခြင်း၊ ဝါခြင်းမှ ကြွေကျခြင်း၊ အပင်ကြီးထွားမှုနှေးခြင်း၊ အပင်ညှိုးခြင်းများ ဖြစ်စေနိုင်ပါသည်။ အရွက်၊ အသီးများပေါ်ရှိ ယင်ဖြူမှစွန့်ထုတ်လိုက်သော စေးကပ်သောအချိုရည်များသည် ကြပ်ခိုးမှိုကြီးထွားမှုကိုလည်း အားပေးသည်။ ပျိုးဥယျာဉ်နံဘေးနှင့် စိုက်ခင်းနံဘေးပေါင်းပင်များတွင် ယင်ဖြူများ ခိုအောင်းမနေစေရန် ပေါင်းပင်များအားရှင်းလင်းထားသင့်သည်။ အဝါရောင်စေးကပ်ကော်ထောင်ချောက်များအား အသုံးပြုခြင်း၊ တမာဆီအသုံးပြုခြင်းဖြင့် ယင်ဖြူအရေအတွက် လျော့နည်းစေရန် နှိမ်နင်းနိုင်ပါသည်။ ဓာတုပိုးသတ်ဆေးအနေဖြင့် Malathion, Pyrethrins, Cypermethrin, Imidacloprid, Neonicotinoids (Thiamethoxam သိုင်ရာမီသိုဇမ်)ဆေးများအား ဆေးညွှန်းပါအတိုင်း အရွက်အပေါ်အောက်မျက်နှာပြင်များအားလုံးတွင် ပက်ဖြန်းပေးသင့်ပါသည်။

ငမြှောင်တောင်ပိုး *Spodoptera litura* သည် အာရှအရှေ့နှင့် တောင်ပိုင်း၊ အနောက်ပိုင်း၊ အချို့သော အာဖရိကကျွန်းများနှင့် ဟာဝိုင်အီတို့တွင်တွေ့ရများပါသည်။ ဟင်းသီးဟင်းရွက်ပင်များ၊ အလှစိုက်ပန်းပင်များနှင့် သဘာဝပေါက်သောအပင်များပါကျရောက်ဖျက်ဆီးနိုင်သည်။ မယ်ဇလီပျိုးပင်၊ စိုက်ပင်ငယ်များတွင်လည်း ကျရောက်ဖျက်ဆီးတတ်သည်။ ငမြှောင်တောင်သည်အပင်မျိုး စိတ်ပေါင်း ၁၂၀ ကျော် ကျရောက်ဖျက်ဆီးနိုင်ပါသည်။ ငမြှောင်တောင်၏ ဖလံအကောင်ကြီးများသည် ညထွက်ကောင်များဖြစ်ကြသည်။ ငမြှောင်တောင်တွင်ဥအဆင့်၊ပိုးလောက်ကောင်အဆင့်၊ ပိုးရုပ်ဖုံးအဆင့်နှင့် ဖလံအဆင့်ဟူ၍ ဘဝစက်ဝန်း အဆင့် (၄)ခုရှိပြီး (၁)လခန့်ကြာမြင့်ပါသည်။ ငမြှောင်တောင်တွင် လောက်ကောင်ကြီးအဆင့်သည် ညအချိန်တွင် အရွက်များကို အများအပြားစားသုံးကြပြီး နေ့အချိန်တွင် အပင်ခြေရှိ မြေကြီးတွင် နေထိုင်ကြသည်။ ကြိုတင်ကာကွယ်ခြင်းနှင့်နှိမ်နင်းရာတွင် မိုးကြိုစိုက်ပျိုးခြင်း ရှောင်ရမည်။ ဖျက်ဆီးခံရသော အပင်အစိတ်အပိုင်း၊ ဥမြုံများနှင့် ပိုးလောက်ကောင်များအား တွေ့လျှင်တွေ့ချင်း ကောက်ယူဖျက်ဆီးပစ်ရမည်။ အလင်းရောင်ထောင်ချောက်အား တစ်ဟက်တာတွင် တစ်ခုနှုန်းဖြင့်ထား၍ ညထွက်သော ငမြှောင်တောင် အကောင်ကြီးအားဖမ်းယူနှိမ်နင်းနိုင်သည်။ Pyrethroid (Cypermethrin)Carbamate (Carbosulfan)၊ Avermectin ပိုးသတ်ဆေးများအား ဆေးညွှန်းပါအတိုင်း အသုံးပြုနိုင်ပါသည်။ စိုက်ပင်လေးများ ကျန်းမာသန်စွမ်းစေရန် ကြိုတင်ကာကွယ်နှိမ်နင်းနိုင်ကြပါစေကြောင်း အကြံပြုတိုက်တွန်းလိုက်ရပါသည်။




+++++++

PDF Compressor Free Version

# မိုးတားမောင်မောင်



အုန်းလွင်လေး

'မင်းကြီးက အုပ်ကြီးကို ခေါ်ထားတာလား'

'ဟုတ်တယ်လေ– သူ့ဆီ အခုချက်ချင်းလာလို့ ဖုန်းဆက်ခေါ်လို့ပါ ရုံးအုပ်ကြီး'

အခုန တိုင်းဒေသကြီး အစိုးရရုံးက ပြန်လာပြီးကတည်းက ရုံးချုပ် Virtual Meeting ကိစ္စ၊ အချိန်မီပို့ရမယ့် ရုံးစာတွေကိစ္စနဲ့ ကျုပ်တို့ကိုတော့ ဆူငေါက်ပြီးသွားပြီ'

'ဟုတ်ကဲ့ပါခင်ဗျာ၊ ဝင်တွေ့လိုက်ပါဦးမယ်'

ညွှန်ကြားရေးမှူးကို မင်းကြီးခေါ်လိုက် ဆရာညွှန်မှူးကြီးခေါ်လိုက်နဲ့ စကားကြောရှည်တတ်သည့် ရုံးအုပ်ကြီး၏စကားဖြတ်ကာ ညွှန်ကြားရေးမှူး အခန်းဝင်လိုက်သည့် တောအုပ်ကြီးချစ်ထွေးကိုမြင်သည်နှင့် ညွှန်ကြားရေးမှူးက–

'ထိုင် ... ထိုင် ညီလေး'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး'

ချစ်ထွေးတစ်ယောက် ထိုင်ခုံမှာဝင်ထိုင်ပြီး မှတ်စုစာအုပ်ဖွင့် ဘောပင်ကိုကိုင်ရင်း ညီလေးခေါ်ပုံထောက်ရင် ဒီညွှန်/မှူး ဘာများခိုင်းမှာပါလိမ့်၊ ဘာများ တောင်းမှာပါလို့တွေးမိလိုက်တယ်၊ ဆူတော့မာန်တော့မယ်ဆို မင်းတို့ တောအုပ်ကြီးတွေကလို့ပြောတာကို ချစ်ထွေးက အတွေ့အကြုံရနေပြီသား။

'မနက်တုန်းက တိုင်းဒေသကြီးအကြီးအကဲကိုယ်တိုင် သူ့ရုံးခန်းမှာ အစ်ကိုကြီးကိုခေါ်ပြီး --- ရက်မှာ တိုင်းဒေသကြီးအဆင့် သစ်ပင်စိုက်ပွဲလုပ်မယ်လို့ပြောတယ်၊ တိုင်း ခရိုင်အဆင့် ရုံးစိုက်ရာအနီး မြို့နယ်က ညီလေးကိုခေါ်တာ တိုင်းအဆင့်သစ်ပင်စိုက်ပွဲလုပ်မည့်ကိစ္စ လုပ်စရာရှိတာလုပ်ဖို့ ပြောချင်လို့ပါ၊ မင်းအစ်ကိုတွေဖြစ်တဲ့ မြို့နယ်ဦးစီးက သင်တန်းသွား၊ ခရိုင်မှူးက ကျန်းမာရေးမကောင်းလို့ ဆေးရုံတက်နေရတယ်၊ ညီလေးက အဓိက ဦးဆောင်လုပ်ရမယ်၊ တခြားမြို့နယ်က ဝန်ထမ်းတွေကိုလည်း Volunteer အနေနဲ့ ဒီကို မနက်ဖြန်မနက်အရောက်လာဖို့ ခေါ်ယူအင်အားဖြည့်ပေးထားတယ်၊ အစ်ကိုကြီးကိုယ်တိုင်လည်း ကြီးကြပ်ပေးမယ်'

'တိုင်းအဆင့် သစ်ပင်စိုက်ပွဲကို အရင်ရွေးထားတဲ့နေရာပဲ လုပ်မှာလား အစ်ကိုကြီး'

'မဟုတ်တော့ဘူး၊ လမ်းကောင်း ကားဝင်ထွက်ရတဲ့ တည်ခင်းဧည့်ခံဖို့ နေရာကောင်းတဲ့ အားကစားကွင်း ဘေးကွက်လပ်မှာလုပ်မယ်တဲ့၊ အဲ့တာ သက်ဆိုင်သူတွေကို သွားရောက်ညှိနှိုင်းတာကအစ သစ်ပင်စိုက်ပွဲအတွက် လိုအပ်တာ အကုန်စီစဉ်ဆောင်ရွက်ပါ ညီလေး၊ စိုက်ပွဲလုပ်မည့်ရက်က ---ရက်ဆိုတော့ ဒီကနေ့အပါဆို ပြင်ဆင်ချိန် ၅ ရက်ရတယ်၊ သစ်ပင်စိုက်ပွဲလုပ်မည့်အစီအမံအားလုံးကို အသေးစိတ်ရေးပြီး မနက်ဖြန် တင်ပြပေးပါ'

'သစ်ပင်စိုက်ပွဲနေရာက အားကစားကွင်းဘေး မြေကွက်လပ်နေရာ သေချာပါတယ်နော် အစ်ကိုကြီး'

'သေချာတယ်၊ အဲနေရာစိုက်ဖို့ တိုင်းဒေသကြီးအဆင့် အကြီးအကဲကိုယ်တိုင်ပြောတာ၊ ဘာဖြစ်လို့လဲ'

'ဟိုအရင် တက္ကသိုလ်ဝန်းထဲ သစ်ပင်စိုက်ပွဲလုပ်ဖို့ နေရာရွေးတုန်းကလိုဖြစ်မှာစိုးလို့ပါ'

'ဟင်ဘယ်လို ဖြစ်ခဲ့ကြလို့လဲ'

'ဘယ်လိုဖြစ်ရမှာလဲ အစ်ကိုကြီးရာ၊ အထက်အဆင့်ဆင့်တွေ ပြောဆိုပြီးပြီဆိုလို့ ကျွန်တော်တို့က မြေနေရာပြင်ပန္နက်ရိုက်နေတုန်း တက္ကသိုလ်က သက်ဆိုင်သူတွေရောက်လာပြီး သူတို့ဘာမှမသိဘူး၊ အဲ့နေရာကကျောင်းဆောင်သစ်ဆောက်မယ့်နေရာတဲ့၊ သစ်ပင်စိုက်မယ်ဆို ချုံတောဖြစ်နေတဲ့ မြေအနိမ့်ပိုင်းချိုင့်နေရာစိုက်ပါဆိုလို့ ချုံရှင်းမြေညှိရတာပေါ့'

'အခုနေရာကတော့ ပြကွက်ပြကွင်းကောင်းပါတယ်၊ မြေအနေအထားလည်း မဆိုးပါဘူး၊ အား/ကာကတိုင်းအဆင့်ကို အစ်ကိုကြီးလည်း ပြောထားပြီးပါပြီ'

'ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ အခုပဲ ကွင်းဆင်းပြီး လုပ်စရာတွေစတင်ဆောင်ရွက်ပါမယ်'

'အေး– အေး– လုပ်ဆောင်မှုတိုင်းကို မှတ်တမ်းဖြစ်အောင် လုပ်ထားပြီး အခက်အခဲရှိတာ အချိန်မရွေး ဖုန်းဆက်ပါ'

ညွှန်ကြားရေးမှူးအခန်းမှထွက်လာတဲ့ ချစ်ထွေးကို ရုံးအုပ်ကြီးက–

PDF Compressor Free Version

‘အဆင်ပြေလား အုပ်ကြီး၊ ရာသီဥတုအခြေအနေကောင်းလား ’

အမေးကြောင့် ချစ်ထွေးက–

‘ဟာ ဒီရုံးအုပ်ကြီးက ပြောရော့မယ်၊ သစ်ပင်စိုက်ပွဲလုပ်မှာ ခေါ်ပြောတာပဲ၊ ဟုတ်ကဲ့ပါ ပြောပြီး လုပ်စရာရှိလုပ်ရမှာ ဘာအဆင်ပြေလား၊ ရာသီဥတုကောင်းလားမေးနေသေး’

‘အေးပါဗျ၊ ခင်ဗျားတို့က ညီတော်နောင်တော်ချင်းဆိုတော့ အဆင်ပြေတယ်ပေါ့လေ’

ရုံးအုပ်ကြီးကို ဘာမှ စောဒကမတက်တော့ပဲ ချစ်ထွေးတစ်ယောက် ဘိနယ်တောအုပ်ကိုခေါ်ကာ သစ်ပင်စိုက်ပွဲလုပ်မည့်နေရာသို့ ထွက်လာခဲ့တယ်၊

မြန်မာနိုင်ငံအတွင်း မြန်မာလူမျိုးတို့သည် မြက်သားမွေးသည့် နယုန်မိုးလေး ခပ်စိတ်စိတ် ပက်ဖျန်းလာပြီဆိုလယ်၊ယာများတွင် ထွန်ရေးငင် မြေပြုပြင်ကာ စပါးအပါအဝင် ကောက်ပဲသီးနှံ စိုက်ပျိုးကြသလို အိမ်ခြံဝန်း မြေကွက်ကျယ်မြေကွက်လပ်များတွင် ရာသီအလိုက် စားသုံးရသည့် သစ်သီးဝလံ သီးပင်စားပင်၊ မျက်စိပသာဒဖြစ်သည့် ပန်းအလှပင်၊ အရိပ်ရပင်များ၊ ဆေးဖက်ဝင်သည့် ပရဆေးပင်များစိုက်ကြပါ၏၊ အိမ်ဝန်းအတွင်း မြေကွက်လပ် မရှိသူများကလည်း အိုးများ ဘူးများ အိတ်များအတွင်း မြေထည့်၍ သင့်တော်ရာအပင်များဖြင့် အိမ်ဝန်းကျင် စိမ်းလန်းစိုပြည်အောင်ဖန်တီးစိုက်ပျိုးကြပါသည်၊ မိုးလရာသီ မြေဆီစိုခိုက် နှစ်တို နှစ်လတ် နှစ်ရှည်အပင်စိုက်ခြင်းသည် ခေတ်အဆက်ဆက် ဘိုးဘွားလက်ထက်မှ ယနေ့တိုင် မြန်မာတို့၏ ရိုးရာဓလေ့ကဲ့သို့ဖြစ်ပြီး သစ်တောသစ်ပင်များအားတန်ဖိုးထားသည့် လေးစားဖွယ် အပြုအမူကောင်း၊ အမွေအနှစ်ကောင်းတစ်ခုပင်။

မြန်မာနိုင်ငံတွင် သစ်တောသစ်ပင်များ တိုးပွားလာစေရေးအတွက် ၁၉၇၇ ခုနှစ်မှစတင်၍ မိုးဖြိုင်ဖြိုင်ရွာသည့် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ် သတ်မှတ်ထားပါသည်။ မြို့ရွာများရှိ အိမ်ဝန်း ရုံးဝန်း စာသင်ကျောင်း ဘုန်းတော်ကြီးကျောင်း လမ်းဘေးဝဲယာ စသည့် သစ်ပင်စိုက်ရသည့် မြေကွက်လပ်နေရာတိုင်းတွင် ပြည်သူများ သစ်ပင်စိုက်ပျိုးရေးလတွင် အပင်များစိုက်ကြသလို နိုင်ငံတော်အကြီးအကဲများကိုယ်တိုင်လည်း သစ်ပင်စိုက်ပွဲများ ကျင်းပ၍သစ်ပင်စိုက်ပျိုးကြပါသည်၊

သစ်တောဦးစီးဌာနမှလည်း နိုင်ငံတဝန်း ပြည်သူများသစ်ပင်စိုက်ကြရန် လှုံ့ဆော်လျက်ရှိပြီး စိုက်ပျိုး ပြုစုနည်းစနစ်များရှင်းလင်းအသိပေးခြင်း၊ သစ်ပင်ပျိုးပင်များအခမဲ့ဖြန့်ဝေခြင်းဆောင်ရွက်လျက်ရှိပါသည်၊ တနိုင်တပိုင်သစ်ပင်စိုက်သူများကို သစ်ပင်များဖြန့်ဝေခြင်း၊ လူစည်ကားရာ ဈေး၊ ရပ်ကွက်များအတွင်းသစ်ပင်များဝေငှခြင်း၊ ရပ်ကွက် ကျေးရွာ စာသင်ကျောင်းများအတွင်း သစ်ပင်စိုက်ပွဲလုပ်ပါက သက်ဆိုင်ရာသစ်တောဝန်ထမ်းများက အားတက်သရော ပါဝင်ဆောင်ရွက်လျက်ရှိပါသည်၊

တောအုပ်ကြီးချစ်ထွေးတို့လို သစ်တောဝန်ထမ်းများက သစ်ပင်စိုက်ကာလမှာဖြင့် သစ်တောဦးစီးဌာနမှစိုက်သည့် နိုင်ငံတော်ပိုင် သစ်တောစိုက်ခင်းအမျိုးမျိုး၏ စိုက်ခင်းစခန်းတွင် စခန်းချ သစ်ပင်စိုက်ခြင်း လုပ်ငန်းစဉ်အတိုင်း လုပ်နေရသလို အဆင့်ဆင့်သော သစ်ပင်စိုက်ပွဲများတွင် ပတ်စာခွာဖျာသိမ်းသည်ထိ ပါဝင်လှုပ်ရှားနေရသည့်အချိန်ပါ။

ချစ်ထွေးက အရင့်အရင်ပြီးခဲ့တဲ့ သစ်ပင်စိုက်ပွဲများတွင် မြို့နယ်ဦးစီးအရာရှိ၏ အနီးကပ်ကြီးကြပ်မှုများတွင် လိုက်ပါစီးမျောလုပ်ပေးရုံမျှသာ၊ အခုက ကိုယ်တိုင်ဦးဆောင်လုပ်ရမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးက တာဝန်ပေးထားပြီ၊ တစ်နေ့လုံး စိုက်ပွဲလုပ်မည့်နေရာ အားကစားကွင်းတွင် သက်ဆိုင်သူများနှင့်ပြောဆိုညှိနှိုင်းသင့်သည်များညှိနှိုင်းအပြီး ဘိနယ်ဝန်ထမ်းများနှင့်အတူ မြေပြုပြင်မှုများ ပန္နက်ရိုက်မှတ်မှုများစတင်လုပ်ဆောင်ခြင်း၊ ဖုန်းဖြင့် ဆက်သွယ်အလုပ်လုပ်ရသည်များ ဖုန်းဆက်ခြင်းများဆောင်ရွက်ပြီး ညပိုင်းတွင် ကွန်ပျူတာတစ်လုံးဖြင့် သစ်ပင်စိုက်ပွဲဆောင်ရွက်မည့် အသေးစိတ်အစီအမံပြုစုသည်မှာ ညဥ့်နက်မှ ပြီးစီးခဲ့၏။

မနက်စောစော ချစ်ထွေးက အစီအမံစာအုပ် တင်ပြတော့ ညွှန်ကြားရေးမှူးက ချက်ချင်းဖတ်၏။ သေသေချာချာဖတ်၏။ စေ့စေ့စပ်စပ်ဖတ်၏။ ညွှန်ကြားရေးမှူးအစီအမံစာဖတ်နေစဉ် ချစ်ထွေးက ဒီနေ့လုပ်မည့်အလုပ်များပြန်လည်တွေးတောရင်း နားကလည်းစွင့်ထား၏။ ညွှန်ကြားရေးမှူးကြီး စာအုပ်ကိုပိတ် ခေါင်းမော့ မျက်မှန်ကို နဖူးအထက်မတင်အပြီး –

‘ကိုယ့်ညီရဲ့ အစီအမံကအဓိကကျတဲ့ ပွဲမတိုင်မီမှသည် ပွဲပြီးသည်ထိ ဝန်ထမ်းတွေ အလုပ်တာဝန်ခွဲဝေချထားမှု၊ သစ်ပင်စိုက်ပွဲတက်ရောက်မည့်စာရင်း၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ လမ်းကြောင်းရှင်းလင်းရေး၊ လုံခြုံရေးတွေ အပြည့်အစုံပါတယ်။ စိုက်ပွဲမှာတက်ရောက်လာသူတွေကို စားဖွယ်ဧည့်ခံသလို တို့ဌာနရဲ့လုပ်ဆောင်ချက်တွေ မှတ်တမ်း

ဓာတ်ပုံတွေပြသမယ်၊ လက်ကမ်းစာစောင်တွေဝေမယ်ဆို တဲ့ ညီ[illegible]အစီအမံက အခုနှစ်ပိုင်းပဲ [illegible]ချက်ပဲ၊ audio ပိုင်းတွေ ညှော်ခံကျွေးမည့် အစားအသောက်တွေ ရော ဘယ်လိုစီစဉ်ထားလဲ'

PDF Compressor Free Version

'အခုအစီအမံပါ menu အတိုင်း စားသောက်ဖွယ် ရာကို အစ်ကိုကြီးအတည်ပြုရင် ဒီကနေ့ စရံပေးမှာထား မှာပါ။ မနေ့ကပဲ audio ပိုင်းကို စိုက်ပွဲမှာဖွင့်မည့် သီချင်း ကအစစီစဉ်ထားပြီး စရံပေးထားပါတယ်၊ သတင်းမီဒီယာ တွေမှာ သစ်ပင်စိုက်ပွဲသတင်းဝေဝေဆာဆာပါဖို့ပြန်/ဆက် အပါအဝင် သတင်းသမားတွေကို ဆက်သွယ်ထားသလို စိုက်ပွဲမတိုင်မီ ညအိပ်စောင့်မည့်ဝန်ထမ်းတွေနဲ့ volunteer ဝန်ထမ်းတွေနေဖို့စားဖို့လည်း စီစဉ်ထားရှိပြီးပါပြီ'

'အေး... အေး ကောင်းပါတယ်၊သစ်ပင်စိုက်ပွဲမှာတိုင်း ဒေသကြီး အကြီးအကဲမြွက်ကြားမည့်မိန့်ခွန်းကိုတော့ ပြင် ဆင်ဖြည့်စွက်စရာနည်းနည်းရှိလို့ soft copy ရောပါလား'

'ပါ ပါတယ် အစ်ကိုကြီး'

'ကိုယ့်ညီရဲ့ အစီအမံမှာ စာသား edit လုပ်စရာရှိ တာလုပ်ပြီး တိုင်းဒေသကြီးဆီ ဆက်တင်ပြမယ်၊ အကြီးအ ကဲက power point နဲ့ ရှင်းလင်းတင်ပြပါဆို တင်ပြနိုင် အောင်လုပ်ဆောင်မှုတိုင်း ဓာတ်ပုံမှတ်တမ်းတွေ အစ်ကိုကြီး ဆီ တင်ပြပေးပါ'

'ဟုတ်ကဲ့ပါ အစ်ကိုကြီးခင်ဗျာ'

သစ်ပင်စိုက်ပွဲပြင်ဆင်ချိန်ရက်များတွင် နေပူလိုက်၊ မိုးအုံ့လိုက်၊ မိုးသဲသဲမဲမဲ ရွာလိုက်နှင့် ချစ်ထွေးဦးဆောင် သည့် ဝန်ထမ်းများ၊ အလုပ်သမားများလည်း ချွေးတပြိုက် ပြိုက်ဖြစ်လိုက် မိုးတစိုစိုရွှဲလိုက် အားကြိုးမာန်တက် လုပ် နေရတာ ၃ ရက်မြောက်ခဲ့ပြီ၊ ညမှောင်မီ တစ်နေ့တာ အလုပ်သိမ်းတော့မည့်အချိန် စိုက်ပွဲလုပ်မည့်နေရာ ညွှန် ကြားရေးမှူးရောက်ရှိလာပြီးလှည့်လည်စစ်ဆေး၍ ဝန်ထမ်း များအား လိုအပ်သည်များမှာကြားပါသည်၊ ချစ်ထွေးကို လည်း– 'ကိုယ့်ညီ ဦးဆောင်လုပ်တာ အခုဆို လုပ်ငန်း ၈၀ ရာခိုင်နှုန်းကျော်ပြီးနေပြီပဲ၊ အခုဆောင်ရွက်ပြီးသမျှ တွေနဲ့ စိုက်ပွဲအစီအမံတွေကို power point နဲ့ ဒီကို မလာမီလေးမှာ တိုင်းဒေသကြီးအကြီးအကဲကို ရှင်းလင်း တင်ပြပြီးပြီ၊ တခြား အခက်အခဲဘာတွေရှိလဲ'

'ဒီကနေ့ နေ့လယ် တိုင်းဒေသကြီးရုံး အချို့လည်း လာကြပါတယ်၊ စိုက်ပွဲအဝင် လမ်းဘေးဝဲယာက ရောင်စုံ အလံတွေစိုက်ထားတာ စိပ်တယ် ကျဲတယ်၊ ဘယ်အရောင် မစိုက်ချင်ဘူးတို့၊ စိုက်ပွဲနဲ့ သစ်တောဆောင်ပုဒ် ဆိုင်း ဘုတ်တွေကို ဘယ်လို စိုက်စေချင်တာ၊ ဘယ်သူက ဘယ် သစ်မျိုးစိုက်မှာလဲ မေးကြ ပြောကြပါတယ်၊ အခက်အခဲ တော့မရှိပါဘူး အစ်ကိုကြီး'

'ကိုယ့်ညီက အခုလုပ်ထားတာ ဒါတွေအားလုံးအ စီအမံတင်ပြထားတဲ့အတိုင်းပဲ၊ အကြီးအကဲတွေလည်း လက်ခံထားကြောင်း ပြောပြလိုက်ရမှာ၊ စိတ်ထဲမထားနဲ့ တော့ လုပ်စရာရှိတာဆက်လုပ်ပါ ကိုယ့်ညီ'

'တီ – တီ –တီ –တီ'

ချစ်ထွေးနှင့်စကားပြောနေသည့် ညွှန်ကြားရေးမှူး၏ လက်ကိုင်ဖုန်းမြည်လာတာကြောင့် –

'ဟယ်လို အမိန့်ရှိပါခင်ဗျာ'

'သစ်တောညွှန်မှူးကြီးလား၊ တိုင်းဒေသကြီး အစိုးရရုံးကပါ၊ ခင်ဗျားတို့ သစ်ပင်စိုက်ပွဲရက်မှာ တိုင်းဒေသ ကြီး အကြီးအကဲက တခြားအရေးကြီးကိစ္စပေါ်လာတာ ကြောင့် မူလစိုက်ပွဲရက်ရဲ့ နောက်နှစ်ရက်မှ လုပ်ပါမယ် တဲ့ခင်ဗျာ၊ အဲတာ အကြောင်းကြားတာပါ'

'ဟုတ်ကဲ့ပါခင်ဗျာ ဟုတ်ကဲ့' ဖုန်းချအပြီး၊

'ကဲ ကိုယ့်ညီလည်း ကြားပါတယ်နော်၊ စိုက်ပွဲ ရက် နှစ်ရက်နောက်ဆုတ်တယ်၊ ဒီတော့ ပြင်ဆင်ထားတာ တွေ မပျက်မစီးအောင် မိုးလုံလေလုံနေရာတွေမှာ စနစ် တကျထိန်းသိမ်း၊အစားအသောက်မှာပြီးတာတွေရက်ပြောင်း ပြန်မှာ၊ ဝန်ထမ်းတွေကိုလည်း အသင့်ရှိနေဖို့နဲ့ လုပ်စရာရှိ တာတွေလုပ်ဖို့ စီစဉ်ပေရော့ ကိုယ့်ညီ၊ အော်.. ဒါနဲ့ ဖိတ်စာ တွေ ကမ်းပြီးပြီလား၊ မကမ်းရသေးရင် ဖိတ်စာပြင်စာ ရိုက်ပြီးမှဖိတ်ကြားနော်'

'ဖိတ်စာက မနက်ဖြန်မှ ကမ်းဖို့ပါအစ်ကိုကြီး၊ အခုတိုင်းဆို ဖိတ်စာပြန်ပြင်ပြီးမှ ဖိတ်ကြားပါတော့မယ် ခင်ဗျာ'

'အေးပါ ညီလေးရာ၊ အဆင်ပြေအောင်လုပ်ကြပါ'

ညွှန်ကြားရေးမှူးကား ပြောပြီးပြန်သွားပြီ၊ စိုက်ပွဲ ကိစ္စ သူတကာထက် နေ့ည မနား ကိုယ်စိတ်နှစ်လုပ်နေရ သည့် တောအုပ်ကြီးချစ်ထွေး မိုးရေနဲ့အတူ ချွေးတွေက စို့လာသည်။ သစ်ပင်စိုက်ပွဲအတွက် စိတ်ကြိုက်ပြင်ဆင်ချိန် ရလည်း audio နှင့် အစားအသောက်မှာသည့် စရံငွေတွေ ဆုံးရပြီ၊ အသစ်စရံထပ်ပေး ပြန်မှာရတော့မည်။ အခုရက် ပိုင်းတွေ မနက် နေသာ ညနေမိုးရွာလည်း မူလစိုက်ရက်၏ နောက်နှစ်ရက်ဆုတ်သည့်ရက်က မုန်တိုင်း ဖြစ်နိုင်ကြောင်း သတိပေးထားသည်။ မုန်တိုင်းဖြစ်က မနက်ပိုင်းသစ်ပင် စိုက်ချိန် မိုးရွာနိုင်သည်။ လက်ကိုင်ဖုန်းပါ weather app ကလည်း အဲနေ့မှာ မိုးရွာမည့် သင်္ကေတပြထားသည်။ နွားသိုးနှင့်မိုး အစိုးမရပြီ၊ မနက်ရွာသည့်မိုးက သစ်ပင်စိုက်

ပွဲ ပွဲမပျက်လည်း တက်ရောက်လာသူများကို ကသီလင်တဖြစ် ရှုပ်ယှက်စေသည်။ တောအုပ်ကြီးချစ်ထွေး ဘိန္နယ်တာဝန်ခံတောအုပ်ကိုအနားခေါ်၍ စိုက်ပွဲရက် မိုးရွာနိုင်ကြောင်း အမိုးအကာများ မိုးလုံအောင် ခိုင်ခိုင်ခံ့ခံ့ လုပ်ပြီး ထီးတွေထပ်မံဝယ်ချင်ကြောင်းပြောရာ တောအုပ်က–

'သစ်ပင်စိုက်ပွဲရက် မိုးရွာမှာစိုးရင် မိုးတားမှာပေါ့ဆရာ' 'ဘာ.... မိုးတားမယ်ဟုတ်လား'

'ဟုတ်တယ်ဆရာ၊ ပွဲလမ်းသဘင်တွေမှာ မိုးမဖျက်အောင် မိုးတားပေးတဲ့ အဘရှိတယ်၊ အသက်အရွယ်က ဆရာနဲ့ မတိမ်းမယိမ်းပေမဲ့ လူအများက အဘ အဘ ပဲခေါ်ကြတာ၊ အဘမောင်မောင်တဲ့၊ မိုးတားမောင်မောင်လို့လည်း လူသိများတယ်၊ အဘက မိုးတားတာကို သက်သတ်လွတ်စား ဥပုသ်သီလယူပြီး တစ်ရက်ကြိုအစီအရင်လုပ်တယ်၊ ဆရာနဲ့ကျွန်တော် မနက်ဖြန်မနက် ကြိုပြီးသွားကြမလားဆရာ၊ ဒီမြို့အစွန်ခြံဝန်းကျယ်နဲ့နေတာဆိုင်ကယ်နဲ့ဆို ခဏစီးရတာ သိပ်မဝေးဘူးဆရာ၊ လူစောင့်ရတာ မကြာရင် မေးတာဟောတာ အချိန်ခဏပဲ ဆရာ'

'အေးလေ.... မကြာဘူးဆို သွားကြတာပေါ့၊ ဟိုရောက်ရင် မင်းပဲလိုအပ်တာပြော၊ ငါက နဂါးပူး နတ်ပူးဓာတ်စီး သိုက်ဝင် ဓာတ်လိုလို နတ်လိုလိုတွေနဲ့ စကားမပြောတတ်ဘူး'

နောက်နေ့ မိုးတားမောင်မောင်ကို သူ၏အိမ် ဘိုးတော်အဘရုပ်ထုများရှိရာ ဓာတ်ခန်းအတွင်း ခေါင်းပေါင်းသိုးရင်းအင်္ကျီ ပုဆိုးအဖြူရောင်ဝမ်းဆက်ဝတ်စုံပြည့်နှင့် ရွယ်ရွယ်လတ်လတ် မိန်းကလေးများကိုဟောပြောတာ ချစ်ထွေးတွေ့ရသည်။ ချစ်ထွေးတို့ အလှည့်ရောက်သော် အဘက ဘာကိစ္စမေးလိုတာလဲ မေးလာတော့ ချစ်ထွေးနဲ့အတူပါ ဘိန္နယ်တာဝန်ခံတောအုပ်က–

'သစ်ပင်စိုက်ပွဲ --- ရက် မနက်ပိုင်းလုပ်မှာ မိုးတားချင်လို့ပါအဘ'

'မိုးတားတယ်လို့ မပြောစေချင်ဘူး၊ သတ္တဝါတွေ မျှော်တဲ့မိုး ရွာစေချင်တဲ့မိုး မရွာအောင် လုပ်ရတာ ကောင်းတော့ မကောင်းဘူး၊ သစ်ပင်စိုက်ပွဲလုပ်တာက မမြင်အပ်တဲ့လောကသားတွေအပါအဝင် သတ္တဝါအများအကျိုးမို့ သက်ဆိုင်ရာ မိုးနတ်မင်း လေနတ်မင်းတွေကို ခေတ္တသည်းခံပေးဖို့ မေတ္တာရပ်ခံတာ၊ မိုးမရွာစေချင်တဲ့နေရာမှာ အချိန်အကန့်အသတ်နဲ့ မိုးမရွာအောင် အဘကိုယ်တိုင် အစီအရင်လုပ်ပေးပါမယ်၊ အစီအရင်တွက်လိုအပ်တာကိုတော့ မောင်ရင်တို့က ပံ့ပိုးပေးပါ'

သစ်ပင်စိုက်ပွဲကျင်းပလေပြီ၊ စိုက်ပွဲရက် မိုးလေဝသအခြေအနေသည်ကား မနက်စောစောကပင် ကောင်းကင်တခွင် အုံ့မှိုင်းနေလည်း မိုးကားမရွာ၊ တိုင်းဒေသကြီးအကြီးအကဲ မိန့်ခွန်းမြွက်ကြားမှု နိဂုံးချုပ်လုလုအချိန် မိုးတစ်ပေါက်ခြင်း ခပ်ကျဲကျဲ စကျ၏၊ သစ်ပင်စိုက်ချိန် ခပ်စိပ်စိပ်ကျ၏၊ သစ်ပင်စိုက်တာလိုက်လံအားပေးကြည့်ရှုချိန် မိုးဖွဲလေးတွေ စရွာ၏။

သစ်တောညွှန်ကြားရေးမှူးက အခမ်းအနားမှူးအား မျက်ရိပ်ပြလိုက်၏။

'အခမ်းအနားအစီအစဉ်အရ သစ်ပင်စိုက်ပွဲ အခမ်းအနားပြီးမြောက်ကြောင်း ကြေညာမှာဖြစ်ပါတယ်ရှင်'

ဒီနှစ် ဒီကာလ သစ်ပင်စိုက်ပွဲတစ်ခု ပြီးမြောက်ခဲ့လေပြီ။

အခမ်းအနားမှူး ကြေညာအပြီး သစ်ပင်စိုက်ပွဲလာတိုင်းဒေသကြီးအကြီးအကဲအပါအဝင် ဧည့်သည်တော်များ ပရိတ်သတ်များအား မိုးလုံလေလုံ အမိုးအကာအောက် အကျွေးအမွေးဖြင့်တည်ခင်းဧည့်ခံကြသည်။

အဘမိုးတားမောင်မောင်၏ အစီအရင်ပြုရာ ရွက်ဖျင်တဲအတွင်းရှိ အစီအရင်ပြုသည့် ဖယောင်းတိုင်လည်း မီးငြိမ်းလေပြီ၊ စိုက်ပွဲကျင်းပရာ ကွင်းပြင်တွင် သဲသဲမဲမဲ မိုးရွာလေပြီ။

သစ်ပင်စိုက်ပွဲ ကျင်းပချိန် မိုးမရွာ၊ စိုက်ပွဲပြီးချိန်မှ ရွာသည့်မိုးကား အပင်တို့အတွက် တန်ဖိုးဖြတ်မရလောက်အောင် အကျိုးရှိပေစွ၊ စိုက်ပွဲအချိန် မိုးမရွာသည်ကား မိုးတားမောင်မောင်၏ အစီအရင်အစွမ်းပေလော၊ ဇူလိုင်လ ရွာသည့်မိုး၏ သဘော သဘာဝပေလော၊ မည်သို့ပင်ဆိုစေ သစ်ပင်စိုက်ပွဲအောင်မြင်အောင်ကျင်းပရာတွင် ပါဝင်ဆောင်ရွက်သူများအား တောအုပ်ကြီးချစ်ထွေး နှလုံးသားထဲ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်ရာတွင် အဘမိုးတားမောင်မောင်ကိုဖြင့် ထိုင်ရှစ်ခိုးရလောက်အောင် ဂုဏ်ပြုမှတ်တမ်းတင်ထားလိုက်၏။

ဇူလိုင်လ ရွာသည့်မိုးတွေအနက် အခုရွာသည့်မိုးကား တောအုပ်ကြီးချစ်ထွေး ရင်ထဲမှာ အအေးမြဆုံးပင်။





PDF Compressor Free Version

PDF Compressor Free Version

# ရေဝပ်ဒေသများနှင့် အနာဂတ်ထိန်းသိမ်းရေး

ခိုင်ထွန်း (ဝန်းကျင်/သားငှက်)

ကမ္ဘာ့ဇီဝအဝန်းနယ်မြေကြီးတွင် မှီတင်းနေထိုင်လျက်ရှိသော လူသားအားလုံး အသက်ရှင်ရပ်တည်နိုင်ရေး သဘာဝတရားမှ ရေဝပ်ဒေသများ၊ ဂေဟစနစ်ဝန်ဆောင်မှုများအား လက်ဆောင်တစ်ခုအဖြစ်ရရှိထားကြပြီးဖြစ်သည်။ သဘာဝတရားမှပေးခဲ့သောလက်ဆောင်များကို မူလအနေအထားမပျက်ထိန်းသိမ်းနိုင်ရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်ရေး၊ စဉ်ဆက်မပြတ်ထုတ်ယူအသုံးပြုနိုင်ရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးတို့မှာ ကျွန်တော်တို့အားလုံးအတွက်တာဝန်များဖြစ်လာပါသည်။

**ရေဝပ်ဒေသဆိုသည်မှာ**

ရေဝပ်ဒေသများအား သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ပညာရှင်များအနေဖြင့် အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုလျက်ရှိကြပြီး ရမ်ဆာကွန်ဗင်းရှင်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အား ခြုံငုံတင်ပြရလျှင် ကျွန်ုပ်တို့၏ဝန်းကျင်တွင် သဘာဝအတိုင်း ယာယီ(သို့မဟုတ်) အမြဲစီးဆင်းတည်ရှိနေကြသော မြစ်၊ ချောင်း၊ အင်း၊ အိုင်များ၊ ဆည်မြောင်းတာတမံများ၊ ရေကန်ကြီးများ၊ စိမ့်တောနှင့် ရွှံ့နွံတောများ၊ ဒီရေတောများ၊ သစ်ဆွေးမြေ့တောများ (Peat- lands)၊ ရေရှင်(သို့မဟုတ်)ရေသေ၊ရေချို(သို့မဟုတ်) ရေငန်တို့အား ရေဝပ်ဒေသများဟုမှတ်ယူနိုင်ပြီး ကမ်းရိုးတန်းဒေသဒီရေကျချိန်(၁၈) ပေအနက်ထက်မပိုသော အဏ္ဏဝါရေပြင်ဧရိယာများအားလည်း ခေါ်ဆိုနိုင်ပါသည်။

**ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းစဉ်များ**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အစိုးရအဖွဲ့များ၊ အစိုးရမဟုတ်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့ကြီးများနှင့် ရေဝပ်ဒေသဆိုင်ရာ အသိပညာ၊ အတတ်ပညာရှင်တို့မှ ကမ္ဘာပေါ်ရှိ အရေးကြီးရေဝပ်ဒေသများ မတိမ်ကောမပပျောက်စေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် နယ်ပယ်အသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့မှဟန်ချက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် ၁၉၇၁ ခုနှစ်၊ ဖေဖော်ဝါရီလ(၂)ရက်နေ့တွင် အီရန်နိုင်ငံ၊ ရမ်ဆာမြို့၌ ကမ္ဘာ့ရေဝပ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်းအားစတင်ဖွဲ့စည်းသတ်မှတ်ခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ အရေးကြီး ရေဝပ်ဒေသများထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေကြသည်ကို တွေ့မြင်နိုင်ကြမည်ဖြစ်ပါသည်။

**ကွန်ဗင်းရှင်းနှင့် အရေးကြီးရေဝပ်ဒေသ**

ရမ်ဆာကွန်ဗင်းရှင်း စတင်ဖွဲ့စည်းသတ်မှတ်ခဲ့သောနေ့အား ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်ဖေဖော်ဝါရီလ(၂)ရက်နေ့ကို ကမ္ဘာ့ရေဝပ်ဒေသများနေ့(World Wetlands Day) ဟူ၍လည်းကောင်း၊ ရမ်ဆာမြို့တွင် ကွန်ဗင်းရှင်းလက်မှတ်ရေးထိုးခြင်း အထိမ်းအမှတ်အဖြစ် ရေဝပ်ဒေသများ ထိန်းသိမ်းရေးကွန်ဗင်းရှင်း(Convention on Wetlands) အား ရမ်ဆာကွန်ဗင်းရှင်း(Ramsar Convention) ဟူ၍လည်းကောင်း၊ အစည်းအဝေးစတင်ပြုလုပ်သည့် ရမ်ဆာမြို့အား အစွဲပြု၍ အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုရေဝပ်ဒေသများအား ရမ်ဆာရေဝပ်ဒေသ (Ramsar Site) ဟူ၍လည်းကောင်း သတ်မှတ်ခေါ်တွင်စေပြီး ရမ်ဆာရေဝပ်ဒေသများမှ စဉ်ဆက်မပြတ် ထုတ်ယူအသုံးပြုနိုင်ရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်နိုင်စေရေး အစီအမံများဖြင့် ရမ်ဆာကွန်ဗင်းရှင်းအသင်းအဖွဲ့ကြီးက မူဘောင်များချမှတ်ကာ ကမ္ဘာနှင့်အဝန်းရှိ အရေးကြီးရေဝပ်ဒေသများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

**ရမ်ဆာရေဝပ်ဒေသနှင့် စံသတ်မှတ်ချက်**

ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်ထိန်းသိမ်းနိုင်ရေးအတွက် စံသတ်မှတ်ချက်(၉)မျိုးဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပြီး ဇီဝဘူမိထူးခြားသည့်ဒေသတွင် မူလ သဘာဝအတိုင်းနှင့် ယင်းအတိုင်း နီးပါးရှိနေသည့် ထင်ရှားသောရေဝပ်ဒေသများအား အခြေခံသော စံသတ်မှတ်ချက်(၁)မျိုး၊ မျိုးစိတ်နှင့်ဂေဟစနစ်များအား အခြေခံသည့် စံသတ်မှတ်ချက်(၃)မျိုး၊ ရေပျော်ငှက်မျိုးစိတ်များအား အခြေခံသည့် စံသတ်မှတ်ချက်(၂)မျိုး၊ ငါးမျိုးစိတ်များအား အခြေခံသည့် စံသတ်မှတ်ချက်(၂)မျိုးနှင့် ရေဝပ်ဒေသများအပေါ်မှီခိုသည့် ငှက်မျိုးစိတ်မဟုတ်သည့် အခြားတိရစ္ဆာန်မျိုးစိတ်များနှင့် တစ်ဆင့်ခံမျိုးစိတ်များအား ထောက်ပံ့ပေးနိုင်မှုတို့ကိုအခြေခံသည့် စံသတ်မှတ်ချက်(၁)မျိုး၊ စုစုပေါင်းစံသတ်မှတ်ချက်(၉)မျိုးထားရှိပြီး ၎င်းတို့အနက်တစ်မျိုးမျိုးနှင့်ကိုက်ညီမည်ဆိုပါက ရမ်ဆာရေဝပ်ဒေသအဖြစ် သတ်မှတ်နိုင်ပါ

သည်။ ကွန်ဗင်းရှင်း၏ စံသတ်မှတ်များနှင့်ကိုက်ညီသည့် ရေဝပ်ဒေသများအား ရမ်ဆာရေဝပ်ဒေသများအဖြစ် သတ်မှတ်ဆောင်ရွက်ပြီး ကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်၊ ညွှန်ကြားချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံအသီးသီးမှ မိမိတို့၏ သက်ဆိုင်ရာ အခန်းကဏ္ဍများအလိုက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြပါသည်။

PDF Compressor Free Version

**ရမ်ဆာရေဝပ်ဒေသထိန်းသိမ်းရေးနယ်ပယ်**

ရမ်ဆာကွန်ဗင်းရှင်းအား စတင်ဖွဲ့စည်းတည်ထောင်စဉ်ကာလမှ ယခု ရာစုနှစ်ဝက်ကျော်ကာလသို့ရောက်ရှိလာချိန်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း(၁၇၂) နိုင်ငံထိ ရောက်ရှိလာပြီး ရမ်ဆာရေဝပ်ဒေသ(၂၅၀၂)ခု အထိရှိလာပြီကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် ကမ္ဘာနှင့်အဝန်း ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများအား အရှိန်တိုးမြှင့်ဆောင်ရွက်လာကြသည်ကို တွေ့မြင်လာရခြင်းဖြင့် ရေဝပ်ဒေသများသည် ကမ္ဘာလုံးဆိုင်ရာ အရေးပါမှုကို ထောက်ပြလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာဆက်စပ်ဌာနတို့နှင့်ပူးပေါင်းပြီး ရမ်ဆာကွန်ဗင်းရှင်းလုပ်ငန်းစဉ်များအား ဖော်ဆောင်ခြင်း၊ မိမိတို့နိုင်ငံ၏ အရေးကြီးရေဝပ်ဒေသကြီးများအား ရေရှည်တည်တံ့စေမည့် လုပ်ငန်းများဆောင်ရွက်ခြင်း၊ အလားအလာကောင်းသည့် ရေဝပ်ဒေသအားများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ရမ်ဆာရေဝပ်ဒေသများတိုးမြှင့်ဖွဲ့စည်းခြင်းတို့ဆောင်ရွက်လျက်ရှိပါသည်။

**ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်းများဖော်ဆောင်ခြင်း**

အဖွဲ့ဝင်နိုင်ငံများအလိုက် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ကြီး၏ ထုတ်ပြန်ထားသော မူဘောင်ချမှတ်ချက်လုပ်ငန်းတာဝန်များတို့ဖြင့် ရေဝပ်ဒေသထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များဖြစ်သည့် ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဆက်စပ်ရာတို့၏ ပူးပေါင်းဆောင်ရွက်မှုများ ရရှိရေးဆောင်ရွက်ခြင်းနှင့် အသိအမြင်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း (CEPA-Programme)တို့အားဆောင်ရွက်လျက်ရှိကြပါသည်။ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများအနေဖြင့် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားများကို (၁၉၉၇) ခုနှစ်မှ စတင်ကာ လူထုအသိအမြင်မြှင့်တင်ရေးနှင့် ရေဝပ်ဒေသထိန်းသိမ်းရေးဆိုင်ရာနှိုးဆော်ဆောင်ပုဒ်များဖြင့် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပြီး ယခုနှစ်တွင် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ကြီး၏ ကမ္ဘာ့ရေဝပ်ဒေသနေ့ နှိုးဆော်ဆောင်ပုဒ် Wetlands and Human Wellbeing(လူသားတို့ ကျန်းမာပျော်ရွှင်ဖို့ ရေဝပ်ဒေသများ ထိန်းသိမ်းစို့)ဖြင့် အဖွဲ့ဝင်နိုင်ငံအသီးသီးတို့တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

**ရမ်ဆာကွန်ဗင်းရှင်းနှင့် မြန်မာနိုင်ငံ**

၂၀၀၅ ခုနှစ် မတ်လ (၁၇)ရက်နေ့တွင် မြန်မာနိုင်ငံသည် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ အဖွဲ့ဝင်နိုင်ငံမဖြစ်မီ ၂၀၀၄ ခုနှစ် နိုဝင်ဘာလ (၁၇)ရက်နေ့တွင် ရေဝပ်ဒေသ သဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သည့် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအား မြန်မာနိုင်ငံ၏ ပထမဦးဆုံးရမ်ဆာရေဝပ်ဒေသအဖြစ်သတ်မှတ်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အခမ်းအနားများအား ၂၀၁၂ ခုနှစ်မှစတင်၍ ရမ်ဆာရေဝပ်ဒေသသဘာဝထိန်းသိမ်းရေးနယ်မြေများနှင့်အရေးကြီးရေဝပ်ဒေသများတည်ရှိသောတိုင်းဒေသကြီးများအလိုက်နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိပါသည်။

**ရမ်ဆာရေဝပ်ဒေသများထိန်းသိမ်းရေးလုပ်ငန်းများ**

သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအနေဖြင့် မိမိတို့နိုင်ငံရှိ အရေးကြီးရေဝပ်ဒေသများအား အချိန်မီထိန်းသိမ်းဆောင်ရွက်နိုင်ရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းနှင့် နိုင်ငံတကာတို့နှင့်ဟန်ချက်ညီ ထိန်းသိမ်းရေးများရရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုရေဝပ်ဒေသထိန်းသိမ်းရေးနယ်မြေအဖြစ် တိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်တွင်းပြည်ပ အသင်းအဖွဲ့အသီးသီးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရယူ၍ မိမိတို့နိုင်ငံတွင်းရှိ အရေးကြီးရေဝပ်ဒေသများအား ရမ်ဆာရေဝပ်ဒေသ(Ramsar Site)များအဖြစ် သတ်မှတ်ခြင်းနှင့် ဆောင်းခိုငှက်များ၊ ရေပျော်ငှက်များပျံသန်းရာ ကွန်ရက်နယ်မြေ (Flyway Network Site)များ သတ်မှတ်ခြင်းတို့အား အလေးပေးဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံရှိရမ်ဆာရေဝပ်ဒေသ**

မြန်မာနိုင်ငံတွင် ရမ်ဆာရေဝပ်ဒေသများအဖြစ် ရေဝပ်ဒေသသဘာဝထိန်းသိမ်းရေးနယ်မြေများကြဖြစ်သည့် မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အခြားရေဝပ်ဒေသကြီးများဖြစ်သည့် မုတ္တမပင်လယ်ကွေ့၊ နံသာကျွန်းနှင့် မေယုမြစ်ဝ၊



PDF Compressor Free Version

နှင့် ပြူကန်တို့အပါအဝင် စုစုပေါင်းရမ်ဆာရေဝပ် ဒေသ(၇) ခု သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။

**ဒေသပြောင်းငှက်များပျံသန်းရာလမ်းကြောင်းနှင့်ချိတ်ဆက်မှု**

ကမ္ဘာပေါ်တွင် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိကြသော ရေပျော်ငှက်များပျံသန်းရာ အဓိကလမ်းကြောင်းကြီး(၉)ကြောင်းရှိပြီး ၎င်းတို့အနက် အာရှပစိဖိတ်ဒေသတွင်း အရေးကြီး ငှက်ပျံသန်းရာလမ်းကြောင်းကြီးများအဖြစ် သတ်မှတ်ထားသည့် အရှေ့အာရှ–ဩစတြေးလျငှက်များပျံသန်းရာလမ်းကြောင်း (East Asian-Australasian Flyway)နှင့် ဗဟိုအာရှငှက်များ ပျံသန်းရာလမ်းကြောင်း (Central Asian Flyway) တို့မှာ မိမိတို့နိုင်ငံဧရိယာတွင် ဖြတ်သန်းကျရောက်လျက်ရှိကြောင်းသိရှိရပါသည်။ အဓိကကျသော ငှက်များ ပျံသန်းရာလမ်းကြောင်း (၂) ကြောင်းတို့မှာ မိမိတို့နိုင်ငံတွင်း ဖြတ်သန်းပျံသန်းလျက်ရှိသည့်အတွက် ဒေသပြောင်းရွှေ့နေထိုင်လေ့ရှိသောရေပျော်ငှက်မျိုးစိတ်များ စုံလင်စွာတွေ့ရှိနိုင်ရုံသာမက သစ်တောငှက်မျိုးစိတ်များပါ တွေ့မြင်နိုင်ပါသည်။ ဤသို့ဖြင့် နိုင်ငံတကာငှက်ပညာရှင်များ၊ ငှက်ဝါသနာရှင်များ အထူးစိတ်ဝင်တစား လာရောက်လေ့လာလည်ပတ်ကြသည့် အခွင့်အလန်းများကိုရရှိခံစားရပြီး မိမိတို့နိုင်ငံအတွက် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အထောက်အကူပြု တစ်ခုလည်းဖြစ်ပါသည်။

**ငှက်များပျံသန်းရာ ကွန်ရက်နယ်မြေ**

မြန်မာနိုင်ငံဧရိယာအတွင်း ဖြတ်သန်းပျံသန်းလျက်ရှိနေသော ငှက်များပျံသန်းရာလမ်းကြောင်း(၂)ခုအနက် အရှေ့အာရှ–ဩစတေးလျ ငှက်များပျံသန်းရာလမ်းကြောင်းပေါ်ရှိ အရှေ့အာရှ – ဩစတေးလျငှက်များပျံသန်းရာကွန်ရက်နယ်မြေ (EAAF-Flyway Network Site) တွင် လက်ရှိသတ်မှတ်ထားရှိပြီး ရမ်ဆာရေဝပ်ဒေသ(၆)ခု၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေပျော်ငှက်မျိုးစိတ်များနှင့် ဆောင်းခိုငှက်များ ကျက်စားရာပြူကန်နှင့် ပုလိပ်အင်းအပါအဝင် အရှေ့အာရှ–ဩစတေးလျငှက်များပျံသန်းရာကွန်ရက်နယ်မြေ(၈)ခုအား သတ်မှတ်ထားရှိပြီးဖြစ်ပါသည်။

**မြန်မာ့ရေဝပ်ဒေသများအား ထိန်းသိမ်းစီမံဆောင်ရွက် ခြင်း**

မိမိတို့နိုင်ငံရှိ ရေဝပ်ဒေသများအား ထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အကျိုးရှိစွာအသုံးပြုတို့တွင် သက်ဆိုင်ဆက်စပ်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှုများ မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး (ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ)က ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ရေဝပ်ဒေသများထိန်းသိမ်းစီမံအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့် ကော်မတီ (National Wetland Committee)အားဖွဲ့စည်းပြီး အမျိုးသားရေဝပ်ဒေသမူဝါဒနှင့် မဟာဗျူဟာလုပ်ငန်းများ (National Wetland Policy and Strategic Actions)ကို မူဝါဒများချမှတ်၍ ရေဝပ်ဒေသများအား စီမံကြီးကြပ် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါသည်။

**ရေဝပ်ဒေသများထိန်းသိမ်းခြင်း၏ အကျိုးကျေးဇူးများ**

ရေဝပ်ဒေသများအား သဘာဝမပျက် တည်ရှိနေနိုင်ရန်နှင့် အတန်းအစားကျသွားသော ရေဝပ်ဒေသများအား ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြခြင်းတို့ဖြင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေခြင်း၊ ရေများပြန်လည်ဖြည့်တင်းပေးခြင်း၊ သဘာဝနည်းများဖြင့် ရေထုအားသန့်စင်စေခြင်း၊ ကာဗွန်များအား သိုလှောင်ထားရှိပေးနိုင်ခြင်း၊ သဘာဝဘေးဒဏ်များကျရောက်ခြင်းမှလည်းကာကွယ်



ပေးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ် သက်ရောက်မှုများအားလျော့ချစေခြင်း၊ ဂေဟစနစ်ဝန်ဆောင်မှုစနစ်များအား ပိုမိုကောင်းမွန်လာစေခြင်း၊ စိုက်ပျိုးရေး၊ အစားအစာ၊ သောက်သုံးရေ၊ အခြားအသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ သဘာဝအခြေခံခရီးသွား အထောက်အကူပြုလုပ်ငန်းများ၊ ရေဝပ်ဒေသများအား ရေရှည်ဖွံ့ဖြိုးရေးနှင့် စဉ်ဆက်မပြတ်အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။

PDF Compressor Free Version

**သုတေသနအထောက်အကူပြုလုပ်ငန်းများ**

မြန်မာနိုင်ငံသည် ရေသယံဇာတများ ပေါကြွယ်ဝသော နိုင်ငံတစ်နိုင်ငံတွင်ပါဝင်ပြီး အရေးကြီးရေဝပ်ဒေသကြီးများလည်းတည်ရှိပါသည်။ အပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရှားပါးစာရင်းဝင်မျိုးစိတ်များ၊ ရေပျော်ငှက်မျိုးစိတ်များ စုံလင်စွာတွေ့ရှိနိုင်ပြီး သဘာဝသယံဇာများ ထာဝစဉ်တည်မြဲနိုင်အောင် ဆောင်ရွက်ရာတွင် သုတေသနအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပါသည်။

အဆိုပါ လိုအပ်ချက်များအား ဖြည့်ဆည်းမှုပြုနိုင်စေရန်အတွက် သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ဂျပန်နိုင်ငံ၊ သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာန(Ministry of the Environment, Japan)၏ ပံ့ပိုးမှုဖြင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် ရေဝပ်ဒေသ ဥယျာဉ်/ဘေးမဲ့တောအုပ်ချုပ်ရေးမှူးများနှင့် ကျွမ်းကျင်ဝန်ထမ်းများ ပူးပေါင်းကာ အရေးကြီးရေဝပ်ဒေသကြီးများဖြစ်သည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်၊ စစ်တောင်းမြစ်နှင့် မဲခေါင်မြစ်တို့၏ မြစ်ဝှမ်းဒေသရှိ ရေဝပ်ဒေသများ၊ ရခိုင်ကမ်းရိုးတန်းဒေသတို့၏ ကမ်းခြေဒေသများ ဆက်စပ်လျက်ရှိ ရေဝပ်ဒေသများအပါအဝင်စုစုပေါင်း ရေဝပ်ဒေသ(၉၉)ခုအား ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် A Wetland Inventory for Myanmar စာအုပ်အား အင်္ဂလိပ်ဘာသာဖြင့် ဖြန့်ဝေခဲ့သည်။ ယင်းကွင်းဆင်းစာအုပ်သည် မြန်မာနိုင်ငံအတွက်သာမက အခြားနိုင်ငံများအနေဖြင့်လည်း ကွင်းဆင်းလက်စွဲသဖွယ် အသုံးပြုလျက်ရှိပြီး မြန်မာနိုင်ငံ၏ရေဝပ်ဒေသ ထိန်းသိမ်းရေးသုတေသန အထောက်အကူပြုမှတ်တမ်းကောင်းတစ်ခုအဖြစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ရေဝပ်ဒေသများအားရှုမြင်ခြင်း**

ရေဝပ်ဒေသများသည် အခြားမှီခိုတောဂေဟစနစ်များနှင့်မတူဘဲ ထိခိုက်ပျက်စီးလွယ်သော သဘောသဘာဝရှိသည့် ဂေဟစနစ်အမျိုးအစားဖြစ်ပါသည်။ ရေဝပ်ဒေသဂေဟစနစ်တစ်ခု၏ ပျက်စီးနေမှုနှင့် အတန်းအစားကျဆင်းနေမှု ရှိ၊ မရှိ အခြေအနေတို့ကို သိပ္ပံနည်းကျ သုတေသနပြုလုပ်ခြင်း ဆောင်ရွက်နိုင်မှသာလျှင် သိရှိနိုင်မည်ဖြစ်ပါသည်။ ဤသို့ဖြင့် ရေဝပ်ဒေသများ၏ အတန်းအစား အနိမ့်အမြင့် အခြေအနေမှန်များ အလွယ်တကူမသိရှိနိုင်ဘဲ မိမိတို့ပတ်ဝန်းကျင်ရှိ ရေဝပ်ဒေသများ တဖြည်းဖြည်း ပျောက်ကွယ်မှန်းမသိ ပျောက်ကွယ်သွားကြခြင်းပင်ဖြစ်ပါသည်။

**ရေဝပ်ဒေသများကြုံတွေ့နေရမှုအခက်အခဲ**

ရေဝပ်ဒေသများအား အခြားမြေအသုံးချမှုအဖြစ်သို့ ပြောင်းလဲလုပ်ကိုင်ကြခြင်း၊ ရေဝေရေလဲဒေသရှိသစ်တောကြီးများ၏ အတန်းအစားများကျဆင်းလာခြင်း၊ ရေဝပ်ဒေသများအတွင်း အခြေချနေထိုင်မှုများပြုလုပ်လာကြခြင်း၊ ရေဝပ်ဒေသများအတွင်း ပလတ်စတစ်အမှိုက်များနှင့် လူအသုံးအဆောင်ပစ္စည်းများ စွန့်ပစ်ကြခြင်း၊ မိရိုးဖလာငါးဖမ်းနည်းမှ တရားမဝင် ဘက်ထရီရှော့တိုက် ငါးဖမ်းနည်းများ နေရာအနှံ့အပြားတို့တွင်လုပ်ကိုင်လာကြခြင်းစသည့် လူတို့၏ မဆင်မခြင်ပြုမူ ဆောင်ရွက်မှုများကြောင့် ရေဝပ်ဒေသများ အတန်းအစားကျဆင်းလာပြီး နေရင်းဒေသ၊ ရေဝပ်ဒေသဂေဟစနစ်များ ပျက်စီးလာခြင်းတို့နှင့် ကြုံတွေ့နေရခြင်းဖြစ်ပါသည်။

**ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှု**

လူသားတို့အားလုံး သာယာချမ်းမြေ့သောဘဝရပ်တည်မှုများ ရရှိစေနိုင်စေရန်အတွက် အရေးကြီးအထောက်အကူတစ်ခုအဖြစ် ရေဝပ်ဒေသများက ဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းကို သိရှိစေပြီး ရေဝပ်ဒေသများ ထိန်းသိမ်းရေးလုပ်ငန်းများအား ပူးပေါင်းအားဖြင့် ဆောင်ရွက်နိုင်ကြရန် ရမ်ဆာကွန်ဗင်းရှင်းအဖွဲ့ကြီးမှလည်း တိုက်တွန်းနှိုးဆော်မှုများရှိသကဲ့သို့ သက်ဆိုင်ရာ နယ်ပယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ဆက်စပ်ဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၊ ပြည်တွင်းပြည်ပအသင်းအဖွဲ့များနှင့် အပြည်ပြည်ဆိုင်ရာ အသင်းအဖွဲ့ကြီးများတို့၏ ပူးပေါင်းအားကိုရယူ၍ ဟန်ချက်ညီထိန်းသိမ်းမှုဖြင့်ဆောင်ရွက်နိုင်ကြမှသာလျှင် အရေးကြီးရေဝပ်ဒေသကြီးများ ရေရှည်တည်တံ့ပြီး ထာဝစဉ်အသုံးပြုနိုင်ကြမည်ဖြစ်ပါသည်။ သာယာဝပြောသော ကောင်းမွန်သည့် ရေဝပ်ဒေသထိန်းသိမ်းရေးလုပ်ငန်း အလေ့အကျင့်ကောင်းများ ပေါ်ထွန်းနိုင်စေရေး အပြုသဘောဆောင်သော အပြန်အလှန်ထိန်းကြောင်းမှုတို့ဖြင့် အလှာအသီးသီးတို့တွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ကြပါရန် ရေးသားတင်ပြလိုက်ရပါသည်။



PDF Compressor Free Version

# အစုအဖွဲ့ပိုင်သစ်တောအကြောင်း သိကောင်းစရာ-၂

## CF Unit

### အစုအဖွဲ့ ပိုင်သစ်တော စီမံအုပ်ချုပ်ခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း

**(၁) စီမံအုပ်ချုပ်မှုကော်မတီဖွဲ့စည်းခြင်း**

မေး။ စီမံအုပ်ချုပ်မှုကော်မတီအဖွဲ့ဝင် ဦးရေကို(၅)ဦး ထက် ပိုနိုင် လျှော့နိုင်ပါသလား။

ဖြေ။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ဆိုင်ရာ ညွှန်ကြားချက်များအရ စီမံအုပ်ချုပ်မှုကော်မတီတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့ဝင် (၂)ဦးဖြင့် အနည်းဆုံး (၅)ဦးပါဝင်ရမည်ဖြစ်ပါမည်။ အဖွဲ့ဝင် အရေအတွက်အရသော်လည်းကောင်း၊ လုပ်ငန်းလိုအပ်ချက်အရသော်လည်းကောင်း လိုအပ်လျှင် အသုံးပြုသူများအဖွဲ့သည် စီမံအုပ်ချုပ်ကော်မတီအဖွဲ့ဝင် ပိုမိုတိုးချဲ့၍ ဖွဲ့စည်းနိုင်ပါသည်။

**(၂) စီမံအုပ်ချုပ်မှုကော်မတီ၏ သက်တမ်း**

မေး။ စီမံအုပ်ချုပ်မှုကော်မတီ၏ သက်တမ်းကန့်သတ်ချက်ရှိပါသလား။

ဖြေ။ စီမံအုပ်ချုပ်မှုကော်မတီ၏ သက်တမ်း၊ ပြန်လည်ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းဆိုင်ရာညွှန်ကြားချက်များတွင် မည်သည့်ကန့်သတ်ချက်မျှဖော်ပြထားခြင်း မရှိပါ။ သို့သော်လည်း လိုအပ်လျှင် အသုံးပြုသူများအဖွဲ့သည် အသုံးပြုသူများအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် စီမံခန့်ခွဲမှုကော်မတီသက်တမ်းနှင့် ပြန်လည်ရွေးချယ်ခြင်းကို သတ်မှတ်နိုင်ပါသည်။

**(၃) စီမံအုပ်ချုပ်မှုကော်မတီ၏အဖွဲ့ဝင်ပြောင်းလဲခြင်း**

မေး။ စီမံအုပ်ချုပ်မှုကော်မတီအဖွဲ့ဝင်များကို မည်သို့ပြောင်းလဲနိုင်ပါသနည်း။

ဖြေ။ အကြောင်းအမျိုးမျိုးကြောင့် စီမံအုပ်ချုပ်မှု ကော်မတီအဖွဲ့ဝင်ပြောင်းလဲဖွဲ့စည်းရန် လိုအပ်ပါက အသုံးပြုသူများအဖွဲ့၏ အစည်းအဝေးတွင် မဲပေးခြင်း (သို့မဟုတ်)အခြားသင့်လျော်သော နည်းလမ်းဖြင့်ပြောင်းလဲရွေးချယ်နိုင်ပါသည်။

**(၄) အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ရေးဆွဲခြင်း**

မေး။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို မည်သို့ရေးဆွဲပါသနည်း။

ဖြေ။ ယေဘုယျအားဖြင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို စီမံခန့်ခွဲမှုကော်မတီအပါအဝင် အသုံးပြုသူများအဖွဲ့က သစ်တောဦးစီးဌာနမှတာဝန်ရှိပုဂ္ဂိုလ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများစသည့်ညှိနှိုင်းပေါင်းစပ်သူများ၏ အကြံဉာဏ်ကိုရယူ၍ ရေးဆွဲနိုင်ပါသည်။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် လက်ရှိသစ်တောသယံဇာတစာရင်း၊ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်၊ စိုက်ပျိုးရန်ရွေးချယ်ထားသော သစ်မျိုးများ၊ သက်ပတ် ကာလ၊ ခုတ်လှဲမည့်နည်းစနစ်၊ နှစ်စဉ်တောထွက် ထွက်ရှိနိုင်မည့်ပမာဏ၊ ပြုစုမည့်နည်းလမ်းနှင့်အကြိမ်အရေအတွက်၊ အကျိုးမြတ်ခွဲဝေပုံစသည်တို့ပါရှိရပါမည်။ အထက်တွင်ဖော်ပြထားသော အကြောင်းအရာများအားလုံးကိုစုပေါင်းဖော်ပြ၍ အသုံးပြုသူများအဖွဲ့အဖွဲ့ဝင်များအားလုံး၏ဆန္ဒဖြင့် ဖော်ထုတ်ရမည်ဖြစ်ပါသည်။

**(၅) အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ပြင်ဆင်ခြင်း**

မေး။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို မည်သည့်အချိန်တွင် မည်သို့ ပြင်ဆင်သင့်ပါသနည်း။

ဖြေ။ အသုံးပြုသူများအဖွဲ့က အရေးကြီးသောလုပ်ကိုင်မှုစနစ်ကိုပြောင်းလဲရန် လိုအပ်လာသောအခါ အသုံးပြုသူများအဖွဲ့အစည်းအဝေး၏ အတည်ပြုချက်ဖြင့် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ပြောင်းလဲနိုင်ပါသည်။ ပြင်ဆင်ထားသော အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို ခရိုင်တာဝန်ခံသစ်တောအရာရှိက အတည်ပြုပြီးမှသာလျှင် လုပ်ကိုင်မှုစနစ်ပြောင်းလဲခြင်းကို ပြုလုပ်နိုင်သည်။ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ပြောင်းလဲပြင်ဆင်ရန် လိုအပ်သည့်အကြောင်းအရာ နမူနာများမှာ မူလစီမံချက်တွင် ထုတ်လုပ်သုံးစွဲရန် မပါရှိခြင်း၊ အစုအဖွဲ့ပိုင်သစ်တောအခြေပြုစီးပွားရေးလုပ်ငန်းများ(ဥပမာ သဘာဝအခြေခံခရီးသွားလုပ်ငန်း) လုပ်ကိုင်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များဖြည့်စွက်ပြင်ဆင်ခြင်း၊ စိုက်ပျိုးမည့်သစ်မျိုးသတ်ပတ်ကာလခုတ်လှဲမည့်နည်းစနစ်၊ နှစ်စဉ်တောထွက်

ပမာဏ၊ ပြုစုမည့်နည်းနှင့် အကြိမ်အရေအတွက်၊ အကျိုး[illegible]ခွဲဝေ[illegible]ဖြင့်[illegible]စီမံချက်တွင်ဖော်ပြမထားသည့်လုပ်ငန်းများကိုဆောင်ရွက်ရန်လိုအပ်သည့်အခါခရိုင်သစ်တောအရာရှိ၏အတည်ပြုချက်ဖြင့် စီမံချက်ကိုဖြည့်စွက်ပြင်ဆင်ရန်လိုအပ်ပါသည်။

PDF Compressor Free Version

**(၆) လုပ်ငန်းတိုးတက်မှုစစ်ဆေးခြင်းနှင့် အစီရင်ခံစာတင်သွင်းခြင်း**

မေး။ အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းတိုးတက်မှုကို မည်သို့စစ်ဆေးရမည်နည်း။

ဖြေ။ အသုံးပြုသူများအဖွဲ့သည် သစ်ပင်သစ်တောစိုက်ပျိုးခြင်း၊ ပြုစုခြင်း၊ ထုတ်လုပ်ခြင်းနှင့်အကျိုးအမြတ်ခွဲဝေခြင်းစသည့်လုပ်ငန်းများကို မှတ်တမ်းတင် ဖြည့်စွက်ရမည်ဖြစ်ပြီးအစုအဖွဲ့ပိုင်သစ်တောတည်ထောင်ခြင်းလုပ်ငန်း အမှန်လုပ်ငန်းပြီးမြောက်မှုကို လုပ်ငန်းစီမံချက်တွင် ရေးဆွဲထားသောလျာထားချက်နှင့်နှိုင်းယှဉ်ပြီး သစ်တောဦးစီးဌာနနှင့်ပူးပေါင်းစစ်ဆေးမည်ဖြစ်ပြီးမြို့နယ်သစ်တောအရာရှိ/ခရိုင် သစ်တောအရာရှိတို့က သို့မဟုတ် ယင်းတို့ကိုယ်စားCF Unit အဖွဲ့တို့က (၃)လ တစ်ကြိမ် ကွင်းဆင်းစစ်ဆေးရမည်ဖြစ်သည်။ အကူအညီကိုရယူ၍ စစ်ဆေးမည်ဖြစ်သည်။ ထိုစစ်ဆေးရရှိသော တိုးတက်မှုကို နှစ်ချုပ်ပြုလုပ်၍ လုပ်ငန်းတိုးတက်မှုအစီရင်ခံစာအဖြစ်အစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏အခြေအနေကိုသတ်မှတ်ပုံစံဖြင့်ပြင်ဆင်၍ သစ်တောဦးစီးဌာနသို့တင်ပြအတည်ပြုချက်ရယူရမည်ဖြစ်သည်။ ထို့ကြောင့် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးသည်အသုံးပြုသူအဖွဲ့၏ ဆောင်ရွက်ချက်အားလုံးကိုမှတ်တမ်းတင်ထားရန်လိုအပ်သည်။

**(၇) အစုအဖွဲ့ပိုင်သစ်တောဧရိယာကို တစ်ဦးချင်းခွဲဝေချထားခြင်း**

မေး။ အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များသည် ၄င်းတို့အတွက်လုပ်ငန်းဆောင်ရွက်ရန် အစုအဖွဲ့ပိုင်သစ်တောဧရိယာကို တစ်ဦးချင်း သီးခြားခွဲဝေနိုင်ပါသလား။

ဖြေ။ အစုအဖွဲ့ပိုင်သစ်တောဧရိယာကို အဖွဲ့ဝင်တစ်ဦးချင်းစီသီးခြားခွဲဝေပေးနိုင်ပါသည်။ တစ်ဦးချင်းခွဲဝေရရှိသော အစုအဖွဲ့ပိုင်သစ်တော ဧရိယာများကိုအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် တစ်ဦးစီအတွက်စီစဉ်ဖော်ပြနိုင်ပါသည်။ မြေခွဲဝေပေး ရာတွင်မြေဧရိယာ၊ အကျယ်အဝန်းနှင့်လုပ်ကိုင်နိုင်စွမ်းပေါ်မူတည်၍ ခွဲဝေပေးနိုင်အောင်လုပ်ဆောင်ရမည်။ လက်တွေ့မြေနေရာ ခွဲဝေချထားပေးခြင်းကို အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအား ညီမျှသည့် အခွင့်အရေးကိုရရှိစေရန်မဲစနစ်ဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်းဆောင်ရွက်နိုင်သည်။ တစ်ဦးချင်း(သို့မဟုတ်) အစုအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်ခြင်း၊ အကျိုးခွဲဝေခံစားခြင်းတို့ကိုလုပ်နိုင်ရန်အတွက်မြေနေရာခွဲဝေခြင်းကို စီစဉ်ဆောင်ရွက်နိုင်သည်။ တစ်ဦးချင်းဖြစ်စေ၊ သင့်တင့်သောအဖွဲ့ခွဲများခွဲ၍ဖြစ်စေဆောင်ရွက်နိုင်သော်လည်း အစုအဖွဲ့ပိုင်သစ်တောဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာစီမံခန့်ခွဲခြင်းကိုအသုံးပြုသူအဖွဲ့ဝင်များ၏ အများဆန္ဒဖြင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ တစ်ဦးချင်းမြေ နေရာခွဲဝေပေးရာတွင် အောက်ဖော်ပြပါအချက်များကို အခြေခံ၍ လိုအပ်သလို ခွဲဝေပေးနိုင်သည်။

(က) လျှောက်ထားသည့်ဒေသ၊ ရာသီဥတုအခြေအနေ၊ မြေအမျိုးအစား၊ စိုက်ပျိုးမည့်သစ်မျိုး၊ စိုက်ပျိုး ပြုစုထိန်းသိမ်းနိုင်မှု၊

(ခ) ဒေသဆိုင်ရာ ဓလေ့ထုံးတမ်းနှင့်အစဉ်အလာအရ သတ်မှတ်ဆုံးဖြတ်ထားသည့် ဧရိယာနယ်နိမိတ် ပိုင်းခြားထားရှိမှု၊

(ဂ) အသုံးပြုသူများအဖွဲ့တွင်ပါဝင်သည့် အိမ်ထောင်စုအရေအတွက်

(ဃ) အိမ်ထောင်စုတစ်ခုချင်းစီ၏ စီမံလုပ်ကိုင်နိုင်စွမ်းအခြေအနေ

(င) ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း၏ရည်ရွယ်ချက်နှင့်အလားအလာရှိသောလုပ်ငန်းပမာဏ။

(စ) ကျွန်းနှင့်ဒေသအလိုက် တားမြစ်ထားသော သစ်မျိုးများကို ပြုစုခြင်း

မေး။ အစုအဖွဲ့ပိုင်သစ်တောဧရိယာတွင်ရှိနေသော ကျွန်းနှင့်ဒေသအလိုက် တားမြစ်ရာပါသစ်မျိုးများကို အသုံးပြုသူများအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် ပြုစုထိန်းသိမ်းပေးလျှင် အသုံးပြုခွင့်ရှိပါသလား။

ဖြေ။ အသုံးပြုခွင့်ရှိပါသည်။ ကျွန်းနှင့်ဒေသအလိုက် တားမြစ်ရာပါသစ်မျိုးများကိုအသုံးပြုသူအဖွဲ့ဝင်များကိုယ်တိုင်စိုက်ပျိုးထားကြောင်း မှတ်ပုံတင်ပြုလုပ်၍ စိုက်ပျိုးပြုစုထိန်းသိမ်းထားပါက အသုံးပြုနိုင်ပါသည်။ သဘာဝတောအတွင်း ပေါက်ရောက်သောအဖိုးတန်အပင်များကို ထိန်းသိမ်းရန်လိုအပ်မည်ဖြစ်ပြီး ထုတ်ယူသုံးစွဲခြင်းအား အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့်အညီ သစ်တောဦးစီးဌာနထံ ကြိုတင်ခွင့်ပြုချက်ရရှိမှသာဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည်

PDF Compressor Free Version



# အစိမ်းရောင်ပန်းတိုင်သို့

မင်းဇာနွယ်(အောင်လံ)

✧ လောက
ကြုံလာသမျှ စိတ်တိုင်းကျ
ချောမွေ့နေရမှာမဟုတ်ပေဘူး။

✧ ပျော်ရွှင်ခြင်း ဝမ်းနည်းခြင်း
အရောင်အဆင်းအမျိုးမျိုး
ပိုတိုးတာ လျော့နည်းတာ
ကွယ်ကာမှု ပွင့်လင်းမှု
သုခလား ဒုက္ခလား
တရားနဲ့ဆုံ မတရားနဲ့လည်းကြုံ
ဘုံသုံးဆယ့်တစ်မှာ
လူဖြစ်ရတာ တကယ်တော်ပါပေတယ်။

✧ သံသရာနယ်
ကျင်လည်နေသမျှ
ဘဝကို တန်ဖိုးရှိစွာ
လူပြည်ရွာ ကောင်းကျိုး
ထမ်းပိုးနိုင်သမျှတော့
မလျော့ကြပါစေလို့။

✧ စိမ်းလန်းတဲ့ကမ္ဘာမြေ
အပူတွေ ရှိသင့်တာထက်မပိုရအောင်
အစိမ်းရောင်စီးပွားရေးကိုတိုး
အစိမ်းရောင်ဖွံ့ဖြိုးဖို့ကိုအားထုတ်
ယခု
သင်လုပ်နေတာထက် ပိုကြိုးစားလိုက်ပါ။

✧ သစ်တောသမားတဲ့လား
တကယ့်ကို တအားဂုဏ်ယူပါတယ်
ကမ္ဘာမြေကယ်တင်မယ့်ဆေးဆရာ
အနာကိုလည်းကု
တုယူလိုက်နာနိုင်ကြဖို့
တို့မိတ်ဆွေတွေနဲ့ မျိုးဆက်သစ်တို့ကိုလည်း
ကမ္ဘာချစ်တတ်အောင်သင်ပါ
စိမ်းလန်းစွာ လူပီသမှု ပြုတတ်ကြပါစေ။

✧ လုပ်သလောက်မဖြစ်လို့တော့ စိတ်မညစ်ရ
လောက
ကြုံလာသမျှ စိတ်တိုင်းကျ
ချောမွေ့နေရမှာမဟုတ်
သင်လုပ်နိုင်သမျှ လုပ်နေကြဖို့သာအဓိက
စိမ်းလန်းရမည် လူ့ဌာနီ။



လူသားနှင့်ကမ္ဘာမြေကြား ညီညွတ်စွာ
သဟဇာတကျတဲ့ ဘဝကိုရယူပါ။

# သစ်တောစိုက်ခင်းသမားတစ်ယောက်ရဲ့ ဘဝအစိတ်အပိုင်းများ(၁၀)

PDF Compressor Free Version



အောင်ကျော်ဝိုး (၈၃)

၁၉၈၅ နှစ်စမှာ နတ္တလင်းမှ ပေါင်းတည်သို့ ပြောင်းရွှေ့နေဖို့ အကြောင်းကဖန်လာပါတော့တယ်...

ကျွန်တော်က ဦးသန်းဝင်းကိုယ်စား စိုက်ကွက် ၁–၅–၁၊ နတ္တလင်းကို ခေတ္တတာဝန်ယူရချိန်မှာ ရဲမြင့်သိန်းက ပေါင်းတည်စိုက်ကွက် ၁–၅–၂ စိုက်ကွက်မှူးတာဝန်ပေးခံရလေတော့၊ နှစ်ယောက်စလုံး တောတက်ရင် ပေါင်းတည်မြို့ကနေပဲ ကားစီးတက်ရတာမို့၊ ပေါင်းတည်မြို့စွန် သစ်တောရုံးဝင်းထဲ အသစ်ဆောက်တဲ့ အိမ်ခန်းတွဲတစ်ခန်းကို ကျွန်တော်တို့ အတူနေဖို့ အစ်ကိုကြီး ဦးသန်းလွင်က ပြောင်းရွှေ့နေထိုင်စေပါတော့တယ်။

ရဲကြီးက ရေနံချောင်း Regional College တက်စဉ်က ငယ်ရည်းစား တောင်တွင်းကြီးသူနဲ့ ၁၉၈၄ အတွင်း အိမ်ထောင်ကျပြီးပြီမို့.... ရတဲ့အိမ်ခန်းမှာ တစ်ခုတည်းသော အိပ်ခန်းကို သူ့ပေးရပြီး၊ ကိုယ်ကတော့ ရှေ့ဧည့်ခန်းနေရာ နံရံကပ်နေရာယူလိုက်ရပါတယ်။

ရဲကြီးမိန်းမကလာနေလိုက်၊ မိဘရှိရာတောင်တွင်းကြီးပြန်လိုက်မို့ ကျွန်တော်တို့ အိမ်ပြောင်းစ ရက်မှာ မရှိပါဘူး။ ပေါင်းတည်ရောက်တဲ့နေ့... အိမ်ခန်းကအသစ်၊ ရောက်စမို့ အိပ်ခန်းထဲပဲ ၃ ယောက်ဝင်အိပ်ကြပါတယ်၊ ကျွန်တော်တို့နှစ်ယောက်ရယ် ရဲကြီးက ဆွေမျိုးနီးစပ်ခေါ်ထားတဲ့ ချာတိတ်ရယ်ပါ။

သစ်တောဝင်းက ရန်ကုန်–ပြည်ကားလမ်းဘေးတင်ပါ၊ အထဲကို ပေ ၅၀၀ ကျော်လောက်တော့ဝင်ရပြီး အိမ်ကထောင့်စွန်းအိမ်ပါ၊ ကားလမ်းတစ်ဖက်မှာတော့ သစ်စက်ဝင်းကြီးရှိပြီး၊ ကိုယ့်သစ်တောရုံးဝင်ပေါက်နဲ့ မျက်စောင်းထိုးလောက်မှာ အုတ်ဂူလေးတွေ.... ကိုယ်နေရတဲ့ဝင်းကလည်း အရင်က Cemetery မြေမကင်း လို့ပြောကြလေရဲ့၊ ညအိပ်တော့ ရဲကြီးက သရဲပိုကြောက်တတ်တော့ အလယ်ကအိပ်ပါတယ်။ တစ်ခန်းလုံး ၃ ယောက်တည်းပေါ့၊ မနက်လင်းတော့ ရဲကြီး ချွေးစေးတွေပြန်လို့၊ ညက အကျီအနီနဲ့ မိန်းမတစ်ယောက် ငုံ့ပေါ်တက်လာသတဲ့....သစ်တောသမားတွေ သရဲပုံပြင်တော့ မကင်းကြပါဘူး၊ ညဖက်ဝရံတာမှာ မျက်နှာသစ်တုန်း နောက်ကနေ ပခုံးကို လာကိုင်တယ်လို့ ခံစားအခြောက်ခံရသူ၊ နောက်ပိုင်းအဖြစ်ပျက်ရှိခဲ့ပေမဲ့.... ဒို့ထက်တော့ မဆိုးခဲ့ပါဘူး.... အိမ်သစ်တက် ဆွမ်းကျွေးတရားနာလုပ်အပြီး၊ ပျောက်ကွယ်မယ်ထင်ပါတယ်၊ နောက်ပိုင်း အိမ်မှာလည်း လူများလာလို့ သရဲပြေးရမဲ့အခြေအနေပါ။

၁၉၈၅ နှစ်စမို့ 1984 Forestry ဆင်းကိုအေးသန်းနဲ့ကျွန်းသီးလို့ခေါ်ကြတဲ့ကိုခင်ဇော်တို့ပေါင်းတည်စိုက်ကွက်တွေကိုရောက်လာကြပါတယ်၊ ကျွန်းသီး ခင်ဇော်လို့ ဘာကြောင့်ခေါ်မှန်း 84 batch ကလူတွေသိပါမယ်၊ ကျွန်တော်တို့အတန်းမှာတော့.... သူငယ်ချင်းတစ်ယောက်ကိုဆရာက "ကျွန်းသီး ဘယ်လောက်ကြီးမယ်ထင်လဲကွ" မေးတာကို"အုတ်သျှစ်သီးလောက်တော့ ရှိမယ်ထင်တယ်ဆရာ" ဖြေလို့ ရယ်ပွဲဖြစ်ခဲ့ဖူးပါတယ်။

PDF Compressor Free Version

အနီးက ရွှေတောင်စိုက်ကွက်မှာလည်း ကိုမြင့်ဟန် ရောက်လာ ၈၃ ကိုထွန်းမင်းလွင်ရောက်လာမှ ပြည်ခြမ်းဘက်လည်း လူအုပ်စုတောင့်လာပြီး၊ ပြည်မြို့ကို အရောက်အပေါက်ပိုများလာခဲ့ပါတယ်။

၁၉၈၅ ထဲမှာ အစ်ကိုဦးသန်းဝင်းကလည်း Agri ဆင်းဖြစ်သူဇနီးက နတ္တလင်းကို အလုပ်ပြောင်းလျှောက်ပြီး အစ်ကို ဦးသန်းဝင်းမိသားစု ဇီးကုန်းကနေ နတ္တလင်းကို ပြောင်းနေကြပါတယ်၊ အစ်ကိုက ခြေထောက်ဒဏ်ရာကြောင့် ....တောထဲ မဆင်းနိုင်သေးတာကြောင့် ၁၉၈၅ April လကုန်၊ ကျွန်းခွေလုပ်ငန်းပြီးချိန်အထိ ကိုယ်ပဲဦးဆောင်တာဝန်ယူရတာ၊ လူပင်ပန်း စိတ်ပင်ပန်းပေမဲ့ အလုပ်ကိုယုံယုံကြည်ကြည်လုပ်နိုင်တဲ့ အတွေ့အကြုံကောင်း တစ်ခုတော့ရခဲ့ပါတယ်။

အစ်ကိုကြီးဦးသန်းလွင် စိတ်တိုတဲ့အခါ အဆူခံလိုက်၊ “ညီလေးတို့ အစ်ကိုကြီးလာတာမကြောက်နဲ့... မင်းတို့လိုတာဖြည့်ပေးဖို့၊ သင်ပေးဖို့”လို့ ညင်ညင်သာသာရှိလိုက်၊အစည်းအဝေးတက်လိုက်၊ တောဆင်းလိုက်နဲ့ပဲစိုက်ခင်းပညာ နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရရှိခဲ့ရပါတော့တယ်။

၁၉၈၅ မှာလက်ဝါးကြီးဖက် စိုက်ခင်းပြောင်းတော့ အရင် တောင်ညိုကိုသွားရသလို ၁၅ မိုင်တော့ လမ်းမလျှောက်ရတော့ပါဘူး၊ ကြို့ပင်အိုင်ကနေ ၇ မိုင်ကျော်လောက်လျှောက်ရပေမဲ့ သစ်တောသမားတွေ အဖို့တော့ easy-going ပါပဲ။ ရဲမြင့်သိန်းက ကြို့ပင်အိုင်မှာ စခန်းထိုင်တာမို့ တည်းခိုလို့ ရသွားတာကြောင့် ပထမဆုံးနှစ်ထက်စာရင် သွားလာရေးပိုလို့ အဆင်ပြေသွားပါတယ်၊ နောက်တစ်ခုက ကြို့ပင်အိုင် သစ်ထုတ်ရေးစခန်းက သစ်အုပ်ဦးအေးထွန်းနဲ့ပါ ရင်းနှီးလာကြတာမို့ မြို့တက်ရင် သစ်ထုတ်ရေးကား ခေါင်းခန်းကပါ...သူ့ကျေးဇူးနဲ့ လိုက်လို့ရတာကြောင့် ပိုလို့အဆင်ပြေခဲ့ပါတယ်။

ပေါင်းတည်မြို့ ဘုရားကြီးလမ်းမှာ ထိုစဉ်က အောင်မိုး အမည်ရ စားသောက်ဆိုင်ရှိပြီး၊နောင်သောအခါ ကျွန်တော်တို့ရဲ့အကြွေးရ၊ အလွန်သည်းခံတတ်တဲ့ဆိုင် အဖြစ် ရောက်ရှိခဲ့ပါတယ်၊

ဆိုင်ရှင်ရဲ့သားကိုမြင့်သောင်းက သဘောကောင်းပြီး ဌာနဆိုင်ရာများရဲ့မိတ်လည်းဖြစ်ပါတယ်၊ သူက အဓိကဆိုင်တာဝန်တွေလုပ်တာဖြစ်ပြီး၊ နောက်တော့ သဲကြီးမဲကြီးနာမည်ပေးခဲ့ပြန်ပြီး၊ နောင်သောအခါ ဆိုင်ခွဲထွက်လို့ တစ်ရွာသူ နာမည်ပေးပြန်ပါတယ်၊ အစဉ်အဆက် အားပေးစားသောက်သူများတဲ့ဆိုင်ပါ၊ ကျွန်တော်နဲ့ ရဲကြီးကစလို့ ကိုတက်တိုး၊ ကိုခင်မောင်ညွန့်တို့နေတဲ့ ၁၉၉၀ ကာလများအထိ သစ်တောအဖွဲ့အားပေးရာဆိုင်ဖြစ်ခဲ့ပါတယ်။

အဲ့ဒီဆိုင်ကနေ ၅ ဆိုင်ခန့် အကွာမှာတော့ စကားပြောကောင်း၊ ဈေးရောင်းကောင်း၊ ရုပ်ချောချော တရုတ်မလေး နှစ်ယောက်ရှိတဲ့ နန်အန်တောင်ဆိုတဲ့ ပုလင်းအပါ ကုန်မျိုးစုံရောင်းဆိုင်ကြီးတစ်ခုရှိပါတယ်။ ဘယ်သူတွေ အဝယ်သွားကြတယ် 85, 86 ဆင်း ညီအစ်ကိုများ ပေါင်းတည်ရောက်လာချိန် ရှေးခေတ် ဗိုလ်တဲနေရာမှာပဲ စခန်းဆောက်၊ လက်ဝါးကြီးထောင်ပြတယ်.. ရာဇဝင်ရှိတဲ့ fall အောက်က ရေအိုင်ထဲမှာ ရေချိုး....နေရာကလည်း ကေ ၈၀၀ ရဲ့ အလယ်ဗဟိုလောက်မှာရှိတာမို့ သွားလာရအဆင်ပြေ၊ မြို့ပြန်ရင်လည်း ၇ မိုင်ကျော်လျှောက်ရင် ကြို့ပင်အိုင်ရောက်၊ သူငယ်ချင်းရဲကြီး စခန်းရှိနေလို့ အသွားအပြန် အဲ့ဒီမှာ ညအိပ်ပြီးမှ ခရီးဆက်ရတာမို့ ၁၉၈၅ ဟာ အလုပ်ဝင်စ ၁၉၈၄ ထက်စာရင် သက်သောင့်သက်သာရှိလာပါတယ်၊ စိုက်ခင်းပညာလည်း တစ်နှစ်အတွေ့အကြုံရပြီးမို့ လုပ်ငန်းစဉ်တွေကို ပိုစနစ်ကျအောင် စီစဉ်ခဲ့နိုင်ပေမဲ့ ကေ ၈၀၀ ....ကျွန်းပင်ပေါင်း ၄၈၀၀၀၀ target ထားရှင်သန်အောင် လုပ်ရတာမို့ လွယ်လွယ်ကူကူမဟုတ်ပဲ အားစိုက်ခဲ့ရပါတယ်၊ ယာခုတ်ချိန် ကျွန်းခွေချိန်တွေမှာ ကျွန်တော်တို့ ဇာတ်လိုက်ကြီး ဦးရွှေဗျိုင်းမိသားစု၊ သူ့နှမ ဒေါ်တင်ဝင်းနဲ့ ကျားကိုရှိန်နဲ့ သမီးတွေ၊ စိမ်ရေအိုးအထည့်ကောင်းတဲ့ ဦးလေးဦးချစ်လှိုင်အပါ ယာသမားမိသားစုတွေပါ စခန်းနား တဲတန်းရှည်ထိုး လာနေကြလို့ မပျင်းရအစားအသောက်အမြည်းတို့လည်း ပေါခဲ့ရပါတယ်။

အချို့ကလည်း စခန်းနေရာက အနည်းငယ်သာဝေးတဲ့ ရှေ့ကအပိုင်းတွေမှာ ဖော်ပြပြီးဖြစ်တဲ့ ကုလားကုက္ကိုပင်တန်းကြီးရှိတဲ့ ရွာဖိုးမှာ တဲထိုးနေကြမို့ ဆောင်းနဲ့နွေရာသီက ပျော်စရာပါ။

ယာခုတ် မီးရှို့ပြီးချိန်နဲ့ ကျွန်းခွေချိန်အတွင်းမှာတော့ ယာသမားတွေက သူတို့ယာကွက်တွေရှိရာ ပြောင်းရွှေ့သွားကြတာမို့ စခန်းနား လူသူအလှမ်းဝေးသွားပါတယ်။ စခန်းကနေ အနီးဆုံးရွာက ၃ မိုင်ကျော်ဝေးတဲ့ စဉ်ကလေးရွာနဲ့ ၄ မိုင်လောက်ဝေးတဲ့ ကွင်းကျယ်ရွာတို့ဖြစ်ပါတယ်၊ ကျွန်းခွေချိန် သစ်ပင်တွေမြင်ကွင်းက ရှင်းသွားချိန်မှာတော့ အလုပ်ဝင်စက အချစ်ဦးကို ဘွားကနဲလှမ်းမြင် အဝေးကငေးလွမ်းရပါတော့တယ်၊ အဲ့ဒါက ၁၉၈၄ တောင်ညိုကြိုးဝိုင်းနေစဉ်က မြင်နေကြ တောင်အလှနှစ်ခုဖြစ်တဲ့ စောဖြူတောင်နဲ့ တောင်ညိုတောင်ကို စခန်းကနေ လှမ်းမြင်နေရတာပါပဲ၊ မိုးတွင်းဆို မိုးရွာအပြီး တောင်ခိုးတွေဝေနေတဲ့ တောင်ရဲ့အလှကလည်း သစ်တောသမားရဲ့ မျက်စိထဲစွဲခဲ့တဲ့ သဘာဝအလှတွေပဲ ဖြစ်ပါတော့တယ်၊

ယခင်ဖော်ပြခဲ့သလို ၁၉၈၅ က လက်ဝါးကြီး

တစ်နေ့ရာတည်းမှာ စိုက်ခင်း ၈၀၀ ဧကမို့ တစ်မြို့နယ်လုံးက ဝန်ထမ်းတွေ စုစည်းတာမို့ စိုက်ကွက်လက်ထောက် ၃ ယောက်၊ တောခေါင်း(စိုက်ခင်း)က ၈ ယောက်ခန့်၊ စခန်းစောင့် ထမင်းချက်အကူတို့က ၅ ယောက်လောက်မို့ စခန်းမှာ တပျော်တပါးပါပဲ၊ တောခေါင်းတွေကို ဧက ၁၀၀ စီ တာဝန်ပေး၊ အပေါ်က ၄၀၀ စီ ၂ ပိုင်းကို စိုက်ကွက်လက်ထောက် (ကျောင်းဆင်း တောခေါင်း) နှစ်ယောက်က တာဝန်ယူစေပြီး၊ ၈၀၀ စလုံးအတွက် ကိုယ်က ကွင်းဆင်းတာဝန်ယူ၊ အပေါ်က ဦးသန်းဝင်းပေါ့၊ ထိုခေတ်က ဖွဲ့စည်းပုံအရ သစ်တောကျောင်း ၂ နှစ်ဆင်းပြီးရင် တောအုပ်တန်းမရသေးပဲ ကျောင်းဆင်းတောခေါင်းလို့သတ်မှတ်ပြီး တောအုပ်ဖြစ်ဖို့ ရာထူးလစ်လပ်မှု စောင့်ကြရပါတယ်။

အစ်ကိုဦးသန်းဝင်းက ခြေထောက်ဒဏ်ရာကြောင့်ရော ကိုယ့်အပေါ်လုပ်ငန်းအတွက်တာဝန်ယူတာ စိတ်ချယုံကြည်မှုကြောင့်ရော ၁၉၈၅ အတွင်း မိုးရာသီမှာ တစ်ခါတရံသာ လာဖြစ်တာမို့ တောတွင်းစိုက်ခင်းလုပ်ငန်းတွေကို ကိုယ်ကပဲကြီးကြပ်စီစဉ်ရပါတယ်။

တောထဲမှာ မိုးတွင်းတောတက်ရင် ရှေ့အပိုင်းမှာ ဖော်ပြခဲ့တဲ့ တရုတ်မလေးတွေရဲ့ နန်အန်တောင်ကနေ Army Rum ၃ ပုလင်းဝယ်၊ သစ်တောသမားရဲ့ တောခေါင်ခေါင်အလယ်ကစခန်းမှာ တစ်နေကုန်ပင်ပန်းပြီး ညဖျော်ဖြေမှုကဒါပဲရှိပါတယ်။ အဖော်တွေက ၁၉၈၃ သစ်တောကျောင်းဆင်း ကိုအေးချိုနဲ့ ကိုသိန်းလွင်၊ Inventory က volunteer လာတဲ့ သိမ်းမင်းကြီး၊ စိုးမြင့်၊ သန်းဦး၊ မြင့်လွင်၊ တင်ထွန်း၊ ခင်ဆွေ၊ ကိုမောင်ကြိုင်အစရှိတဲ့ တောခေါင်းတွေ (အချို့လည်းမေ့)၊ မျိုးလွင်၊ ထွန်းရွှေ၊ သောင်းလွင်၊ မောင်ချို အစရှိတဲ့အကူတွေ၊ သစ်တောသမားတိုင်း အရက်သောက်တယ်တော့ မထင်ပါနဲ့ဗျ။ တမတ်ဒေါင်း ပိုကာဆွဲချင်တဲ့ ဂဏန်းပေါင်းသမားများလည်းပါပါသေးတယ်၊ လာခွင့်တောင်းရင် ည ၁၀ နာရီမတိုင်ခင် ဝိုင်းသိမ်း ၁၀ နာရီအိပ်ရမယ် သတ်မှတ်ခွင့်ပြုပေးရပါတယ်။ ဒီဘက်ကကြိုက်တတ်သူများဝိုင်းမှာတော့ ဖျော်ဖြေ၊ ဟာသ ခေါင်းဆောင်က ဇီးကုန်းက ကိုအေးချိုပါ၊ သူက ဇာတ်ပျက်သမား၊ ဇီးကုန်းတန်ဆောင်တိုင်ပွဲတွေမှာ ဇာတ်စင်ပေါ်တက်နေကြ၊ သူ့ရဲ့ ဟာသသရုပ်ဆောင်ပြမှုတွေ၊ ဝင်းဦး acting လုပ်ပြမှုတွေက တသောသောရီကြရသလို၊ ကိုသိန်းလွင်ကလည်း ခပ်တည်တည်နဲ့ ဟာသအရွှန်းဖောက်တတ်သူပါ၊ ကိုအေးချိုနဲ့ ကိုသိန်းလွင်က သူငယ်ချင်းတွေမို့ သူတို့အချင်းချင်း အောက်ဖဲလှန်ကြမခံချင်အောင်ပြောကြ၊ စတာတွေကလည်း ရီစရာပါ။

ကျွန်တော်တို့အားလုံး ည စခန်းဝရံတာကျယ်မှာ စားပွဲတန်းလျားတွေမှာ အတူတူထိုင် အတူတူဝိုင်းဖွဲ့ ပျော်ပျော်ဖြတ်သန်း ညစာစားကြ....နှစ်ခြိုက်စွာအိပ်ကြ၊ တောစခန်းတစ်ခုရဲ့ ပျော်စရာရှုဖြတ်သန်းမှုညများ ရေးရင်းလွမ်းစရာပါပဲ၊ ပိုလို့လွမ်းစရာက အထက်ရေးခဲ့တဲ့ ဝန်ထမ်းတွေထဲက မြင့်လွင်၊ မောင်ချို၊ ထွန်းရွှေ၊ သောင်းလွင်နဲ့ကိုယ်က လွဲလို့ ကျန်သူများအားလုံး ကွယ်လွန်သွားကြရှာပါပြီ....သစ်တောသမားဘဝ ပင်ပန်းရသလောက် အသက်ရှည်ရှည်မနေကြရရှာ။

စိုက်ခင်းမှာ နေ့စဉ် နံနက် ၆ နာရီထက်နောက်မကျပဲထ၊ breakfast စား၊ ၇ နာရီဆိုစခန်းကနေ စထွက်ရအောင် စီစဉ်ရပါတယ်။ လွယ်လွယ်ကူကူတော့မဟုတ်ပါ။ ကျွန်းစေ့စိုက်ထားလား လိုက်စစ်ဆေးရ၊ ပေါက်လာချိန် ပင်ပူးခွာကြ၊ ပေါင်းပြောင်အောင်ပြောရ၊ စခန်းရှေ့မြေကွက်လပ်မှာ ၄ ပေ× ၄၀ ပေ မြေဘောင် ၈၀ ကို အ မြင့် ၁ ပေ မြေဆွေးဖြည့်ပျိုးထားရပါသေးတယ်၊ သစ်ပင် ဖာထေးချိန် ကျွန်းပင်မပေါက်တဲ့ ပန္နက်တိုင်တွေမှာ အပင်ပေါက် မြေလုံးလိုက်ယူလို့ ဖာထေးစိုက်ပျိုးရအောင်ပါ။

၁၉၈၅ မိုးတွင်း စိုက်ခင်းအောင်မြင်အောင် ဘယ်လိုတွေရုန်းကန်ရတာကို ဆက်လက်ရေးသားဖော်ပြသွားပါမယ်။ ပေါင်းတည်အကြောင်း အလှည့်ပေးရရင် ကျွန်တော်တို့ ပေါင်းတည်မြို့စွန်က အိမ်ကြီးနေစ ရဲမြင့်သိန်းရဲ့ ဇနီးက ခဏလိုက်လာတော့ ကိုယ်ဝန်ရှိနေပါပြီ၊ အိမ်ထောင်မှုဝတ္တရားကျေ သဘောကောင်းသူပါ၊ february လရဲ့ တစ်ရက်မှာ ကျွန်တော် ရဲမြင့်သိန်းနဲ့အတူ တောကတက်လာပါတယ်။ သူ့မိန်းမက မီးဖွားဖို့ တောင်တွင်းကြီးပြန်သွားပါပြီ၊ တပည့်တွေနဲ့ ထုံးစံအတိုင်း အောင်မိုးစားသောက်ဆိုင်ဝင် beer လေးသောက် ဟင်းစောင့်ချိန်၊ ရဲကြီးရဲ့တပည့် တစ်ယောက်ပေါ်လာ၊ exchange ကဖုန်းလာနေတယ်ပြောပါတယ်၊ ထိုအခါက auto ဖုန်းတောင် ပြည်မှာပဲရှိတာပါ၊ နယ်မြို့တွေက exchange က ကြိုးဖုန်းကြီးတွေသာ အားကိုးပြောရချိန်၊ "မွေးပြီထင်တယ်ကွ" "ငါ ဆိုက်ကားနဲ့ သွားကြည့်လိုက်မယ်" နာရီဝက်လောက်ကြာ ရဲကြီးပြန်ရောက်လာတော့ တကိုယ်လုံးတုန်ရီနေပြီး–

'ဗိုလ်စိုး စန္ဒာအေး မရှိတော့ဘူးကွ'

'ဘာ'

မှတ်မိနေတယ်။

အဲဒီနေ့ 21st February 1985။

*ဆက်လက်ဖော်ပြပါမည်*

PDF Compressor Free Version

# အံ့ဩဖွယ် သစ်ပင်ကြီးများအကြောင်း

PDF Compressor Free Version

သစ်တောကြေးမုံ

ဦးဟုတ်လင်း



သစ်ပင်သည် သက်ရှိတစ်မျိုးဖြစ်သည်။ အကြောင်း မှုကား သစ်ပင်သည်အစာစားသည်။ တစ်နေ့တစ်ခြား ထွားကြိုင်းကြီးမားသည်။ မျိုးဆက်ပျောက်ကွယ်မသွားစေရန် ပေါက်ပွားပေးသည်။ အစေ့များမှ အပင်ဖြစ်လာပြီးနောက်တွင် သစ်ပင်တစ်ပင် ရှင်သန်ကြီးထွားရန်အတွက် လိုအပ်သောအချက်များရှိပါသည်။ ယင်းအချက်များနှင့် ပြည့်စုံနိုင်အောင် အပင်အစိတ်အပိုင်းများက တာဝန်အသီးသီးယူကာ ဆောင်ရွက်ကြရသည်။ လူနှင့်တိရစ္ဆာန်တို့သည် အစာအဟာရ မှီဝဲရမှ ကြီးထွားနိုင်သကဲ့သို့ သစ်ပင်များသည်လည်း မြေဩဇာကို စားသုံးရမှ ရှင်သန်နိုင်ကြရာ မြေဩဇာလိုအပ်ခြင်းသည် ပထမအချက်ဖြစ်သည်။ ဒုတိယလိုအပ်သောအချက်သည် ရေဖြစ်ရာ လူတိရစ္ဆာန်စသည့် သက်ရှိသတ္တဝါတို့သည် ရေမသောက်ရလျှင် အသက်သေနိုင်ကြသကဲ့သို့ သစ်ပင်များလည်း ရေမသောက်ရလျှင် အသက်သေနိုင်သည်။ လေသည် သစ်ပင်များ ရှင်သန်ကြီးထွားရန် တတိယလို-အပ်သောအချက်ဖြစ်သည်။

လူတို့သည် လေထဲတွင်ပါဝင်သော အောက်စီဂျင်ဓာတ်ရမှသာလျှင် အသက်ရှင်နိုင်သည်။ သစ်ပင်များအတွက် စတုတ္ထလိုအပ်သောအချက်သည် နေရောင်ခြည် အပူရှိန်ဖြစ်သည်။ သဘာဝလောကကြီးတွင် အကြီးမားဆုံးသောအင်အားသည် တိုးပွားခြင်းပင်ဖြစ်သည်။ အင်အားအတွက် အကောင်းဆုံးသော ဥပမာကား သစ်ပင်၏တိုးပွားခြင်းပင်ဖြစ်သည်။ အလွန်သေးငယ်ပြီး ဂရုမပြုလောက်သော သစ်စေ့မှပေါက်ပွားလာပြီး ကျောက်-တုံးကျောက်ခဲများကိုလည်း ခွဲစိတ်ဖောက်ထွင်းသွားနိုင်သည်။ ကောင်းကင်အမြင့်သို့လည်း ဥပမာ အမေရိကန်ပြည်ထောင်စုရှိ သစ်နီပင်ခေါ် ဆီကွိုင်းယားပင်ကြီးများသည် အမြင့်ပေ ၃၀၀ ကျော်ရောက်အောင် ထိုးထွက်နိုင်ပေသည်။

စာမျက်နှာ (၁၀) သို့